# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ ဧပြီ ၁၃ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၉၅)


## တပ်မက်မှုကို စွန့်လွှတ်

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကို အလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာ ဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်း မရှိ။

**ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

## လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီအခွင့်အရေးတို့သည် ကျွဲကူး ရေပါသလို ရရှိပြီးဖြစ်

**နေပြည်တော် ဧပြီ ၁၂**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပါကြောင်း၊ အဆိုပါ အချက်များမှ တစ်စုံတစ်ခုကို ချိုးဖောက်ခြင်းခံရပါက အခြားအချက်များကို ချိုးဖောက်ခံရသည်နှင့် တူညီပါကြောင်း၊ လူ့အခွင့်အရေးသည် နက်နဲကျယ်ပြန့်ပါကြောင်း၊ နိုင်ငံသားများ၏ မူလလူ့အခွင့်အရေးသည် မည်သူတစ်ဦးတစ်ယောက်က ပေးသည့်အခွင့်အရေးများ မဟုတ်ဘဲ မွေးရာပါ အခွင့်အရေးများပင်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်အချို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ တရားရုံးများလက်စွဲနှင့် တည်ဆဲဥပဒေတို့တွင် ပါရှိပြီးဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီအခွင့်အရေးတို့သည် ကျွဲကူး ရေပါသလို ရရှိပြီး ဖြစ်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# သင်္ကြန်ပွဲဆင်နွှဲမည့်ခရီးသည်များ လိုက်ပါလာသော အပျော်စီးသင်္ဘောကြီး သီလဝါသို့ ဆိုက်ကပ်

**ရန်ကုန် ဧပြီ ၁၂**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု၊ Myanmar International Tourism Co.,Ltd. ၏စီစဉ်မှုဖြင့် အမေရိကန်နိုင်ငံအခြေစိုက် Azamara Club Cruise ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး MS Azamara Journey သည် စင်ကာပူနိုင်ငံ စင်ကာပူဆိပ်ကမ်းမှ တစ်ဆင့် မြန်မာအင်တီဂရိတ်တက်လီမိတက်ဆိပ်ကမ်းသို့ ယနေ့ နံနက် ၁၁ နာရီခွဲတွင် ဆိုက်ကပ်လာရာ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုခဲ့ကြသည်။

အဆိုပါသင်္ဘောပေါ်တွင် အမေရိကန်၊ ဩစတြေးလျား၊ ဥရောပနိုင်ငံသားများပါဝင်သော ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၆၃၀ နှင့် သင်္ဘောဝန်ထမ်း ၄၀၄ ဦးခန့် လိုက်ပါလာခဲ့သည်။ ခရီးသည်များအားလုံးသည် ဧပြီ ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် မြန်မာအင်တီဂရိတ်တက်လီမိတက်ဆိပ်ကမ်း (MIPL Thilawa) မှ MS Azamara Journey သင်္ဘောကြီးနှင့်အတူ သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းသို့ ခရီးဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အပျော်စီးသင်္ဘောဖြင့် လိုက်ပါလာကြသော နိုင်ငံပေါင်း ၃၀ ကျော်မှ ကမ္ဘာလှည့်ခရီးသည် ၆၀၀ ကျော်သည်

*စာမျက်နှာ ၃ ကော်လံ ၄* ❒

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် ဧပြီ ၁၂**

ချောက်မြို့၊ မကွေးမြို့၊ ဘော်လခဲမြို့နှင့်သိမ်ဇရပ်မြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီနှင့် နေပြည်တော်(ရေဆင်း)၊ပျဉ်းမနားမြို့၊ ညောင်ဦးမြို့၊ မင်းဘူးမြို့၊အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဆင်ဖြူကျွန်းမြို့၊ တောင်ငူမြို့၊ညောင်လေးပင်မြို့၊ ဖြူးမြို့၊ ကြို့ပင်ကောက်မြို့၊ မှော်ဘီမြို့၊ ဟင်္သာတမြို့၊ ဇလွန်မြို့၊ ဘားအံမြို့၊ ကော့ကရိတ်မြို့နှင့် မော်လမြိုင်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**




မြန်မာ့အလင်း

# မြန်မာ့သစ်သီးဝလံ စိုက်ပျိုးရေးကဏ္ဍ

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးအပေါ် အားပြုရသော ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ မြန်မာနိုင်ငံသည် နှစ်ပေါင်း ၇၀ အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန်သုံးသန်းအထိ တင်ပို့နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် အားတက်စရာသတင်းကောင်းတစ်ရပ် ဖြစ်ပါသည်။ သို့သော် တစ်ဖက်၌လည်း မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ရေးအတွက် အရေးတယူ ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာရပ်တို့ ရှိနေသည်ကိုလည်း သတိပြုမိပါသည်။

ဤသည်မှာ လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံက သစ်သီးဝလံတို့ကို ပြည်ပနိုင်ငံများမှ ပို၍ ပို၍ တင်သွင်းလာနေရခြင်း ဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကိန်းဂဏန်းတို့အရ မြန်မာနိုင်ငံသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ ပြည်ပနိုင်ငံတို့မှ သစ်သီးဝလံတို့ကို အမေရိကန်ဒေါ်လာ သန်း ၃၀ ဖိုးခန့် တင်သွင်းခဲ့ပါသည်။ ဤကိန်းဂဏန်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ အမေရိကန်ဒေါ်လာ ၄၄ သန်းအထိ မြင့်တက်လာခဲ့ပါသည်။ ကမ္ဘာ့အနှံ့က ပြည်သူတို့က မြန်မာနိုင်ငံ၌ အကြောင်းအမျိုးမျိုးဖြင့် လာရောက်အလုပ်လုပ်ကိုင်နေကြရသော ပစ္စုပ္ပန်ကာလ၌ ဈေးကွက်လိုအပ်ချက်အရ သစ်သီးဝလံတို့ကို ပြည်ပနိုင်ငံတို့မှ တင်သွင်းရခြင်းသည် ရှောင်လွှဲ၍မရသောကိစ္စရပ်ဖြစ်ပါသည်။ သို့သော် ပြည်ပနိုင်ငံတို့မှ တင်သွင်းနေရသော သစ်သီးဝလံတို့တွင် မြန်မာနိုင်ငံ၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေသည့် ပန်းသီး၊ သရက်သီးနှင့် နဂါးမောက်ကဲ့သို့သော သစ်သီးဝလံတို့ ပါဝင်နေခြင်းကိုမူ အလေးအနက်ထား သုံးသပ်သင့်ပါသည်။

သတင်းမီဒီယာဖော်ပြချက်တို့အရ ထိုင်းနိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်၍ ပြည်တွင်းဈေးကွက်သို့ ရောက်ရှိလာသော ရုံးပတီသီးတို့ကို မြန်မာနိုင်ငံထွက် ရုံးပတီသီးတို့က ယှဉ်ပြိုင်ရောင်းချနိုင်စွမ်းမရှိ။ အလားတူပင် မြန်မာနိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်သည့် မုန်လာဥနီတို့သည် တရုတ်နိုင်ငံ၌ စိုက်ပျိုးထုတ်လုပ်၍ မြန်မာ့ဈေးကွက်သို့ ရောက်ရှိလာသော မုန်လာဥနီတို့ကို ယှဉ်ပြိုင်ရောင်းချနိုင်စွမ်းမရှိ။ ပြည်သူလူထု၏ နေ့စဉ်ဘဝ၌ အရေးပါသည့် ဤသို့သော သစ်သီးဝလံတို့ကို မြန်မာ့စိုက်ပျိုးရေးကဏ္ဍက အိမ်နီးချင်းနိုင်ငံတို့နှင့် ယှဉ်ပြိုင်စိုက်ပျိုးရောင်းချနိုင်စွမ်း အားပျော့နေသည်ဟူသောအချက်မှာ အလေးအနက်ထား သုံးသပ်ရမည့်အချက်ဟု ယူဆပါသည်။ အခြေခံအားဖြင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူတို့သည် နည်းပညာနှင့် အရင်းအနှီးပမာဏကွာဟမှုတို့ကြောင့် ပြည်ပစိုက်ပျိုးထုတ်လုပ်သူတို့နှင့် ယှဉ်ပြိုင်ရောင်းချနိုင်စွမ်း အားပျော့နေခြင်း ဖြစ်ပါသည်။ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူတို့၏ နည်းပညာနှင့် အရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းတို့က မဟာဗျူဟာချမှတ်၍ ပံ့ပိုးကူညီမှုပေးရန်လိုအပ်သကဲ့သို့ ပြည်ပမှ ပြည်တွင်းသို့ ဝင်ရောက်လာသော သစ်သီးဝလံတို့ကို ဥပဒေနှင့်အညီ စစ်ဆေးခြင်းနှင့်အတူ ရသင့်ရထိုက်သော အခွန်အကောက်တို့ကောက်ခံခြင်းကိုလည်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။ သို့မှသာ ပြည်တွင်း သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သူတို့အတွက် မျှတသောဈေးကွက်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ လူထုအစိုးရသစ်က ဦးဆောင်ရေးဆွဲလျက်ရှိသည့် ရေရှည်တည်တံ့ခိုင်မြဲဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၌ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သူတို့၏ လိုအပ်ချက်တို့ကို ထည့်သွင်းရေးဆွဲမည်ဟု ယုံကြည်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကိုရီးယားနိုင်ငံသံအမတ်ကြီးအားတွေ့ဆုံ



**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကိုရီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Sang-hwa အား မေ ၁၀ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) ၏ ကူညီမှုဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ကိုရီးယားသမ္မတနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ဥပဒေသတင်းအချက်အလက်စနစ် တည်ထောင်ရေးစီမံကိန်းကို ၂၀၁၈ ခုနှစ် ဇွန်လအတွင်း စတင်ထုတ်လွှင့်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးမှု တိုးတက်ကောင်းမွန်လာရေးအတွက် ဥပဒေအသိပညာပေးလုပ်ငန်း၏ အရေးပါမှုနှင့် ဆောင်ရွက်မည့်အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများတွင် နည်းပညာဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ အခြားဥပဒေရေးရာနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး စသည်တို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့တွင် တောင်သူမျိုးစေ့သန့်စင်စက် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ပြည် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန လက်ခုပ်ပင်စခန်းနယ်မြေတွင် မေ ၈ ရက်က တောင်သူ မျိုးစေ့သန့်စင်စက် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးအောင်ဇော်နိုင်က စိုက်ပျိုးထုတ်လုပ်ရရှိသည့် မျိုးစေ့များမှာ မျိုးကောင်းမျိုးသန့်ဖြစ်ရုံနှင့် မပြီးဘဲ သန့်စင်ရန် လိုအပ်ကြောင်း၊ ဒေသအလိုက် စိုက်ပျိုးထွက်ရှိလာသည့် မျိုးစေ့များအား စံချိန်စံညွှန်းမီစေရေးအတွက် မျိုးစေ့သန့်စင်ခြင်းမဖြစ်မနေဆောင်ရွက်နိုင်ရန် မျိုးစေ့သန့်စင်စက်များကို ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်က မျိုးစေ့သန့်စင်စက်များ ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တက်ရောက်လာသူများက မြေ၊ မျိုးနှင့် ပိုးပြခန်းများနှင့် တောင်သူမျိုးစေ့သန့်စင်စက် ဖွင့်လှစ်မောင်းနှင်ပြသမှုကို ကြည့်ရှုခဲ့ကြသည်။

တောင်သူလယ်သမားများအနေဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးထွက်ရှိလာသည့် မျိုးစေ့များကို အရည်အသွေးပြည့်မီသောမျိုးစေ့အဆင့်အထိ ရောက်ရှိရန်အတွက် မျိုးစေ့သန့်စင်စက်များတွင် လာရောက်သန့်စင်ပြီးမှ အသုံးပြုရန်လိုအပ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းအသိပညာပေး

**မှော်ဘီ မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာအုပ်စု မြိုင်သာယာရပ်ကွက် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ မှော်ဘီရဲစခန်း နယ်ထိန်း ရဲတပ်ကြပ်ဟန်ထွန်းက သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ မှုခင်းအသိပညာပေးပွဲကို မေ ၁၀ ရက်က ဟောပြောခဲ့ကြောင်း သိရသည်။

**အေကေလင်း**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၂-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၃၀/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၂၈ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၁ ・၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ ・၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၄၀ ・၀ |
| ထိုင်း | တစ်ဘတ် | ၄၂ ・၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・၄ |
| တရုတ် | တစ်ယွမ် | ၂၁၁ ・၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၃ ・၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန**

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

**ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လှိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့အနေနဲ့ ကျွန်တော်တို့ တွေ့ကြုံခဲ့ရတဲ့ အတိတ်က အဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရား ကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်

**ကျွန်မတို့ အစိုးရရဲ့နိုင်ငံ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင်စေဖို့ ပူးပေါင်းပြီး ကူညီပေးခဲ့၊ ပေးနေဆဲဖြစ်တဲ့၊ ပြည်တွင်း၊ ပြည်ပမိတ်ဆွေများ၊ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များ အားလုံးနဲ့၊ အထူးသဖြင့် နားလည်မှု၊ စာနာမှုနဲ့ ထောက်ခံအားပေးကြတဲ့ ပြည်သူ ပြည်သားများအားလုံးကို ကျေးဇူးတင်ကြောင်း အလေးအနက် ပြောပါရစေ။ တစ်ခါပြုဖူး၊ သူ့ကျေးဇူး။ အခေါက်ခေါက် အခါခါ ကျေးဇူးပြုသူများဟာ ဘဝကို ပြီးပြည့်စုံစေတဲ့ မိတ်ဆွေမှန်၊ မိတ်ဆွေစစ်တွေဖြစ်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

*❋ ရှေ့ဖုံးမှ*

ရဲအချုပ်၊ တရားရုံးအချုပ်၊ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲဘက်စခန်းများတွင် အချုပ်သား အကျဉ်းသားများ လူ့အခွင့်အရေးချိုးဖောက်မှုမခံရစေရေးနှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိစေရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တရားဥပဒေမဲ့ လူ့အခွင့်အရေးဆုံးရှုံးမှုများကို နိုင်ငံသူ နိုင်ငံသားများနှင့် နောင်မျိုးဆက်များ မခံစားရစေရေး အတွက် လူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပိုမိုအရှိန်မြှင့်တင်၍ တည်ဆဲဥပဒေများနှင့်အညီ မှန်မှန်ကန်ကန် ဆောင်ရွက်စေလိုပါကြောင်း၊ နိုင်ငံသားအားလုံး မွေးရာပါလူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးများ အပြည့်အဝရရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များ၊ ကွန်ဗင်းရှင်းပါအချက်များ၊ တည်ဆဲဥပဒေများနှင့် အညီ ဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်မှုများရှင်းလင်း**

ထို့နောက် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်နေမှု၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို တိုင်းရင်းသားဘာသာများဖြင့် ဘာသာပြန်ဆိုနေမှု၊ ကော်မရှင်၏ဖွဲ့စည်းပုံ ပြင်ဆင်ဆောင်ရွက်နေမှု၊ ကော်မရှင်၏ အသိပညာပေးဆောင်ရွက်မှုများနှင့် သင်တန်းဖွင့်လှစ်ပို့ချမှုအခြေအနေများ၊ စုံစမ်းစစ်ဆေးဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် အာဆီယံအပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးယုလွင်အောင်၊ ဦးညွန့်ဆွေ၊ ဦးခင်မောင်လေးနှင့် ဦးစိုးဘုန်းမြင့်တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် UNDP မှ ကျင့်ဝတ်ဆိုင်ရာကျွမ်းကျင်သူနှင့် တွေ့ဆုံ



**နေပြည်တော် ဧပြီ ၁၂**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်သည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ကျင့်ဝတ်ဆိုင်ရာကျွမ်းကျင်သူ Dr. Stuart C. Gilman နှင့် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းရေးဆွဲလျက်ရှိသည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်(မူကြမ်း) ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အပြီးသတ်ထုတ်ပြန်နိုင်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးကြသည်။

ကျင့်ဝတ်ဆိုင်ရာကျွမ်းကျင်သူ Dr. Stuart C. Gilman သည် Global Integrity Group ၏ Senior Partner ဖြစ်ပြီး အုပ်ချုပ်မှုစနစ်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံတကာ အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သူဖြစ်သည်။ World Bank ၊ Organization for Economic and Community Development နှင့် Council of Europe တို့တွင်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ဗီယင်နာအခြေစိုက် ကုလသမဂ္ဂ၏ ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အစီအစဉ်တွင် အကြီးအမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ အကြီးတန်းအဂတိလိုက်စားမှု တိုက်ဖျက်ရေးအကြံပေးအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေ့အပူချိန်များ တိုးနေမည်

**နေပြည်တော် ဧပြီ ၁၂**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များတိုးနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

*❒ ရှေ့ဖုံးမှ*

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှု Myanmar Voyages ခရီးသွားကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ပြည်သူ့ရင်ပြင်အနီး Love Garden နေရာတွင် မြန်မာနှစ်သစ်ကူးသင်္ကြန်အကြိုဈေးပွဲတော်နှင့် မြန်မာသင်္ကြန်ဖျော်ဖြေရေး အစီအစဉ်သို့ တပျော်တပါးလာရောက်ဆင်နွှဲကြသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန်းဝင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးသက်လွင်တိုးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့သည်။ မြန်မာ့ရိုးရာပွဲတော်နှင့် သင်္ကြန် ဖျော်ဖြေရေးပွဲများကြည့်ရှုပြီး ကမ္ဘာလှည့်ခရီးသည်များအား လုပ်ပျိုဖြူလေးများက အတာရေပက်ဖျန်းပြီး ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီးများ လာရောက်မှုသည် ၂၀၁၄ ခုနှစ်မှစ၍ အခေါက်ရေမြင့်တက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း အစင်း ၂၀ ခန့် လာရောက်မည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ကမ္ဘာလှည့်ခရီးသည် အနောက်နိုင်ငံသားအများစု အပျော်စီးသင်္ဘောကြီးများ လာရောက်ခြင်းဖြင့် အနောက်နိုင်ငံများမှ မြန်မာနိုင်ငံတွင် အေးချမ်းစွာ သွားရောက်လည်ပတ်သင့်သည့် ခရီးစဉ်ဒေသတန်ဖိုးကို ပိုမိုနားလည် သဘောပေါက်လာကြပြီး ကမ္ဘာလှည့်ခရီးသည် ပိုမိုလာရောက်ဖို့အတွက် အထောက်အကူဖြစ်စေနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။**

**ဘယ်လ်ဂျီယံနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဘယ်လ်ဂျီယံနိုင်ငံဘုရင် ဘုရင်ဖိလစ်ကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

သဝဏ်လွှာတွင် ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှုလမ်းစဉ်များ၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းစဉ်များတွင် ဆက်လက်ကူညီပံ့ပိုးမှုများ လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် မြန်မာအစိုးရနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် မျှော်လင့်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘက်ပေါင်းစုံဆက်ဆံရေးတွင် နှစ်နိုင်ငံရင်းနှီးချစ်ကြည်မှုများ ပိုမိုတိုးတက်ရန် ဆန္ဒရှိကြောင်း၊ ၂၀၁၈ ခုနှစ် ဘရက်ဆဲလ်တွင်ကျင်းပမည့် အာဆီယံအစည်းအဝေးတွင် အဆွေတော်၏ ပါဝင်မှုသည် အစည်းအဝေးအောင်မြင်မှုအတွက် အထောက်အပံ့ဖြစ်ပါကြောင်း၊ ဘယ်လ်ဂျီယံနိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ရေး မြန်မာနိုင်ငံ၏ ထောက်ပံ့မှုများကိုလည်း ကျေးဇူးတင်ပါကြောင်း ဖော်ပြပါရှိသည်။

**မွန်ဂိုလီးယားနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မွန်ဂိုလီးယားပြည်သူများကိုယ်စား မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ ဟာ့ဂျ်မားဂင် ဘာတူလ်ဂါကလည်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးစည်းမျဉ်းများကို အခြေခံသည့် မွန်ဂိုလီးယားနှင့် မြန်မာနှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ချစ်ကြည်ရင်းနှီးမှုများအောင်မြင်တိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ နောင်အနာဂတ်ကာလတွင်လည်း နှစ်နိုင်ငံဆက်ဆံရေးများ ဆက်လက်ဖြစ်ထွန်းတိုးတက်လာမည်ဟု မျှော်လင့်ပါကြောင်း၊ အဆွေတော် အဆွေတော်အနေဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး အောင်မြင်မှုအပေါင်း သရဖူဆောင်းနိုင်ပါစေကြောင်း ဖော်ပြပါရှိပါသည်။

**ဂျပန်နိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဂျပန်နိုင်ငံ ဧကရာဇ် အာခိဟိတိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် တာဝန်များ စတင်ထမ်းဆောင်သည့် အချိန်အခါသမယတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော် အောင်မြင်မှုအပေါင်း သရဖူဆောင်းရုံမက ပျော်ရွှင်မှုအပေါင်း ခညောင်းပါစေကြောင်းနှင့် မြန်မာပြည်သူများ အေးချမ်းသာယာဝပြောပါစေရန် ဆန္ဒမွန်ကောင်း တောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

**မြန်မာ့အလင်း**

# နယ်စပ်ဒေသနှင့် ကုလားတန်မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများ ဆွေးနွေး

**နေပြည်တော် မေ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vikram Misri နှင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နေမှုများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဖြတ်ကျော်မှုများတွင် နှစ်ဖက်တပ်များ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသနှင့် ကုလားတန်မြစ်ကြောင်းတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ဘူးသီးတောင်၊ မောင်တောဒေသ၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များတွင် အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးနေမှုများနှင့် ဖြစ်စဉ်မှန်များအား နိုင်ငံတကာမှ သိရှိရန်လိုအပ်မှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာသွားသည့် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးကိစ္စရပ်များတွင် အိန္ဒိယနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Vikram Misri တို့ တွေ့ဆုံဆွေးနွေးစဉ်။
သတင်းစဉ်

# ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၈ ခုအတွက် ငွေကျပ်သန်းပေါင်း ၂၉၀၀ အကုန်အကျခံတည်ဆောက်

**မကွေး မေ ၁၂**

မကွေးတိုင်းဒေသကြီးတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်လျက်ရှိသော ကမ်းပြိုလုပ်ငန်း ၁၈ ခုအတွက် ငွေကျပ်သန်းပေါင်း ၂၉၀၀ ကျော် အကုန်အကျခံကာ တည်ဆောက်လျက်ရှိကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒေသ (၄)မှ သိရသည်။

ကမ်းပြိုလုပ်ငန်း ၁၈ ခုထဲမှ ရာနှုန်းပြည့် ပြီးစီးသည့်လုပ်ငန်း ကိုးခုရှိပြီး မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ်သန်း ၅၀၊ ဆင်ပေါင်ဝဲမြို့နယ် မကျီးပင်ပုကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် သန်း ၅၀၊ မင်းဘူး(စကု)မြို့နယ် အမှတ် ၃ ရပ်ကွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ်သန်း ၅၀၊ ပေါက်မြို့နယ် ရေပြာကျေးရွာ ခွေးတံချောင်းရေတိုက်စားမှု၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် ၁၃၅ သန်း၊ ပွင့်ဖြူမြို့နယ် ရွှေလှေစုကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ်သန်း ၁၀၀၊ မင်းလှမြို့နယ် အမှတ် ၁ ရပ်ကွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် သန်း ၃၀၀၊ ဆောမြို့နယ် အခြေခံပညာမူလတန်းကျောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ငွေကျပ် သန်း ၁၃၀၊ ရေစကြိုမြို့နယ် ငမြှာကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ငွေကျပ် သန်း ၁၅၀၊ တောင်တွင်းကြီးမြို့နယ် ပန်းသွင်ကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ငွေကျပ် သန်း ၁၀၀ အကုန်ကျခံကာ ဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးနဲ့ မူလရန်ပုံငွေနဲ့ ဆောင်ရွက်တဲ့ လုပ်ငန်း ၁၈ခုမှာ လက်ရှိပြီးစီးခဲ့တာ ကိုးခုရှိပါပြီ၊ အခု လက်ရှိမှာ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတွေကို အလွန်ခက်ခဲတဲ့နေရာတွေကို ပထမဆုံး အရေးကြီးအနေနဲ့ မဖြစ်မနေ ဦးစားပေး ဆောင်ရွက်နေပါတယ်၊ မင်းလှ၊ အောင်လံ၊ သရက်၊ ရေစကြိုမြို့က ဆိပ်ကမ်းတွေ ရေတိုက်စားမှုကို ကာကွယ်ရေးနဲ့ မြို့ပြနဲ့ တူတဲ့ ဆိပ်ကမ်းတွေဖြစ်ဖို့ ဆောင်ရွက်တာလည်း ဖြစ်ပါတယ်၊ မဖြစ်မနေ ရွှေ့ရမယ့် ဦးစားပေးကျေးရွာတွေအတွက်လည်း စဉ်းစားပေးတယ်၊ မြစ်ထဲမှာ တချို့နေရာတွေကို သွယ်ဝိုက်တဲ့ ရေလမ်းထိန်းရေကာတာတွေဆောက်ပြီး ကာကွယ်ရတဲ့နေရာတွေလည်း ရှိပါတယ်"ဟု တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဒေသ(၄)မှ ညွှန်ကြားရေးမှူး ဦးဇော်လွင်က ပြောသည်။

မကွေးတိုင်း ဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း၊ တိုင်းဒေသကြီး ငွေလုံးငွေရင်း၊ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေ၊ ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ခွင့်ပြုရန်ပုံငွေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ဖြင့် ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ငွေကျပ်သန်း ၂၉၀၀ အကုန်အကျခံကာ ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်းကို မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မေသူလွင်(မကွေး)**



✪ *ကျောဖုံးမှ*

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်နားရက်များတွင် မိမိတို့ဒေသ၏ လိုအပ်ချက်များကို ရှာဖွေကာ လွှတ်တော်ကျင်းပချိန်တွင် ပြည်သူတို့၏အသံကို လွှတ်တော်တွင် မေးခွန်းများ၊ အဆိုများဖြင့် ပြည်သူလူထုအတွက် ဆောင်ရွက်ပေးရပါကြောင်း၊ မိမိအနေဖြင့်လည်း ယခုကဲ့သို့ လွှတ်တော်နားရက်တွင် မဲဆန္ဒရှင် ပြည်သူများ၏ အသံများကို နားစွင့်ကာ အခက်အခဲများကို မိမိတတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှင်းလင်းတင်ပြမေးမြန်းကြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တက်ရောက်လာသူများအနေဖြင့် မိမိတို့၏ ခံစားချက်များ၊ အကြံပြုချက်များကို ပြောကြားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုလိုပြောကြားပေးသည့်အတွက် အောက်ခြေရှိ အဖြစ်အပျက်များကို သိရှိနိုင်ပြီး လိုအပ်သလို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့်လည်း အကြံပြုချက်များကိုမှတ်သား၍ အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း နိဂုံးချုပ်စကားပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲအပြီးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **သတင်းစဉ်**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီမြို့တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်



# နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုခိုင်မာစေရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဧပြီ ၁၂**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယူနန်ပြည်နယ် လင်ချန်းမြို့ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန် Mr.Zhao Zijie နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆)၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးစင်္ကြံ တည်ဆောက်ရေး၊ နယ်စပ်စီးပွားရေးဇုန် တည်ဆောက်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ တောင်ကြီးမြို့နှင့် တရုတ်နိုင်ငံ လင်ချန်းမြို့တို့အား ညီအစ်မမြို့တော်အဖြစ် ထူထောင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပိုမိုခိုင်မာရေး၊ ကွမ်းလုံတံတား တည်ဆောက်ရေး၊ ချင်းရွှေဟော်နှင့် လားရှိုးအကြား အဝေးပြေးလမ်းနှင့် မီးရထားလမ်း ဆောက်လုပ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလာမှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# “ဆရာဝန်တင်ရွှေ စာပေဆု(၂၀၁၇ )” ဆုရစာအုပ်များကြေညာ

**ရန်ကုန် ဧပြီ ၁၂**

စာရေးဆရာကြီး ဆရာဝန်တင်ရွှေ အထိမ်းအမှတ်စာပေဆုများကို ၂၀၀၁ ခုနှစ်ထုတ် စာအုပ်များမှစ၍ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခု “ **ဆရာဝန်တင်ရွှေစာပေဆု(၂၀၁၇)**”အတွက် စာအုပ်လေးအုပ်ကို ဆုချီးမြှင့်မည်ဖြစ်ပါသည်။ ဆရာဝန်တင်ရွှေသည် “တင်ရွှေစာပေတိုက်” ကို ထူထောင်ခဲ့ပြီး မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဗဟိုအမှုဆောင်ကော်မတီဝင် တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။

“**ဆရာဝန်တင်ရွှေ စာပေဆု(၂၀၁၇)**” ချီးမြှင့်ခံရသည့် စာအုပ်များမှာ ၂၀၁၆ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များအနက်မှ ကျော်စောမင်းရေးသားပြီး လင်းလွန်းခင်စာပေမှ ထုတ်ဝေသည့် “ **ဖတ်ကြည့်**” စာအုပ်၊ ဒေါက်တာခင်မောင်လွင်ရေးသားပြီး **Fame Publishing House** မှ ထုတ်ဝေသည့် “**သစ်သီးများနှင့် ကျန်းမာရေး**”စာအုပ်၊ ဒေါက်တာလွှမ်းမိုးဟန်ရေးသားပြီး **MMA Publishing House** မှ ထုတ်ဝေသည့် “ **ကင်ဆာလူနာများအတွက် လက်တွေ့ကျကျ မေးခွန်းနှင့် အဖြေများ**” စာအုပ်နှင့် **''U Thein Hlaing''** ရေးသားပြီး **Department of Historical Research and National Library** က ထုတ်ဝေသည့် **''Myanmar English Dictionary of Ancient Myanmar Historical Terms''** စာအုပ်တို့ ဖြစ်ကြသည်။

ယခုနှစ်တွင် ဆရာဝန်တင်ရွှေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ‘ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဆု’ အဖြစ် “**ဆရာကြီး စည်သူဒေါက်တာသော်ကောင်း**” ကို ဂုဏ်ပြုချီးမြှင့်မည် ဖြစ်သည်။

စာပေဆုပေးပွဲအခမ်းအနားကို လာမည့် မေ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တင်ရွှေစာပေသို့ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များမှာ ၀၁-၅၃၆၄၄၄နှင့် ၀၉-၅၁၁၇၆၈၃ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဧပြီ ၁၂**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ တမူးမြို့တွင် ၀ ဒသမ ၃၉ လက်မ၊ ခန္တီးမြို့တွင် ၀ ဒသမ ၁၂ လက်မနှင့် ကလေးဝမြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ပဲခူး-စစ်တောင်း တူးမြောင်းရေဖြင့် နွေစပါးများ ဖြစ်ထွန်းအောင်မြင်ကာ ရိတ်သိမ်းနေ

**ပဲခူး ဧပြီ ၁၂**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်းရှိ ပဲခူး-စစ်တောင်းတူးမြောင်းရေကို ရယူ၍ နွေစပါးစိုက်ပျိုးသော လယ်မြေများတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းနေပြီး ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။



ပဲခူး-စစ်တောင်း တူးမြောင်းသည် ပဲခူးခရိုင်အတွင်းရှိ ဝေါ၊ သနပ်ပင်နှင့် ပဲခူးမြို့နယ်များ၏ လယ်မြေများအတွက် နွေရာမိုးပါ အကျိုးပြုသည့် အဓိကရေနုတ်၊ ရေထိန်းပေးသည့် ပင်မမြောင်းကြီးဖြစ်သည်။ ပဲခူး-စစ်တောင်းတူးမြောင်းသည် ၁၈၇၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ သနပ်ပင်မြို့နယ် တာဝကျေးရွာအနီးရှိ ပဲခူးမြစ်မှ ဝေါမြို့နယ် မြစ်ကျိုးကျေးရွာအနီးရှိ စစ်တောင်းမြစ်သို့ ဆက်သွယ်ထား ခြင်းဖြစ်သည်။ အလျား ၃၇ မိုင် ၇ ဖာလုံ၊ ပျမ်းမျှ အကျယ်ပေ ၁၅၀နှင့် ရေအနက်မှာ ၁၀ ပေရှိသည်။ ပဲခူး-စစ်တောင်းတူးမြောင်း၏ ထိပ်နှစ်ဖက်တွင် ရေယာဉ်များ ဝင်ထွက်နိုင်ရေးအတွက် ပေ ၃၀ အကျယ်ရှိသည့် ရေမျက်နှာပြင်ညှိရန် ရေတံခါးနှစ်လုံး တည်ဆောက်ထားသည်။ ပဲခူးမြစ်ဘက်တွင် တာဝရေတံခါးဖြစ်၍ တူးမြောင်းမိုင်တိုင်(၀/၀) သတ်မှတ်ထားပြီး စစ်တောင်းမြစ်ဘက်တွင် မြစ်ကျိုးရေတံခါးဖြစ်ပြီး တူးမြောင်းမိုင်တိုင် (၃၇/၇)ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တာဝဘက်အခြမ်းတွင် ရေချိုထိန်းသိမ်းရန်အတွက် တာဝရေထိန်းတံခါးကိုလည်းကောင်း၊ မြစ်ကျိုးဘက်အခြမ်းတွင် ရေချိုသွင်းနိုင်ရေးအတွက် မြစ်ကျိုးရေသွင်းတံခါးကိုလည်းကောင်း ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။ မိုးရာသီရေကြီးချိန်တွင် တူးမြောင်းမှ ရေများထုတ်နုတ်နိုင်ရေးအတွက် ကျိုက်ပဒိုင်ရေလွှဲပေါက်၊ ပုဂံညောင်ပင်ရေလွှဲပေါက်၊ မင်းရွာရေလွှဲပေါက်နှင့် အဗျားရေလွှဲပေါက် စသည်ဖြင့် ရေလွှဲပေါက်လေးခုကို တည်ဆောက်ထားသည့်အပြင် ရေပေးဝေနိုင်ရေးအတွက်လည်း ရေတံခါး ၁၁ ခုနှင့် ရေထုတ်ပေါက် ၁၉ ခုကိုပါ တည်ဆောက်ထားကြောင်း သိရသည်။

“ပဲခူး-စစ်တောင်း တူးမြောင်းကနေ ရေပေးဝေဖို့ကို ကျွန်တော်တို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ပဲခူးခရိုင်ထဲက ပဲခူး၊ ဝေါနဲ့ သနပ်ပင်မြို့နယ် သုံးမြို့နယ်က ပူးပေါင်းပြီး ဆောင်ရွက်ရပါတယ်၊ ဦးစီးအရာရှိ (ပဲခူး)က ပဲခူးရဲ့လက်တက်တွေပေါ်မှာ ဆောက်ထားတဲ့ ကိုဒူကွဲ၊ စလူနဲ့ ရွှေလောင်း စတဲ့ရေလှောင်တမံတွေကရေကို ဇောင်းတူရေလွှဲဆည်ဆီ အလေအလွင့်မရှိအောင် စီမံခန့်ခွဲပြီး ပို့ပေးရပါတယ်၊ အဲဒီရေလွှဲဆည်ကနေပြီးတော့ လက်တံမြောင်း အမှတ် (၂)က တစ်ဆင့် မိုးယွန်းကြီးကန်ထဲကို ထပ်ပြီး ပို့ပေးရတယ်၊ ဦးစီးအရာရှိ (ဝေါ) ကလည်း မိုးယွန်းကြီးကန်ထဲကရေကို ပဲခူး-စစ်တောင်းတူးမြောင်းရဲ့ ရေလှည့်ဇယားအတိုင်း ဖြည့်ပေးနိုင်ဖို့ မိုးယွန်းကြီးရေထိန်းတံခါးရဲ့ ရေတံခါးတွေကို ဖွင့်ပေးခြင်း၊ ပိတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရတဲ့အပြင် ထရက်တွေမှာ စစ်တောင်းမြစ်ကရေကို မြစ်ကျိုးရေတံခါးကတစ်ဆင့် ရေချိုသွင်းခြင်းကိုလည်း ဆောင်ရွက်ပေးရပါတယ်၊ ကျွန်တော် ဦးစီးအရာရှိ (သနပ်ပင်)အနေနဲ့ကတော့ ပဲခူး-စစ်တောင်း တူးမြောင်းရဲ့ရေလှည့်ဇယားကို ကော်မတီဝင်များနဲ့ ပူးပေါင်းကာ အများပြည်သူသိရှိအောင် ကြေညာခြင်း၊ ချောင်းပိတ်တံမံ ကြိုတင်ပြုလုပ်ခြင်းတို့ ဆောင်ရွက်ရပါတယ်။ ရေလှည့်ဇယားဆိုတာကတော့ တူးမြောင်းအတွင်း ရေမြှင့်တင်မယ့်ရက်၊ ရေလျှော့ချမယ့်ရက်၊ တူးမြောင်းမှာ ထည့်သွင်းတည်ဆောက်ထာတဲ့ မင်းရွာရေလွှဲပေါက်၊ ပုဂံညောင်ပင်ရေလွှဲပေါက်နဲ့ ကျိုက်ပဒိုင်ရေလွှဲပေါက်တို့မှ ရေချပေးမယ့်ရက်၊ ရန်ကုန်တိုင်းဒေသကြီး စိမ်းလန်းမြောင်းမကြီးအတွင်းမှာရှိတဲ့ အောင်ချမ်းသာရေတံခါးကနေတစ်ဆင့် ရေချပေးမယ့်ရက်တို့နဲ့ ကြာချိန်တို့ကို သတ်မှတ်ထားတဲ့ ဇယားဖြစ်ပါတယ်၊ စတင်စိုက်ပျိုးချိန်မှစပြီး အောင်ရေရတဲ့ တူးမြောင်းရေတင်ခြင်း၊ ရေချပေးခြင်းကို လေးကြိမ် ဆောင်ရွက်ပေးရပါတယ်၊ ဒီနှစ်မှာတော့ ပဲခူးမြစ်ပေါ်က ဆည်တွေမှာလည်း ရေဝင်အားကောင်းခဲ့တယ်၊ မိုးယွန်းကြီးကန်မှာလည်း အပြည့်လှောင်နိုင်ခဲ့တယ်၊ မြစ်ကျိုးရေတံခါးကလည်း ရေချိုဖြည့်သွင်းနိုင်ခဲ့တော့ ရေလှည့်ဇယားအတိုင်း အပြည့်အဝရေပေးနိုင်ခဲ့တယ်၊ ဒီနေ့အထိ မိုးယွန်းကြီးကန်မှာ ရေအမှတ် ၂၂ ပေလောက်အထိ ရေရှိနေပါသေးတယ်”ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေမျိုးထွန်းက ရှင်းလင်းပြောကြားသည်။

သနပ်ပင်မြို့နေ တောင်သူ ဦးစံရွှေဦးကလည်း “ဒီနှစ် နွေစပါး ၅၁ ဧက စိုက်ခဲ့ပါတယ်၊ ပဲခူး-စစ်တောင်း တူးမြောင်းကနေ ရေသွင်းစိုက်တာပါ၊ ရေအပြည့်အဝရရှိခဲ့လို့ စိုက်ရေးပျိုးရေး အဆင်ပြေခဲ့ပါတယ်၊ အခုစပါးများ အောင်မြင်လို့ ရိတ်သိမ်းနေပါပြီ၊ ရိတ်လို့ ပြီးတော့မှာပါ၊ ရိတ်ပြီးသလောက်မှာ တစ်ဧကကို အစိုတင်း ၁၁၀ ကနေ ၁၂၀ လောက် ထွက်ပါတယ်၊ ရေကို အခက်အခဲမရှိအောင် ဆောင်ရွက်ပေးတဲ့သူတွေကို ကျေးဇူးတင်ပါတယ်”ဟု ပြောသည်။

မိုးယွန်းကြီးကန်နှင့် ပဲခူး-စစ်တောင်း တူးမြောင်းတို့၏ ရေဖြင့် ယခုနှစ် နွေစပါးစိုက်ပျိုးမှုမှာ ဝေါမြို့နယ်တွင် ၁၀၇၃၉ ဧက၊ သနပ်ပင်မြို့နယ်တွင် ၂၉၁၁၂ ဧက၊ ကဝမြို့နယ်တွင် ၆၀၃၁ ဧက၊ ပဲခူးမြို့နယ်တွင် ၁၇၂၁ ဧကနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ၂၉၅၃ ဧကတို့ဖြစ်ပြီး စုစုပေါင်း ၅၀၇၅၆ ဧကစိုက်ပျိုးခဲ့ကြောင်းနှင့် ယခင်နှစ်ကထက် ၁၉၅၂ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - မောင်ကျော်ကြီး**

# သင်္ကြန်ကာလတွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ဘယ်လို ကာကွယ်သွားကြမလဲ

မောင်သောင်းဝင်း(တမန်ဟောင်း)

မကြာမီမြန်မာသင်္ကြန်ကျရောက်တော့မည် ဖြစ်သည်။ နိုင်ငံတစ်ဝန်းတွင်သင်္ကြန်ပွဲတော်အတွက် ကြိုတင်ပြင်ဆင်နေကြပြီဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များသည် သင်္ကြန်မဏ္ဍပ်ကြီးများကိုအပြိုင်အဆိုင် ဆောက်လုပ်နေကြပြီဖြစ်သည်။ မန္တလေး၊ ရန်ကုန်နှင့် တောင်ကြီးမြို့တို့တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်များ ပြုလုပ်သွားမည်ဟု ဆိုသည်။ အသက်အရွယ်အလိုက် သင်္ကြန်ကာလကို ပုံစံအမျိုးမျိုးဖြင့် ဖြတ်သန်းကြသည်။ ဆိုရလျှင် မဟာသင်္ကြန်သည်မြန်မာတို့အတွက် ထူးခြားလေးနက်သော ပွဲတော်တစ်ခုပင် မဟုတ်ပါလား။

### ရေကစားမဏ္ဍပ်များ

သင်္ကြန်အကြိုနေ့တွင် နိုင်ငံတစ်ဝန်းရှိ ရေကစားမဏ္ဍပ်များကို "မန်းတောင်ရိပ်ခို" ဖြင့် ဖွင့်လှစ်ကြသည်။ ရောင်စုံဝတ်စုံများဖြင့် လှချင်တိုင်း လှနေကြသည့် ယိမ်းပျိုဖြိုးများ၏ ရှုမငြီးဖွယ် အကအလှကို ရုပ်မြင်သံကြားလိုင်းများမှ တိုက်ရိုက်ထုတ်လွှင့်ပေးသည်။ အကြိုနေ့မှစ၍ ရေကစားမဏ္ဍပ်များတွင် လှပျိုဖြိုးယိမ်းအဖွဲ့များက လာရောက်ဖျော်ဖြေကြသည်။ အထူးသဖြင့် နာမည်ကြီးအနုပညာရှင်များ၏ ဖျော်ဖြေမှုများကို ကြည့်ရှုခွင့်ရရှိကြသည်။ သံချပ်အဖွဲ့များ၏ ဖျော်ဖြေမှုများကလည်း ဘဝအမောကို ပြေစေသည်။

### စတုဒိသာအလှူ

မြန်မာတို့၏ မဟာသင်္ကြန်ပွဲတော်ကာလတွင် မပါမရှိသော အလှူဒါနတစ်ခုသည် စတုဒိသာကျွေးမွေးခြင်း ဖြစ်သည်။ အရပ်ရှစ်မျက်နှာမှလာသမျှ လူအားလုံးကို အယုတ်၊ အလတ်၊ အမြတ်မရွေး အလကားကျွေးမွေးခြင်း ဖြစ်သည်။ ရာသီဥတုနှင့် လိုက်ဖက်သည့် ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ မုန့်လုံးရေပေါ်၊ သာကူများလုပ်၍ အလှူဒါနပြုကြသည်။ ငွေကြေးတတ်နိုင်သူများက ထမင်း၊ ဟင်းများ အလှူလုပ်ကြသည်။ ထိုသို့ စုပေါင်းပြုလုပ်သည့် စတုဒိသာအလှူပွဲများတွင် မြန်မာတို့၏ စည်းလုံးညီညွတ်မှုကို တွေ့မြင်နိုင်သည်။ ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံတွင်မျှ မတွေ့ရသောမြင်ကွင်းမျိုးဖြစ်သည်။ ပီတိဖြစ်ဖွယ်ရာပင် ဖြစ်သည်။

### ကောင်းမှုကုသိုလ်အမျိုးအမျိုး

မြန်မာပြည်သူတို့သည် သင်္ကြန်ကာလကို အပျော်သက်သက်ဖြင့်ကုန်ဆုံးလေ့မရှိပေ။ သင်္ကြန်တွင်း၌ ရေကစားနေသည့်တိုင်အောင် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင်မူ ဘုရား၊ ကျောင်းကန်သို့ ရောက်အောင်သွား ကြသည်။ ထိုနေ့တွင် တိရစ္ဆာန်များအားဘေးမဲ့လွှတ်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ ရေလှူခြင်း၊ ဘုရား၊ စေတီတော်များကို ရေသပ္ပာယ်ခြင်း၊ သက်ကြီးဘိုးဘွားများကို လက်သည်း၊ ခြေသည်းဖြတ်ပေးခြင်း၊ ရေချိုး၊ ခေါင်းလျှော်ပေးခြင်း၊ တတ်နိုင်သမျှ ကန်တော့ခြင်း စသည့်ကောင်းမှုကုသိုလ် အမျိုးမျိုးကို ပြုလုပ်ဖြစ်ကြသည်။ မည်သို့ပင်ဆိုစေကာမူအဓိပ္ပာယ်ရှိသော လုပ်ရပ်များပင်မဟုတ်ပါလား။

### ခရမ်းလွန်ရောင်ခြည်ပါဝင်မှု မြင့်တက်လာ

သို့သော် မတ်လကတည်းက နွေရာသီအပူချိန်သည် တဖြည်းဖြည်းမြင့်တက်လျက်ရှိသည်။ တချို့သော ဒေသများတွင် အပူချိန် ၄၁ဒီဂရီစင်တီဂရိတ်အထိ ရှိနေပြီဖြစ်သည်။ အပူချိန်မြင့်မားသော နေ့ခင်းဘက်နေရောင်ခြည်အတွင်း ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း မြင့်မားလာလျက်ရှိသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ခရမ်းလွန်ရောင်ခြည်အန္တရာယ်သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားရှိသည်။ အထူးသဖြင့် မြန်မာနိုင်ငံ အပူပိုင်းဒေသများတွင် နွေရာသီ၌ ခရမ်းလွန်ရောင်ခြည်ပိုမိုကျရောက်လေ့ရှိသည်။ ထိုဒေသများရှိ ပြည်သူများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို အထူးဂရုပြုကာ ကွယ်သွားသင့်ပါသည်။



ယမန်နှစ်မကွေးကမ်းနားလမ်းသင်္ကြန်တွင် ပြည်သူများ ရေကစားနေသည့်မြင်ကွင်း ဓာတ်ပုံ-မေမိုးသဲ

### ခရမ်းလွန်ရောင်ခြည်ဆိုသည်မှာ

ခရမ်းလွန်ရောင်ခြည်သည် လူသားတို့၏ သာမန်မျက်စိဖြင့် မမြင်နိုင်သော နေရောင်ခြည်မှ ဖြာထွက်လာသည့် လျှပ်စစ်ရောင်စဉ်လှိုင်းတစ်ခု ဖြစ်သည်။ အင်းဆက်ပိုးမွှားများနှင့် ငှက်များကဲ့သို့သော တိရစ္ဆာန်များသာလျှင် ၎င်းရောင်ခြည်ကို မြင်နိုင်ပေသည်။ ခရမ်းလွန်ရောင်ခြည်သည် မြင်နိုင်သည့် ခရမ်းရောင်ထက် လှိုင်းနှုန်း၊ အလျားနှင့်စွမ်းအင်တို့ ပိုမိုမြင့်မားလျက်ရှိသည်။ ၁၈၀၁ ခုနှစ်တွင် ဂျာမနီရူပဗေဒပညာရှင် Johann Wilhelm Ritter က ခရမ်းလွန်ရောင်ခြည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ခရမ်းလွန်ရောင်ခြည်ကို အခြေခံအားဖြင့် Ultraviolet A-UVA ၊ Ultraviolet B-UVB နှင့် Ultraviolet C-UVC တို့ကိုသာ လူသိများကြသည်။ ထို့အပြင် Near Ultraviolet-NUV၊ Middle Ultraviolet MUV၊ Far Ultraviolet- FUV ၊ Hydrogen Lyman-alpha - H lyman-α၊ Vacuum Ultraviolet- VUV နှင့် Extreme Ultraviolet-EUV တို့ကိုလည်း တွေ့ရှိနိုင်ပါသည်။

### ခရမ်းလွန်ရောင်ခြည် အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းကို အစိမ်း၊ အဝါ၊ လိမ္မော်၊ အနီနှင့် ခရမ်းရောင်ဟူ၍ ခွဲခြားထားသည်။ အစိမ်းရောင်သည် အညွှန်းကိန်း ၀ မှ ၂ ဒသမ ၉ အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း နည်းပါးသည်။ ထိုအခြေအနေမျိုးတွင် ပြင်းထန်သည့် နေရောင်အောက်သို့ သွားလာမည်ဆိုပါက နေကာမျက်မှန်နှင့် နေပူခံလိမ်းဆေးတို့ အသုံးပြုထားသင့်သည်။ အဝါရောင်သည် အညွှန်းကိန်း ၃ မှ ၅ ဒသမ ၉ အထိရှိပြီး ခရမ်းလွန်ရောင်ခြည် အတန်အသင့် ပါဝင်လာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် သတိထားရတော့မည် ဖြစ်သည်။ နေရောင်ခြည်အောက်သို့ သွားလာမည်ဆိုလျှင် နေရောင်မထိအောင်လုံလုံခြုံခြုံ ဝတ်ဆင်သွားရန်လိုအပ်သည်။ အထူးသဖြင့် အပူချိန်မြင့်မားသည့် နေ့ခင်းဘက်တွင် အရိပ်အာဝါသအောက်တွင်သာ နေထိုင်သင့်သည်။

လိမ္မော်ရောင်သည် အညွှန်းကိန်း ၆ မှ ၇ ဒသမ ၉ အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း မြင့်မားလာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ခန္ဓာကိုယ်တစ်ခုလုံးကို နေရောင်ခြည်တိုက်ရိုက်ထိရောက်ခြင်းမှ ကာကွယ်နိုင်သည့် အဝတ်အစားများ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန် တပ်ဆင်ခြင်း၊ ထီး၊ ဦးထုပ်များ ဆောင်းခြင်း၊ နေလောင်ဒဏ်ကာကွယ်သည့် ခရင် (Sun Protection Factor- SPF) များ ကြိုတင်သုံးစွဲခြင်း၊ နေရောင်ခြည်အောက်သို့ သွားလာခြင်းမျိုးကို အတတ်နိုင်ဆုံးရှောင်ရှားသွားရန်လိုအပ်လာပြီဖြစ်သည်။ အနီရောင်သည် အညွှန်းကိန်း ၈ မှ ၁၀ ဒသမ ၉ အထိရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း အလွန်မြင့်မားလာပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် SPF များ သုံးစွဲခြင်း၊ နေရောင်ခြည်အကာအကွယ်ပေးသည့် အဝတ်အစားများဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်း၊ နေရောင်ခြည်ကာကွယ်နိုင်သည့် ဦးထုပ်နှင့် ထီးတို့ကိုဆောင်းခြင်းနှင့် နေရောင်ခြည်အောက်သို့ ကြာမြင့်စွာသွားလာခြင်းတို့ကို အထူးဂရုပြုရှောင်ရှားသွားရန် လိုအပ်သည်။

ခရမ်းရောင်သည် အညွှန်းကိန်း ၁၁ နှင့်အထက် ရှိပြီး ခရမ်းလွန်ရောင်ခြည်ပါဝင်မှုနှုန်း လွန်ကဲစွာမြင့်မားနေသည့် အန္တရာယ်ရှိသော အဆင့်ဖြစ်သည်။ အဘက်ဘက်မှ သတိထားရမည့် အခြေအနေဖြစ်သည်။ ထိုအခြေအနေမျိုးတွင် နေလောင်ဒဏ်ခံ SPF များသုံးစွဲခြင်း၊ အကျႌလက်ရှည်နှင့် ဘောင်းဘီရှည်များဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်းနှင့် နေရောင်ခြည်အကာအကွယ်ပေးနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းခြင်း၊ အပူချိန်မြင့်မားသည့် မွန်းတည့်ချိန်နှင့် နေ့လယ်ပိုင်းတို့တွင် တတ်နိုင်ပါက နေရောင်ခြည်အောက်သို့ သွားလာခြင်းမျိုးကို လုံးဝရှောင်ကြဉ်သင့်ပါသည်။ ဆိုရလျှင် ခရမ်းလွန်ရောင်ခြည် တိုက်ရိုက်ကျရောက်ထိတွေ့ခံရသူများသည် အသားအရေများ တဖြည်းဖြည်းညိုမည်းလာပြီး နေလောင်ဒဏ်ခံစားရမည်ဖြစ်သည်။ လွန်ကဲစွာကျရောက် ထိတွေ့ခံရပါက အရေပြားကင်ဆာဖြစ်ပွားသည်အထိ ခံစားရမည်ဖြစ်သည်။

### အကျိုးပြုအိုဇုန်းလွှာ

နေရောင်ခြည်မှ ဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည် (Ultraviolet-UV) အား ရောင်ခြည်ဖြာထွက်မှု အလျားကို အခြေခံလျက် UV-a၊ UV-b နှင့် UV-c ဟူ၍ သုံးမျိုးခွဲခြားထားသည်။ အိုဇုန်းမော်လီကျူးများသည် သက်ရောက်မှုမတူညီသည့် ခရမ်းလွန်ရောင်ခြည် သုံးမျိုးအပေါ် မတူညီသော ရောင်ခြည်တန်းများဖြင့် တုံ့ပြန်ကာကွယ်ပေးသည်။ အထူးသဖြင့် ခရမ်းလွန်ရောင်ခြည် (UV-c) အပေါ် ထိရောက်စွာတုံ့ပြန်နိုင်ပြီး ကမ္ဘာမြေပြင်အထက် မိုင် ၂၀ ခန့်အကွာတွင် လုံးဝကာကွယ်ပေး နိုင်သည်။ အိုဇုန်းဓာတ်ငွေ့သည် ဒုတိယအမျိုးအစားဖြစ်သည့် ခရမ်းလွန်ရောင်ခြည် (UV-a) အပေါ်တွင် သက်ရောက်မှုအနည်းငယ်သာရှိသော်လည်း ယင်းရောင်ခြည်သည် နေလောင်ခြင်း၊ သို့မဟုတ် မျိုးရိုးဗီဇပျက်စီးမှုကို တိုက်ရိုက်ဖြစ်ပွားမှုမရှိသဖြင့် လွန်စွာပူပန်စရာ မလိုပေ။

သို့သော် ခရမ်းလွန်ရောင်ခြည် (UV-b) သည် ကမ္ဘာမြေပေါ်သို့ အဆိုးရွားဆုံးသက်ရောက်မှုရှိစေသည့် ရောင်ခြည်တစ်မျိုးဖြစ်သည်။ လူ့ခန္ဓာကိုယ်ပေါ်သို့ ယင်း (UV-b) တိုက်ရိုက်ကျရောက်ပါက အရေပြားကင်ဆာကဲ့သို့သော DNA ပျက်စီးမှုများအား ပြင်းထန်စွာခံစားရသည်။ သို့သော် ကံကောင်းထောက်မစွာဖြင့် အိုဇုန်းလွှာသည် ခရမ်းလွန်ရောင်ခြည် (UV-b) အများစုကို ကာကွယ်ပေးထားပြီး အချို့သာလျှင် ကမ္ဘာမြေပေါ်သို့ ကျရောက် လျက်ရှိသည်။ ထို့ကြောင့် အိုဇုန်းလွှာပါးလွှာပျက်စီးမှု ဖြစ်ပေါ်လာသလောက် ကမ္ဘာမြေပေါ်သို့ (UV-b) ကျရောက်မှုအဆင့်လည်း မြင့်မားလာစေနိုင်ပါသည်။

### ဆောင်ရန်၊ ရှောင်ရန်များ

ခရမ်းလွန်ရောင်ခြည်ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်သည်။ ထိတွေ့မှုကာလကြာမြင့်လာသည့်အခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေနိုင်သည်။

လူငယ်အများစုသည် သင်္ကြန်ပွဲတော်ကာလတွင် နေ့ခင်းဘက်၌ ရေထွက်ကစားကြတော့မည် ဖြစ်သည်။ ထို့ကြောင့် ရေပက်ခံထွက်မည်ဆိုလျှင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သင့်ပေသည်-

- (၁) နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း။
- (၂) အပြင်ထွက်ရန်လိုအပ်ပါက မျက်နှာ၊လည်ပင်းနှင့် ပခုံးတို့ပါလုံခြုံသော ထီး၊ ဦးထုပ်များ ဆောင်းသွားခြင်း။
- (၃) နေရောင်ထိတွေ့နိုင်သည့် အသားရေများကို SPF 15+ ကြိုတင်လိမ်းသွားခြင်း။
- (၄) နေကာမျက်မှန်တပ်၍ သွားလာခြင်း။
- (၅) ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ခြင်း။
- (၆) သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအနေဖြင့် အထူးဂရုပြုကာကွယ်ပေးခြင်း။

ခြုံ၍တင်ပြရလျှင် မကြာမီမြန်မာသင်္ကြန်ကျရောက်တော့မည်ဖြစ်သည်။ လူငယ်များသည် သင်္ကြန်ကာလတွင် ရေပက်ခံထွက်ကြတော့မည်ဖြစ်သည်။ ထိုသို့ရေကစားကြရာတွင် နံနက် ၁၀ နာရီ မတိုင်မီနှင့် ညနေ ၄ နာရီ နောက်ပိုင်းအချိန်များတွင်သာ အသင့်လျော်ဆုံးဖြစ်သည်။ ဆိုရလျှင် နှစ်စဉ်နွေရာသီတွင် ပူပြင်းလှသည့် နေရောင်နှင့်အတူ ခရမ်းလွန်ရောင်ခြည်များ ပါလာလေ့ရှိသည်။ အညွှန်းကိန်းမြင့်မားသည့် ခရမ်းလွန်ရောင်ခြည်များကြာမြင့်စွာ ကျရောက်ထိတွေ့ခံရပါက အသားရေများ နေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ပွားခြင်း၊ အမြင်အာရုံ ချို့ယွင်းခြင်းတို့အပြင် သား၊ သမီးရနိုင်မှု အလားလာကိုလည်း ထိခိုက်စေနိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ သင်္ကြန်ကာလတွင် ရေပက်ခံထွက်မည်ဆိုလျှင် ခရမ်းလွန်ရောင်ခြည်ကျရောက်ထိတွေ့မှုအန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် အပူဒဏ်ခံအဝတ်အစားများ၊ အရိပ်အကာများနှင့် ခရင်များကို ကြိုတင်ကာကွယ်အသုံးပြုသွားနိုင်ကြပါစေ။ ။

**ထိုအခြေအနေမျိုးတွင် နေလောင်ဒဏ်ခံ SPF များ သုံးစွဲခြင်း၊ အကျႌလက်ရှည်နှင့် ဘောင်းဘီရှည်များ ဝတ်ဆင်ခြင်း၊ နေကာမျက်မှန်တပ်ဆင်ခြင်းနှင့် နေရောင်ခြည် အကာအကွယ်ပေးနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းခြင်း၊ အပူချိန်မြင့်မားသည့် မွန်းတည့်ချိန်နှင့် နေ့လယ်ပိုင်းတို့တွင် တတ်နိုင်ပါက နေရောင်ခြည်အောက်သို့ သွားလာခြင်းမျိုးကို လုံးဝရှောင်ကြဉ်သင့်"**

## သင်္ကြန်တွင် အေးချမ်းစွာဆင်နွှဲနိုင်ရန် မူခင်းကျဆင်းရေး ဟောပြော

**ဒလ ဧပြီ ၁၁ -** ယခုနှစ်မြန်မာ့ရိုးရာ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို အေးချမ်းသာယာစွာဆင်နွှဲနိုင်စေရန် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စောမောင်နှင့် အဖွဲ့သည်စက်မြေရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်အေးတို့ ပူးပေါင်းကူညီမှုဖြင့် ဧပြီ ၁၀ ရက်က စက်မြေရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်ပြည်သူများအား ကြိုတင်၍ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရဲမှူးခင်စောမောင်က ဥပဒေပုဒ်မများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း သင်္ကြန်ကာလအတွင်းယာဉ်မောင်းသူများ လိုက်နာရမည့်အချက် ၁၀ ချက်၊ မူးယစ်ဆေးဝါးအန္တရာယ်ကို သတိပြုရမည့်အချက်ငါးချက်နှင့် မှုခင်းများ မဖြစ်ပွားစေရန် ရှောင်ကြဉ်ရမည့်အချက် ၁၂ ချက်တို့အား ရှင်းလင်းအသိပညာပေးပြောကြားကာ ရဲတပ်ဖွဲ့ဝင်များက တက်ရောက်လာကြသည့် ရပ်မိရပ်ဖ၊ အရန်မီးသတ်နှင့် ရပ်ကွက်နေပြည်သူများအား လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြကြောင်း သိရသည်။

သန်းဌေး(ဒလ)

# သင်္ကြန်ကာလအတွင်း ဒလ-ပန်းဆိုးတန်းကူး ချယ်ရီရေယာဉ်များ ခေါက်ရေလျှော့ပြေးဆွဲမည်

**ဒလ မေ ၁၂**

ယခုနှစ်မြန်မာ့ရိုးရာ မဟာရေသဘင်ပွဲတော် အခါသမယသင်္ကြန်အကြိုနေ့ မေ ၁၃ ရက်မှ ၁၃၈၀ ခုနှစ် မြန်မာ့နှစ်သစ်အချိန်အခါ နှစ်ဆန်း ၁ ရက်ဖြစ်သည့် မေ ၁၇ ရက်အထိ သင်္ကြန်ကာလအတွင်းတွင် ဒလနှင့်ရန်ကုန်ဖြတ်ကူးပြေးဆွဲပေးနေကြသည့် ဒလ-ပန်းဆိုးတန်းကူး ခရီးသည်တင်ချယ်ရီရေယာဉ်ကြီးများ ခေါက်ရေလျှော့၍လည်းကောင်း၊ စက်သမ္ဗန်များကလည်း အစင်းရေလျှော့၍ လည်းကောင်း ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ချယ်ရီသင်္ဘောရေယာဉ်မောင်းတစ်ဦးက "ကျွန်တော်တို့ သင်္ဘောတွေ သင်္ကြန်ကာလအတွင်း နံနက်ပိုင်းမှာ ဒလဘက်ကမ်းက နံနက် ၆ နာရီခွဲ၊ ပန်းဆိုးတန်းဘက်ကမ်းက နံနက် ၇ နာရီက စထွက်မှာပါ၊ နောက်ဆုံးပြန်သိမ်းချိန်ကတော့ ဒလဘက်ကမ်းက ညနေ ၆ နာရီခွဲ၊ ပန်းဆိုးတန်း ဆိပ်ကမ်းဘက်က ညနေ ၇ နာရီ ဖြစ်ပါတယ်၊ သင်္ကြန်အတွင်းမှာက ရုံးဝန်ထမ်းတွေ၊ ရပ်ဝေးခရီးသွားတွေ မရှိကြတော့ဘူး၊ သင်္ကြန်ရေကစားမယ့်သူတွေနဲ့ ရပ်နီးခရီးသွားအနည်းငယ်ပဲရှိတော့တယ်၊ ဒါကြောင့် ခေါက်ရေလျှော့လိုက်ရတာပါ" ဟု ပြောသည်။

**ပြေးဆွဲပေး**

ဒလ-ပန်းဆိုးတန်း(ရန်ကုန်)ဖြတ်ကူးနေသည့် ချယ်ရီရေယာဉ်ကြီးသုံးစင်းမှာ နေ့စဉ်ပုံမှန် အလှည့်ကျသင်္ဘောနှစ်စီးဖြင့် အသွားအပြန် နံနက် ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ ၄၆ ခေါက်၊ အသွားအပြန် ၉၂ ကြောင်း ပြေးဆွဲပေးခဲ့ကြရာမှ မဟာသင်္ကြန်ကာလတွင် နံနက် ၆နာရီခွဲမှ ည ၇ နာရီအထိ အချိန်လျှော့၍ မိနစ် ၃၀ အခေါက်ဖြင့် ၂၆ ခေါက်၊ အသွားအပြန် ၅၂ ကြောင်းသာ ပြေးဆွဲပေးတော့မည်ဖြစ်သည်။

**သန်းဌေး(ဒလ)**

# ဖျာပုံမြို့၌ လမ်းလျှောက်သင်္ကြန်ပွဲတော် ထည့်သွင်းကျင်းပမည်

**ဖျာပုံ မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့၌ ကျင်းပမည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်တွင် မြန်မာ့ယဉ်ကျေးမှုကို ဖော်ဆောင်ပေးမည့် လူထုလူတန်းစားအလွှာစုံ ပူးပေါင်းပါဝင်နိုင်သော လမ်းလျှောက်သင်္ကြန်ပွဲတော်ကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့မှာ သင်္ကြန်ပွဲတော်ကို စည်စည်ကားကား မကျင်းပနိုင်ခဲ့တာ နှစ်အတော်ကြာခဲ့ပါပြီ၊ ဒီနှစ်မှာ ကျွန်တော်တို့မြို့သူမြို့သားတွေနဲ့ မြို့ကိုလာရောက်လည်ပတ်ကြမယ့် အနယ်နယ်အရပ်ရပ်က ဆွေမျိုးမိတ်သင်္ဂဟတွေအားလုံး ပါဝင်ပျော်ရွှင်စွာ ဆင်နွှဲနိုင်မယ့် သင်္ကြန်ပွဲမျိုးဖြစ်အောင် စီစဉ်ဆောင်ရွက်နေပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဦးက ပြောသည်။ ဖျာပုံမြို့၌ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖျာပုံမြို့ဒုတိယလမ်းရှိ သီရိအဏ္ဏဝါ မြို့နယ်ခန်းမရှေ့ ဗဟိုမဏ္ဍပ်၌ မေ ၁၃ ရက် ညနေ ၄ နာရီတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး သင်္ကြန်ရက်များတွင် ဖျာပုံမြို့ ဒုတိယလမ်းမပေါ် (မာလာမြိုင်လမ်းနှင့် သီရိမြိုင်လမ်းကြား) ဗဟိုမဏ္ဍပ်နှင့် Dr.G မဏ္ဍပ်ရှိရာနေရာများသို့ ယာဉ်အသွားအလာပိတ်ထားကာ လူတန်းစားအလွှာစုံ လမ်းလျှောက်၍ ရေကစားနိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။



ထို့အပြင် သင်္ကြန်အကြိုညတွင် ဗဟိုမဏ္ဍပ်၌ ပွဲတင်သံ သံချပ်အဖွဲ့မှ ဖျော်ဖြေခြင်း၊ အကျ၊ အကြတ်၊ အတက်ညများတွင် ညစဉ် ည ၇ နာရီမှစ၍ ယိမ်းအကများ ဖျော်ဖြေခြင်း၊ သင်္ကြန်တေးသီချင်းများ ပြိုင်ပွဲကျင်းပခြင်း၊ နေ့စဉ်မဏ္ဍပ်တိုင်း၌ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် ကျင်းပမည်ဖြစ်သည်။

ဖျာပုံမြို့ပေါ်၌ ဗဟိုမဏ္ဍပ်၊ Dr. G မဏ္ဍပ်စသည့် ရေကစားမဏ္ဍပ်ကြီးများအပြင် ရပ်ကွက်အသီးသီး၌လည်း ရေကစားမဏ္ဍပ်ငယ်များ ဆောက်လုပ်ထားရှိကာ ရေသဘင်ပွဲတော်ဆင်နွှဲရန်ပြင်ဆင်နေကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

○ *ကျောက်ဖြူ*

(ကျောက်ဖြူမှ)

"ကျွန်တော်တို့ ရခိုင်ရိုးရာသင်္ကြန်ကို အဆင့်သုံးဆင့်နဲ့ ကျင်းပလေ့ရှိပါတယ်၊ ပထမဆုံးအနေနဲ့နံ့သာသွေးပွဲကျင်းပပါတယ်၊ ဒုတိယအဆင့်က ဘုရားရေသပ္ပာယ်ပွဲပါ၊ တတိယကတော့ ရခိုင်ရိုးရာယဉ်ကျေးမှုနဲ့အညီ ရေပက်ကစားကြခြင်းဖြစ်ပါတယ်၊ နံ့သာသွေးပွဲကိုတော့ အကြိုရက်မတိုင်မီတစ်ရက်စောပြီး ကျင်းပပါတယ်၊ အကြိုရက်မနက်မှာတော့ သွေးလို့ရတဲ့နံ့သာရည်တွေနဲ့ ဘုရားဆင်းတုတော်တွေမှာရေသပ္ပာယ်ကြပြီးတော့ အကြိုနေ့ နေ့လယ်ပိုင်းမှာ ရေပက်ကစားကြပါတယ်၊ ဒီကနေ့ နံ့သာသွေးပွဲမှာတော့ မြို့နယ်အသင်းတွေက ရခိုင်လုပျိုဖြူတွေပါဝင်ကြပါတယ်၊ အသင်းပေါင်း ၂၁ သင်းရှိပါတယ်၊ ပြိုင်ပွဲသဘောကျင်းပတာကတော့ သင်္ကြန်မှာ တက်တက်ကြွကြွရှိအောင်လို့ပါ၊ ပြိုင်ပွဲမှာ ဒိုင်လူကြီးခြောက်ဦးနဲ့ အကဲဖြတ်ပြီးတော့ ပထမ၊ ဒုတိယနဲ့ တတိယဆု ချီးမြှင့်ပါတယ်၊ ပြိုင်ပွဲဝင်အသင်းတိုင်းကိုလည်း အသင်းဆုချီးမြှင့်ပါတယ်" ဟု ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစံလှကျော်က ပြောသည်။

အဆိုပါ နံ့သာသွေးပွဲတွင် ပါဝင်ဆင်နွှဲကြသော ရခိုင်တိုင်းရင်းသားလုပျိုဖြူများအနေဖြင့် ရခိုင်လူမျိုးတို့၏ ဝတ်စားဆင်ယင်မှုဖြင့်သာ ယှဉ်ပြိုင်ခွင့်ပြုကြောင်း၊ ယင်းမှာရခိုင်တိုင်းရင်းသားတို့၏ ထိန်းသိမ်းအပ်သော ယဉ်ကျေးမှုပင်ဖြစ်ကြောင်း၊ ရခိုင်ရိုးရာသင်္ကြန်ကို ဘုရားရှင် ဓညဝတီသို့ ကြွမြန်းလာပြီး မဟာမြတ်မုနိဘုရားသွန်းလုပ်ခဲ့စဉ်ကပင် အတူယှဉ်တွဲပါလာသည့် သမိုင်းအစဉ်အလာပင်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ယခုနှစ်ရခိုင်တိုင်းရင်းသားရိုးရာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာသင်္ကြန်နှင့်အတူ အကြိုနေ့မွန်းလွဲပိုင်းတွင် သုဝဏ္ဏအားကစားကွင်း ရေကစားမဏ္ဍပ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ရခိုင်ရိုးရာသင်္ကြန်ပွဲ၏ ရေလောင်းမဏ္ဍပ်များ၌ လောင်းလှေများတွင်ရေအပြည့်ဖြည့်ပြီးရေလောင်းကြလေ့ရှိသည်။ ရခိုင်ဒေသသည် ပင်လယ်ကမ်းရိုးတန်းဒေသ၊ မြစ်ချောင်းများပေါများသည့် ဒေသဖြစ်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးအတွက် အဓိကလောင်းလှေများကို အသုံးပြုကြလေ့ရှိရာမှ သင်္ကြန်ရေလောင်းကြရာတွင်အမြတ်တနိုးထားကာ အသုံးပြုကြခြင်းဖြစ်ကြောင်းလည်း သိရသည်။

လောင်းလှေများဘေးတွင် ရခိုင်လုပျိုဖြူလေးများသည် ရေဖလားကိုယ်စီဖြင့် ထိုင်၍ရေပက်ကစားကြကြောင်း၊ လုပျိုဖြူများသည် ရိုးရာယဉ်ကျေးမှုနှင့် ညီညွတ်သော တူညီဝတ်စုံများကို မဏ္ဍပ်များအလိုက်ကွန္ဒေြရှိစွာ ဝတ်ဆင်ရေကစားကြကြောင်း၊ လူပျိုကာလသားများသည် မဏ္ဍပ်တွင်းရှိ လုပျိုဖြူများထဲမှ မိမိရေလောင်းလိုသူကိုရွေးချယ်ပြီး နှစ်ဦးသားမျက်နှာချင်းဆိုင် အပြန်အလှန်ရေပက်ကစားကြလေ့ရှိကြောင်း၊ ယင်းသို့ရေပက်ကစားခွင့်ရနိုင်ရန် မဏ္ဍပ်ရှင်မဟုခေါ်ဆိုသော မဏ္ဍပ်ကြီးကြပ်ရေးအမျိုးသမီးများက စီစဉ်ပေးရကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**



မဟာဗန္ဓုလပန်းခြံဘေးတွင် ရန်ကုန်လမ်းလျှောက်သင်္ကြန်ပွဲအတွက် ပြင်ဆင်ထားသည့် မြင်ကွင်းအား မေ ၁၂ ရက် ညနေပိုင်းတွင် တွေ့မြင်ရစဉ်။ ဓာတ်ပုံ-ထင်ပေါ်ဝင်း

# သင်္ကြန်ပိတ်ရက် မော်ကျွန်းပြန်မည့် ခရီးသည်များ၏ ရှပ်ပြေးရေယာဉ်သုံးစင်း ပုံမှန်ထက် တစ်နာရီစောထွက်

**ရန်ကုန် မေ ၁၂**

သင်္ကြန်ပိတ်ရက် မော်ကျွန်းပြန်မည့်သူများပြားနေသဖြင့် ခရီးသည်များ မေ ၁၁ ရက်နှင့် ၁၂ ရက်ထွက် ရှပ်ပြေးနှစ်ထပ်ရေယာဉ်ကြီး ငါးစင်းပေါ်တွင် အပြည့်အကျပ်လိုက်ပါသွားရသည်ကို မြင်တွေ့ရသည်။ မေ ၁၂ ရက် ညနေပိုင်းက မော်ကျွန်းသို့ ထွက်သည့် ရှပ်ပြေးနှစ်ထပ်ရေယာဉ်သုံးစင်းတွင် ခွင့်ပြုခရီးသည်ဦးရေထက်ပိုနေသဖြင့် တစ်နာရီခန့်စော၍ ထွက်ခွာသွားသည်။

ခရီးသည် ၂၂၂ ဦးလိုက်ပါခွင့်ရှိသော ရှပ်ပြေးတစ်စင်းတွင် ၁၀ ဦး၊ ခရီးသည် ၄၀၀ လိုက်ပါခွင့်ရှိသော ရှပ်ပြေးတွင်ခရီးသည် ၁၀၀၊ ခရီးသည် ၂၁၇ ဦးလိုက်ပါခွင့်ရှိသော ရှပ်ပြေးတစ်စင်းတွင် ခရီးသည် ၇၀ ပိုလိုက်ပါသွားကြောင်း ရေယာဉ်ကိုယ်စားလှယ် ကိုမောင်နိုင်ထံမှ သိရသည်။

အလားတူ မေ ၁၁ ရက် ညနေပိုင်းက စဉ့်အိုးတန်းဇောတံတားအမှတ် ၂ မှ မော်ကျွန်းသို့ထွက်သည့် ရေယာဉ်အောက်ထပ်နှင့် အပေါ်ထပ်တို့တွင် ခရီးသည်များ နေရာမရသဖြင့် လူသွားလမ်းများတွင် လိုက်ပါသွားရသည်ကို မြင်တွေ့ရသည်။

ယင်းနေ့တွင် ခရီးသည် ၂၀၀ ဝန်းကျင်လိုက်ပါခွင့်ရှိသော ရှပ်ပြေးနှစ်ထပ်ရေယာဉ်တစ်စင်းတွင်လည်း လူသွားလမ်းမှ လိုက်ပါရကြောင်း သိရသည်။

ရှပ်ပြေးရေယာဉ်စီးနင်းခမှာ တစ်ဦးလျှင် ငွေကျပ် ၂၅၀၀ သာရှိကြောင်း ဇောတံတားထိပ်တွင် အသိပေးထားသည်။ သင်္ကြန်ပိတ်ရက်မတိုင်မီ မေ ၁၁ နှင့် ၁၂ ရက်တို့တွင် ရှပ်ပြေးရေယာဉ် ငါးစင်းပေါ်၌ ခရီးသည် ၂၀၀၀ ဝန်းကျင် မော်ကျွန်းသို့ လိုက်ပါသွားသော်လည်း ကြားသင်္ဘောနှစ်စင်းတွင်မူ ခရီးသည် ၂၀၀ ဝန်းကျင်သာ လိုက်ပါသည်ကို လမ်းမတော်ဇောတံတားအမှတ် ၁ တွင် နှစ်ရက်ဆက်တိုက် မြင်တွေ့ရ သည်။ ရေယာဉ်စီးနင်းခတစ်ဦးလျှင်ငွေကျပ် ၁၅၀၀ နှုန်းရှိသော ဖျာပုံသင်္ဘောနှင့် ကျိုက်လတ်သင်္ဘောများသည်လည်း ခရီးသည်လိုက်ပါခြင်း နည်းသော်လည်း ရေစီးသာသော ရေတက်ခရီးဖြင့် ထွက်နိုင်ရန် မွန်းလွဲ ၃ နာရီခွဲဝန်းကျင်တွင် စောထွက်သွားသည်။

ရန်ကုန်ဆိပ်ကမ်းတွင် မေ ၁၄ ရက်မှစ၍ သင်္ကြန်ပိတ်ရက်အတွင်း မြစ်ဝကျွန်းပေါ်သို့ ခရီးသည် ရေယာဉ်ထွက်ရှိခြင်းမရှိဘဲ မော်ကျွန်းမှ နှစ်ဆန်းတစ်ရက်တွင် ရေယာဉ်များပြန်ထွက်မည်ဖြစ်ကြောင်း သိရသည်။

မေ ၁၃ ရက်တွင် ရှပ်ပြေးရေယာဉ်နှစ်စင်းပြန်လည်၍ ရန်ကုန်မှပြေးဆွဲရန် မေ ၁၂ ရက်က မော်ကျွန်းမှ ထွက်ခွာလာကြောင်း သိရသည်။

**ခင်ဆိုင်**



# မန္တလေးလမ်းလျှောက်သင်္ကြန်ပွဲတော်အထိမ်းအမှတ် ဒေသထွက်ကုန်များနှင့်ချိတ်ဆွဲအလှဆင်

**မန္တလေး မေ ၁၂**

မန္တလေးမြို့တွင် လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပမည့် ကျုံးတောင်ဘက် ၂၆လမ်းတစ်လျှောက်၌ ပွဲတော်အထိမ်းအမှတ်အဖြစ် ရိုးရာဒေသထွက်ကုန် လက်မှုပစ္စည်းများ ချိတ်ဆွဲအလှဆင်ထားရှိကြောင်း သိရသည်။

အဆိုပါ အလှဆင် ချိတ်ဆွဲမှုများတွင် ကျုံးတောင်ဘက်ခြမ်း ၇၁ လမ်းနှင့် ၇၂ လမ်းကြား၌ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ရိုးရာအတာသင်္ကြန်ပွဲတော် အမှတ်တံဆိပ်စာတန်းများ၊ ဇီးကွက်ရုပ်၊ ရုပ်သေးရုပ်၊ ဖိုးဝရုပ်၊ ထန်းရွက်ငါး၊ ဘူးခါးခြောက်များနှင့် ဂီတသင်္ကေတများကို ချိတ်ဆွဲအလှဆင်ထားရှိသည်။

ထို့ပြင် အဆိုပါလမ်းတစ်လျှောက်တွင် ဆောက်လုပ်ထားသည့်မဏ္ဍပ်များကလည်း ၎င်းတို့မဏ္ဍပ်ရှေ့အသီးသီးတွင် ဒေသထွက်ကုန်အသုံးအဆောင်များဖြစ်သည့် ဝါးနီးတောင်းဆန်ကော၊ ဆန်ခါနှင့် ပစ်တိုင်းထောင်အရုပ်များကိုချိတ်ဆွဲအလှဆင်ကာ မန္တလေးသင်္ကြန်ပုံရိပ်ကို ဖော်ထုတ်ပြသလျက်ရှိသည်။

ယခုကဲ့သို့ လမ်းလျှောက်သင်္ကြန်ပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာလက်မှုပစ္စည်းများ ချိတ်ဆွဲအလှဆင်ထားရှိမှုများကို ဒေသခံပြည်သူများက သဘောကျနှစ်ခြိုက်စွာ ညနေခင်းနှင့် ညပိုင်းအချိန်အခါများတွင် မီးရောင်စုံများကြား၌ အမှတ်တရဓာတ်ပုံလာရောက်ရိုက်ကူးခြင်းများဖြင့် သင်္ကြန်မတိုင်ခင်ကာလ၌ပင် အဆိုပါ လမ်းတစ်လျှောက်၌ စည်ကားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# မြောင်းမြတံတားအသစ်အား သံမဏိသံပေါင်တံတားအဖြစ် အမျိုးအစားပြောင်းလဲကာ တစ်နှစ်အတွင်း အပြီးတည်ဆောက်သွားရန် လျာထားဆောင်ရွက်

မြောင်းမြ ဧပြီ ၁၂

**ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ မြောင်းမြတံတားအသစ်အား မြောင်းမြကြို့တံတား၏ ရေစုန်ဘက်အခြမ်းတွင် ၄၆ ပေခွာ၍ ၂၀၁၇ ခုနှစ် မေ ၁ ရက်က စတင်တည်ဆောက်ခဲ့ပြီး တည်ဆောက်ဆဲတံတားပုံစံမှာ ပင်မတံတား အရှည် ၂၉၀ မီတာ၊ ချဉ်းကပ်တံတား တစ်ဖက်လျှင် ၂၇၀ မီတာစီ (၅၄၀ မီတာ) ဖြင့် စုစုပေါင်းအရှည် ၈၃၀ မီတာ (၂၇၂၃ ပေ) ရှိကြောင်း သိရသည်။**

ယခုအခါ ချဉ်းကပ်တံတားအုတ်မြစ်လုပ်ငန်းများဖြစ်သည့် Bored Pile နှင့် Spun Pile များကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ချဉ်းကပ်တံတားတိုင် (Shaft) များအား တည်ဆောက်လျက်ရှိပြီး ချဉ်းကပ်တံတားများအား ကြိုတင်အားဖြည့် ကွန်ကရစ် PC ရက်မများနှင့် ကွန်ကရစ်ကြမ်းခင်းပုံစံဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ခရီးသွားပြည်သူများသွားလာမှုလွယ်ကူချောမွေ့စေရန် ပင်မတံတားအပိုင်းကို ဂျပန်အင်ဂျင်နီယာများနှင့် ညှိနှိုင်းတိုင်ပင်၍ သံမဏိသံပေါင် တံတားအဖြစ် အမျိုးအစားပြောင်းလဲကာ တစ်နှစ်အတွင်း အပြီးတည်ဆောက်သွားရန် လျာထားဆောင်ရွက်လျက်ရှိရာ အဆိုပါ တံတားအသစ် တည်ဆောက်နေမှုနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ တံတားအမျိုးအစား ပြောင်းလဲတည်ဆောက်မှုနှင့် အရည်အသွေး ကောင်းမွန်အောင်ဆောင်ရွက်နေမှု အခြေအနေများ၊ တံတားဟောင်း ဆယ်ယူမည့် အခြေအနေများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးရွှေလေး (ညွှန်ကြားရေးမှူးချုပ်၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**



**မေး ။ ။ မြောင်းမြတံတားအသစ် တည်ဆောက်ပြီးစီးမှု အပိုင်းနဲ့ တံတားဟောင်း ဆယ်ယူသွားမယ့် အခြေအနေကို သိပါရစေ။**

ဖြေ ။ ။ တံတားဟောင်းကြီးက ခံနိုင်ဝန်ကျဆင်းလာတဲ့အချိန်မှာ တံတားအသစ်ကြီးက ၁၅ ရာခိုင်နှုန်းပြီးစီးနေပါပြီ ။ အသေးစိတ်ပြောရရင်တော့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းမှာ Bored Pile လုပ်ငန်းတွေ ဆောင်ရွက်ပြီးစီးနေပါပြီ။ မြောင်းမြ ဘက်ကမ်းမှာဆိုရင် တံတားရဲ့ဆက်တိုင်ကြီးတွေတောင် တည်ဆောက်နေပါပြီ။ အခုလို တံတားအသစ် တည်ဆောက်နေချိန်မှာပဲ တံတားအဟောင်းပြတ်ကျသွားတဲ့အတွက် တံတားအဟောင်း ဖျက်သိမ်းရေးကို အမြန်ဆုံးဆောင်ရွက်နေပါတယ်။ အဲဒီလို တည်ဆောက်တဲ့နေရာမှာ အဓိကအနေနဲ့ အပိုင်းသုံးပိုင်းနဲ့ ဆောင်ရွက်နေပါတယ်။ ပထမအနေနဲ့ရေထဲမှာကျနေတဲ့ တံတားသံပေါင် အစိတ်အပိုင်းကို အမြန်ဆုံးဆယ်ယူဖယ်ရှားနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါမှသာလျှင် မည်သည့် သင်္ဘောမျိုးမဆို ဖြတ်သန်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အခုလည်း စက်လှေ၊ သမ္ဗန်တွေကို ဖြတ်သန်းခွင့်ပြုထားပါတယ်။ သင်္ဘောကြီးတွေကိုလည်း ရေလမ်းကြောင်းပြအမှတ်အသားတွေနဲ့ ရေလယ်ကနေ ဖြတ်သန်းခွင့်ပြုထားပါတယ်။ ရေရှည်အားဖြင့် ကောင်းမွန်အောင် ကျွန်တော်တို့အနေနဲ့ ရေအောက်မှာ မြုပ်နေတဲ့ တံတားအပျက်ကို ဧပြီလကုန်အတွင်း အပြီးသတ်ဖယ်ရှားသွားမှာဖြစ်ပါတယ်။ အခုလည်း ရေငုပ်အဖွဲ့တွေ လုပ်ငန်းဆောင်ရွက်နေပါပြီ။ အခုဆိုရင် တံတားဆယ်ယူရေး ကျွမ်းကျင်အဖွဲ့တွေလည်း ရောက်ရှိနေပါပြီ။ သူတို့နဲ့ ဆယ်ယူသွားမှာဖြစ်ပါတယ်။ ကုန်းပေါ်မှာရှိနေတဲ့ တံတားတိုင်တွေလည်း ယိုင်သွားတာတွေ့ကြမှာပါ။ အဲဒါတွေကိုလည်း မြစ်အတွင်းကို လဲကျမသွားအောင် လိုအပ်တဲ့ အစီအမံတွေ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒီတိုင်တွေကို မတ်တိုင်တွေအဖြစ် ကွန်ကရစ်နဲ့ အောက်ခြေကနေပြီး အသေငုံပြီးလောင်းထားပါတယ်။ ယိုင်သွားလို့မရဘဲ ထပ်မံစိတ်ချရအောင် ကုန်းပိုင်းကနေ စတီးကြိုးတွေနဲ့ ဆိုင်းထားပါတယ်။ ဒါတွေ အားလုံး လက်ရှိမှာ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ကုန်းပေါ်မှာဆိုရင်လည်း PC ရက်မတိုင်ကြီးတွေ ရှိပါတယ်။ အဲဒါတွေကိုလည်း ဖျက်သိမ်းသွားဖို့အတွက် ဆောင်ရွက်နေပါတယ်။

**မေး ။ ။ မြောင်းမြတံတားအသစ်ကို မူလ အမျိုးအစားအတိုင်းမဟုတ်ဘဲ အမျိုးအစားပြောင်းလဲတည်ဆောက်ရတဲ့ အကြောင်းအရင်းနဲ့ အပြီးသတ်တည်ဆောက်သွားမယ့် ကာလကို ပြောကြားပေးပါဦး။**

ဖြေ ။ ။ တံတားအသစ်ကို အရင် မူလပုံစံအတိုင်း ဆောင်ရွက်မယ်ဆိုရင် PC Box Girder နဲ့ ဆောင်ရွက်ရမယ်။ ကွန်ကရစ် PC Box Girder ဆိုတာ ချက်ချင်းသွန်းလောင်းလို့မရပါဘူး။ သတ်မှတ်ထားတဲ့အတိုင်း ခံနိုင်ရည်တစ်ခုရရှိအောင် အချိန်စောင့်ဆိုင်းပြီး အပိုင်းအလိုက် တစ်ပိုင်းချင်းဆောင်ရွက်သွားရမယ့် အနေအထားဖြစ်ပါတယ်။ အဲဒီလိုမျိုး ဆောင်ရွက်ရင် အချိန်အားဖြင့် နှစ်နှစ်လောက်ကြာမြင့်မှာဖြစ်ပါတယ်။ မြောင်းမြရဲ့ဟိုဘက်ကမ်း ဒီဘက်ကမ်းကို နေ့စဉ် မော်တော်ယာဉ်အစီးရေ ၅၀၀ ခန့်နဲ့ လူဦးရေထောင်ချီ သွားလာနေတဲ့အတွက်ကြောင့် အမြန်ဆုံးတည်ဆောက်ဖို့ လိုအပ်တာကြောင့် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ပြည်ထောင်စုဝန်ကြီးအနေနဲ့ အမြန်ဆုံးတည်ဆောက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဆုံးဖြတ်ချက်အရ Steel Truss အမျိုးအစား ပြောင်းလဲပြီး တည်ဆောက်သွားမှာဖြစ်ပါတယ်။ ပင်မတံတားကိုလည်း ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနအနေနဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ စတင်ပြီး တည်ဆောက်ခဲ့တာ အခုဆိုရင် လုပ်ငန်းပြီးစီးမှုအနေနဲ့ ၁၅ ဒသမ ၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီ ဖြစ်ပါတယ်။

ဒါပေမယ့် ပင်မရေထဲက ခန်းဖွင့်ကို PC Box Girder အစား Steel Truss အမျိုးအစားအဖြစ် တည်ဆောက်သွားမှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ရည်မှန်းချက်ကတော့ ၂၀၁၉ ခုနှစ် ဧပြီလအတွင်း အပြီးတည်ဆောက်ဖို့ လျာထားပါတယ်။ ဒါကိုလည်း ပြည်ထောင်စုဝန်ကြီးက အထက်ကို တင်ပြထားပြီးဖြစ်ပါတယ်။ တံတားအသစ် တည်ဆောက်မယ့် ခန့်မှန်းခြေငွေစာရင်းကိုတော့ ရေးဆွဲနေဆဲဖြစ်ပါတယ်။ မူလမှန်းထားတဲ့ စီမံကိန်း ကုန်ကျငွေထက် မများအောင်တော့ စိစစ်ရေးဆွဲနေဆဲဖြစ်ပါတယ်။ အခုလို တံတားအသစ်သာ တည်ဆောက်ပြီးစီးသွားမယ်ဆိုရင် မြန်မာနိုင်ငံမှာ သတ်မှတ်ထားတဲ့ မည်သည့်ကားမျိုးမဆို ဖြတ်သန်းအသုံးပြုနိုင်မှာဖြစ်တဲ့အတွက် အများကြီး အကျိုးရှိမှာဖြစ်ပါတယ်။



မြောင်းမြဘက်ကမ်း တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

**ဦးမျိုးဝင်း(ညွှန်ကြားရေးမှူး(မြို့ပြ)၊ တံတားဦးစီးဌာန တည်ဆောက်ရေး အဖွဲ့(၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**



**မေး ။ ။ မြောင်းမြတံတားအသစ် တည်ဆောက်နေမှုနဲ့ပတ်သက်ပြီး အရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်နေတဲ့အပိုင်းကို သိပါရစေ။**

ဖြေ ။ ။ တံတားအသစ်ရဲ့ဖောင်ဒေးရှင်းအပိုင်းကိုတော့ နှစ်မျိုးစဉ်းစားပြီး ဆောင်ရွက်ပါတယ်။ အလုပ် လျင်မြန်လွယ်ကူအောင် ချဉ်းကပ်တံတား မြောင်းမြဘက်ကမ်းကိုတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက Bored Pile တူးတဲ့လုပ်ငန်းတွေကို သတ်မှတ်ထားတဲ့ အနက်ပေ၊ အရည်အသွေးနဲ့ စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်နေပါတယ်။ အဲဒီလို Bored Pile တူးရင်းနဲ့လည်း ချဉ်းကပ်တံတား ပုသိမ်ဘက်ကမ်းမှာ IHI ကုမ္ပဏီက ဂျပန်ပညာရှင်တွေနဲ့ ဂျပန်နည်းပညာအတိုင်း Spun Pile ရိုက်သွင်းတဲ့ ဖောင်ဒေးရှင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အခုဆိုရင် ချဉ်းကပ်တံတား မြောင်းမြဘက်ကမ်းနဲ့ ချဉ်းကပ်တံတား ပုသိမ်ဘက်ကမ်းမှာ ဖောင်ဒေးရှင်းလုပ်ငန်းတွေအားလုံး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

အရည်အသွေးစစ်ဆေးမှု အပိုင်းကိုတော့ တံတားဦးစီးဌာန ရုံးချုပ်က အရည်အသွေးစစ်ဆေးရေးအဖွဲ့တွေနဲ့ စစ်ဆေးပါတယ်။ ဖောင်ဒေးရှင်းလုပ်ငန်းကိုလည်း ဂျပန်ပညာရှင်တွေကိုယ်တိုင် အရည်အသွေးစစ်ဆေးပါတယ်။ ပိုင်တွေကိုတော့ ဂျပန်ပညာရှင်တွေက မှော်ဘီမြို့နယ် ကုလားကုန်းမှာရှိတဲ့ သူတို့ရဲ့စက်ရုံကနေ အရည်အသွေးစစ်ဆေးပြီး ထုတ်လုပ်ထားတာဖြစ်ပါတယ်။ အဲဒီ Pile တွေကို သယ်ယူပြီး ရိုက်သွင်းခြင်းလုပ်ငန်းကို သူတို့ကိုယ်တိုင် ဆောင်ရွက်ပါတယ်။ ဂျပန်ပညာရှင်တွေ အရည်အသွေးစစ်ဆေးထားတဲ့ အချက်အလက်မှတ်တမ်းမှတ်ရာတွေကိုလည်း သေချာထားရှိပြီးတော့ Pile ရိုက်သွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်တဲ့ ချဉ်းကပ်တံတား မြောင်းမြဘက်ကမ်းကိုတော့ တံတားဦးစီးဌာနရုံးချုပ်ရဲ့ အရည်အသွေးစစ်ဆေးရေးအဖွဲ့တွေက စစ်ဆေးပါတယ်။

**မေး ။ ။ လက်ရှိဆောင်ရွက်နေမှု အခြေအနေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ်ကို ပြောပြပေးပါဦး။**

ဖြေ ။ ။ လက်ရှိမှာ ဖောင်ဒေးရှင်းလုပ်ငန်းတွေပြီးတော့ ဖောင်ဒေးရှင်းအပေါ်မှာ ပြန်ပြီး အုပ်တဲ့ Pile ထိပ်အုပ်လုပ်ငန်းတွေကို မြောင်းမြဘက်ကမ်းမှာ အကုန်ဆောင်ရွက်ပြီးဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*

**“အရည်အသွေးစစ်ဆေးမှု အပိုင်းကိုတော့ တံတားဦးစီးဌာန ရုံးချုပ်က အရည်အသွေးစစ်ဆေးရေးအဖွဲ့တွေနဲ့ စစ်ဆေးပါတယ်။ ဖောင်ဒေးရှင်းလုပ်ငန်းကိုလည်း ဂျပန်ပညာရှင်တွေကိုယ်တိုင် အရည်အသွေးစစ်ဆေးပါတယ်။ ပိုင်တွေကိုတော့ ဂျပန်ပညာရှင်တွေက မှော်ဘီမြို့နယ် ကုလားကုန်းမှာရှိတဲ့ သူတို့ရဲ့ စက်ရုံကနေ အရည်အသွေးစစ်ဆေးပြီး ထုတ်လုပ်ထားတာဖြစ်”**



ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတားလုပ်ငန်းခွင်ကို တွေ့ရစဉ်။

# စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်နေမှုနှင့်ပတ်သက်သည့် ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မေ ၁၂**

စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်နေမှုနှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့ တက်ရောက် အမှာစကားပြောကြားသည်။

**တိုးတက်တင်သွင်းလာ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံသည် စက်သုံးဆီအား နိုင်ငံအတွင်း ထွက်ရှိသော ရေနံမှတစ်ဆင့် ကိုယ်တိုင်ထုတ်လုပ်သုံးစွဲသည့် နိုင်ငံဖြစ်သော်လည်း ပြည်တွင်းထုတ်လုပ်မှု လုံလောက်ခြင်းမရှိသည့်အတွက် ပြည်ပမှ မှာယူတင်သွင်းသုံးစွဲလျက်ရှိကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအခြေအနေအရ စက်သုံးဆီသုံးစွဲမှု ပိုမိုများပြားလာသည့်အတွက် တင်သွင်းမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်တင်သွင်းလာသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်သုံးဆီများကို အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် သုံးစွဲနိုင်ရေးသည် အထူးအရေးကြီးပါကြောင်း၊ နိုင်ငံတကာဈေးနှုန်းအပေါ် အခြေခံ၍ ပြည်တွင်းဈေးနှုန်းများ ပြောင်းလဲမည်ဖြစ်သော်လည်း ဖြစ်သင့်ဖြစ်ထိုက်သည့် ပြောင်းလဲမှုမျိုးဖြစ်စေရန်နှင့် ဈေးနှုန်းတည်ငြိမ်စေရန် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးပေးစေလိုပါကြောင်း၊ စက်သုံးဆီဈေးနှုန်းများ ကြီးမြင့်နေမှုဖြစ်ပေါ်ခြင်းကြောင့် ကုန်ထုတ်လုပ်မှုစရိတ်၊ သယ်ယူပို့ဆောင်ရေးစရိတ်များ မြင့်တက်လာပြီး အထွေထွေကုန်ဈေးနှုန်းအပေါ်တွင်ပါ အကျိုးသက်ရောက်မှု ဖြစ်ပေါ်လာပါကြောင်း။

စက်သုံးဆီဈေးနှုန်း တည်ငြိမ်ရေး၊ ဈေးနှုန်းကျဆင်းရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများ၊ စက်သုံးဆီများကို ဝယ်ယူ၊ သိုလှောင်၊ သယ်ယူ၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းတစ်လျှောက် (Supply Chain) တစ်ခုလုံးအတွက် ထည့်သွင်းစဉ်းစားပြီး သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်နှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များအနေဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေး အကြံပြုပေးကြရန် စသည်ဖြင့် ပြောကြားသည်။

**သိုလှောင်နိုင်မှုစွမ်းအား**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က စက်သုံးဆီဈေးနှုန်း တည်ငြိမ်ရေး၊ ဈေးနှုန်းကျဆင်းရေးအတွက် လတ်တလော ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်း၊ ကာလလတ် နှင့် ကာလရှည် ဆောင်ရွက်ရမည့် နည်းလမ်းများ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများမှ ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စက်သုံးဆီ သိုလှောင်နိုင်မှုစွမ်းအားကိုလည်း ရေရှည်မှာ တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံအတွင်း ရေနံချက်လုပ်နိုင်စွမ်းကိုလည်း မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ကုန်သည်အသင်းအဖွဲ့များမှ စက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းချသူများက မိမိတို့ သက်ဆိုင်ရာလုပ်ငန်းများအလိုက် ရှင်းလင်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ဖြည့်ဆည်းရောင်းချ**

အစည်းအဝေးတွင် သင်္ကြန်နှစ်သစ်ကူး ကာလအတွင်း ပြည်တွင်းဖြန့်ဖြူးနေသည့် စက်သုံးဆီဈေးနှုန်းများ မြှင့်တင်ရောင်းချခြင်း လုံးဝမပြုလုပ်ရန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လက်ဝယ်ရှိ စက်သုံးဆီများထဲမှ ဓာတ်ဆီဂါလန်သုံးသန်းကို ဈေးကွက်အတွင်းသို့ ဖြည့်ဆည်းရောင်းချပေးရန်နှင့် စက်သုံးဆီဈေးနှုန်း ကာလလတ်နှင့် ကာလရှည် ဆောင်ရွက်သွားမည့် အစီအမံများ အကောင်အထည်ဖော်ရန် သက်ဆိုင်ရာ အစိုးရဌာနများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ စဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ပုသိမ်ဘက်ကမ်းမှာ Pile ထိပ်အုပ်လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပါမယ်။ အခုဆိုရင် စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ Pile ထိပ်အုပ်ပြီးရင် ချဉ်းကပ်တံတားတိုင် (Shaft) တွေကို မြောင်းမြဘက်ကမ်းမှာ သွန်းလောင်းပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကန့်လန့်ဖြတ်ရက်မ (ကြိုတင်အားဖြည့်သံကူကွန်ကရစ် ရက်မ)တွေကိုလည်း ဂျပန်ပညာရှင်တွေက မော်ဘီမြို့နယ် ကုလားကုန်းမှာရှိတဲ့ သူတို့ရဲ့ စက်ရုံမှာ စတင်သွန်းလောင်းနေပြီဖြစ်ပါတယ်။ ရက်မ စုစုပေါင်း ၇၂ ခုရှိပါတယ်။ မိုးတွင်းကာလမှာ စက်ရုံမှာထုတ်လုပ်မယ်။ မိုးကုန်တာနဲ့ မြောင်းမြတံတားအသစ် တည်ဆောက်ရေးလုပ်ငန်းခွင်ကိုသယ်ယူပြီး တပ်ဆင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထုတ်လုပ်မှုလုပ်ငန်းနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေကိုတော့ ဂျပန်ကုမ္ပဏီနဲ့ သဘောတူညီထားပြီး ဖြစ်ပါတယ်။ အဓိက ကျန်နေတဲ့ အပိုင်းဖြစ်တဲ့ ပင်မတံတား RP1၊ RP2၊ RP3၊ RP4 Bored Pile လုပ်ငန်းတွေကိုလည်း Bored Pile စက်နှစ်စီးနဲ့ မြောင်းမြဘက်ကမ်းနဲ့ ပုသိမ်ဘက်ကမ်းမှာ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

**မေး ။ ။ တံတားအသစ် တည်ဆောက်မှုနဲ့ ပတ်သက်ပြီး ကြိုတင်လေ့လာမှုနဲ့ တွေ့ရှိချက်တွေရှိရင် ပြောပြပေးပါဦး။ အမျိုးအစား ပြောင်းလဲတည်ဆောက်မှုကြောင့် ကွဲပြားမှုတွေရှိရင် သိပါရစေ။**

ဖြေ ။ ။ မြောင်းမြမြို့ရဲ့ထူးခြားချက်က ကမ်းနားမှာ ဆန်စက်တွေ တည်ထားပါတယ်။ ဆန်စက်တွေတည်ထားတဲ့အတွက် တံတားတိုင်ကို စတင်ပြီး တည်ဆောက်စဉ် အချိန်ကတည်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပညာရှင်တွေနဲ့အတူ ဖြစ်နိုင်ခြေရှိတဲ့ မြစ်ကမ်းပါးတိုက်စားနိုင်မှု အခြေအနေတွေကို ကြိုတင်လေ့လာပါတယ်။ အဲဒီလိုလေ့လာပြီးမှ မြစ်ကမ်းပါး မတိုက်စားနိုင်အောင် တံတားတိုင်နှစ်တိုင်ကို ကမ်းစပ်မှာ တည်လိုက်ပါတယ်။ တံတားတိုင်နှစ်တိုင်ရဲ့အကွာအဝေးဟာ မီတာ ၁၄၀ ရှိပါတယ်။ တံတားတိုင်တွေကို ကုန်းပေါ်မှာ တည်လိုက်ခြင်းအားဖြင့် မြစ်ကမ်းပါးတွေကို တိုက်စားမှုမရှိနိုင်ပါဘူး။ တံတားအသစ်ရဲ့ မူလအမျိုးအစားကနေ အဓိက ပြောင်းလဲသွားတဲ့အပိုင်းကတော့ ပင်မတံတားအပိုင်းပဲဖြစ်ပါတယ်။ တံတားရဲ့ ခံနိုင်ဝန်က မူလအတိုင်း (ယာဉ်+ကုန်) တန် ၆၀ ဖြတ်သန်းနိုင်မှာဖြစ်သလို ချဉ်းကပ်တံတားအပိုင်းကလည်း ပြောင်းလဲမှုမရှိပါဘူး။

**တွေ့ဆုံမေးမြန်း-ရဲခေါင်၊ ဇော်ကြီး**
**ဓာတ်ပုံ-ဇော်မင်းလတ်**



**မြောင်းမြဘက်ကမ်း ပင်မတံတား ဘိုးပိုင် ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။**

# ဝေါမြို့နယ်၌ သင်္ကြန်ပွဲတော် စည်ကားစွာကျင်းပနိုင်ရေး ဆွေးနွေး

**ဝေါ မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် မဟာသင်္ကြန်ပွဲတော်အား မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၁၂ ရက်က ဝေါမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မဟာသင်္ကြန်ပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပဲခူးခရိုင်တွင် သွားရောက်ယှဉ်ပြိုင်မည့် ဝေါမြို့နယ်ကိုယ်စားပြု ယိမ်းအဖွဲ့အား သင်ကြားလေ့ကျင့်ပေးနေမှုတို့ကို ဝေါမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**နေပြည်တော် မြို့မဈေး အဝေးပြေးကားဂိတ်၌ သင်္ကြန်ကာလ ရုံးပိတ်ရက်အတွင်း အမြို့မြို့အနယ်နယ်သို့ ပြန်ကြမည့် နိုင်ငံ့ဝန်ထမ်းများနှင့် အများပြည်သူများအား မေ ၁၂ ရက်က တွေ့ရစဉ်။** ကိုပေါက် (ဥက္ကာမြေ)

# အလုံမြို့နယ် သင်္ကြန်ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်ဖွင့်

**ရန်ကုန် မေ ၁၂**

၁၃၇၉ ခုနှစ် မဟာသင်္ကြန်တွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် အလုံမြို့နယ် သင်္ကြန်ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ် ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကြိုနေ့ထက် တစ်ရက်စော၍ မေ ၁၂ ရက် မွန်းလွဲ ၃ နာရီက အောက်ကြည့်မြင်တိုင်လမ်းမ အ.ထ.က (၅) အလုံကျောင်းရှေ့ ဗဟိုရေကစားမဏ္ဍပ်၌ ပြုလုပ်သည်။

ဖွင့်ပွဲအခမ်းအနားကို “မြူမှောင်ဝေကင်း” သီချင်းဖြင့် စတင်ဖွင့်လှစ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား အလေးပြုကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဝင်း၊ မြို့နယ်အမျိုးသားဒီမိုကရေစီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်တို့က ပြောကြားသည်။

ယင်းနောက် သင်္ကြန်ပွဲတော်အခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး တက်ရောက်လာကြသူများက သပြေခက်ဖြင့် ရေပက်ဖျန်းကြကာ အဆိုတော်များ၊ ယိမ်းအဖွဲ့များက ညှော့ခံဖျော်ဖြေကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**



❏ *ကျော်ဖုံးမှ*

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ခရီးစဉ်လာရောက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြား၍ **ကော့ခ်ဘဇားရှိ နေရပ်စွန့်ခွာနေထိုင်သူများစခန်း၌ နေရပ်စွန့်ခွာသူများ**နှင့် တွေ့ဆုံခဲ့ပါကြောင်း၊ ၎င်းတို့အနေဖြင့် ယနေ့အချိန်အထိ ပြန်လည်လက်ခံရေးနှင့် သက်ဆိုင်သည့် ဖောင်ပုံစံ များကို မည်သူကမျှလာရောက်အသိပေး ဖြည့်စွက်ခိုင်းခြင်းမရှိသေးပါဟု ၎င်းတို့၏ ပြောကြားချက်အရ သိရှိရပါကြောင်း။

**လက်ဗွေပုံစံနှင့် ဓာတ်ပုံများ ပါဝင်ခြင်းမရှိ**

ဘင်္ဂလားဒေ့ရှ်ဘက်မှ ပေးပို့လာသည့် ၈၀၃၂ ဦး၏ စာရင်းနှင့် ဖြည့်စွက်ထားသော ပုံစံများမှာ နှစ်နိုင်ငံအကြား သဘောတူညီထားသော Physical Arrangement ပါ ဖောင်ပုံစံအတိုင်း မဟုတ်ပါကြောင်း၊ ၎င်းတို့ ဆန္ဒအလျောက်ပြန်လာလိုကြောင်း ဖော်ပြလက်မှတ်ရေးထိုးထားမှု၊ လက်ဗွေပုံစံနှင့် ဓာတ်ပုံများ ပါဝင်ခြင်းမရှိပါကြောင်း။

**ပြန်လည်ဖြည့်စွက်ပေးရန် အရေးကြီး**

မြန်မာဘက်အနေဖြင့် ၎င်းပုံစံများကို စိစစ်ရန် ခက်ခဲပါကြောင်း၊ ဤသို့ပေးပို့ခံရကြောင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သုံးကြိမ်အသိပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ရရှိသည့် အချက်အလက်များ အပေါ်အခြေခံ၍ မြန်မာဘက်မှ ကြိုးစားစိစစ်ခဲ့ပါကြောင်း၊ ယခုအထိ ၆၇၅ ဦးအား မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သည့် အထောက်အထားများကို စိစစ်ရရှိပါကြောင်း၊ စိစစ်ပြီးစာရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပေးပို့ခဲ့သော်လည်း ယနေ့အထိ ပြန်ကြားချက် မရရှိသေးပါကြောင်း၊ နှစ်ဖက်သဘောတူညီထားသည့် ဖောင်ပုံစံအတိုင်းအချက်အလက်များကို ပြန်လည်ဖြည့်စွက်ပေးရန် အရေးကြီးပါကြောင်း။

**ညှိနှိုင်းဆောင်ရွက်လျက်ရှိ**

နယ်နိမိတ်မျဉ်းတွင် ရောက်ရှိနေထိုင်နေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဖြစ်၍ နားလည်မှုလွဲနိုင်သည့် ကိစ္စများကို နှစ်ဖက်သက်ဆိုင်သည့် ဌာနများအကြား ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေး၊ ပြန်လည်နေရာချထားရေးကိစ္စတွင် UNDP, UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ထားမှု၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်နေမှုနှင့် အနာဂတ်တွင် ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ ဒါကာမြို့ရှိ မြန်မာသံရုံး၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံအခြေစိုက် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

**ပူးပေါင်းဆောင်ရွက်သွားမည်**

အလားတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ပြန်လည်လက်ခံရေး လုပ်ငန်းစဉ်များ အမြန်ဆုံးစတင်နိုင်ရေးအတွက် အချက်အလက်များကို နှစ်ဖက်သဘောတူညီသည့် ဖောင်ပုံစံတွင် ဖြည့်စွက်၍ မြန်မာနိုင်ငံဘက်သို့ ပေးပို့မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်အနီး နားလည်မှုလွဲနိုင်သောကိစ္စများ မဖြစ်ပေါ်နိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်းသွားမည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်အရာရှိကြီးများ အဆင့်တွင်လည်းညှိနှိုင်းသွားမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားအိမ်နီးချင်း နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကိုလည်း အကြံပြုဆွေးနွေးပြောကြားသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ မြန်မာသံအမတ်ကြီးဦးလွင်ဦး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းတို့လည်း တက်ရောက်ကြသည်။

**ပြန်လည်ရှင်းလင်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Abul Hassan Mahmood Ali,M.P တို့သည် သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံဝန်ကြီးအဆင့် ဆွေးနွေးမှုရလဒ်များကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**လူသားချင်းစာနာမှုအကူအညီ ထောက်ပံ့ရေး**

အလားတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒါကာမြို့ရှိ မြန်မာသံရုံး၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အခြေစိုက် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ နှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များ အပေါ်အခြေခံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံဘက်မှ ပြန်လည်လက်ခံရေးအတွက် အသင့်ပြင်ဆင်ပြီးစီးမှုများ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အစီအစဉ်ဖြင့် ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများ၊ အိမ်ရာများ တည်ဆောက်ပေးနေမှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း တည်ထောင်ပေးနေမှု၊ ပညာရေးနှင့် ကျန်းမာရေးတို့အား လွယ်လင့်တကူရရှိအောင် စီစဉ်ထားမှု၊ ၂၀၁၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ဒုက္ခသည်စခန်းများအား ပိတ်သိမ်းဆောင်ရွက်နေမှုများကို အကျယ်တဝင့် ပြောကြားကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းပြောကြားသည်။

**တည်ခင်းဧည့်ခံ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာသံရုံးမိသားစုဝင်များက မြန်မာသံအမတ်ကြီးနေအိမ်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သူရဇော်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးတို့ နှစ်နိုင်ငံသတင်းစာရှင်းလင်းပွဲကျင်းပစဉ်။ သတင်းစဉ်

# ရခိုင်ပြည်နယ်အတွင်း ပြည်သူများရောဂါစားကြရာတွင် မတော်တဆထိခိုက်မှုများဖြစ်ပါက အချိန်မီကုသမှုများ ဆောင်ရွက်ပေးနိုင်ရေး ဆေးရုံများအားလုံးသို့ ညွှန်ကြားထားပြီးဖြစ်

**စစ်တွေ မေ ၁၂**

မြန်မာသက္ကရာဇ် ၁၃၇၉ ခု မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရခိုင်ပြည်နယ်အတွင်း၌ ပြည်သူများ ရောဂါစားကြရာတွင် မတော်တဆထိခိုက်မှုများဖြစ်ပွားပါက အချိန်မီထိရောက်စွာ ကုသမှုများဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ ဆေးရုံများအားလုံးမှ တာဝန်ရှိသူများအား ညွှန်ကြားထားပြီးဖြစ်ကြောင်း ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကြည်လွင်ကပြောကြားသည်။

"စစ်တွေခုတင် ၅၀၀ ဆံ့ဆေးရုံကြီးမှာဆိုရင် လိုအပ်တဲ့ဆေးဝါးတွေ အသင့်အနေအထားလုပ်ထားပါတယ်၊ ဒါ့အပြင် အရေးပေါ်လူနာတင်ယာဉ်တွေကို ဖုန်းဆက်ခေါ်တာနဲ့သွားရောက် ခေါ်ယူနိုင်အောင် အဆင်သင့်လုပ်ထားပြီး ဖြစ်ပါတယ်၊ ဆေးရုံတွေမှာဆိုရင်လည်း အထူးကုဆရာဝန်အပါအဝင် ဆရာဝန်တွေနဲ့ သူနာပြုတွေက နေ့ဆိုင်းညဆိုင်း အလှည့်ကျဂျူတီနဲ့ တာဝန်ထမ်းဆောင်နေမှာဖြစ်ပြီး ယခင်ကထက် အသင့်အနေအထားရှိနေမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စစ်တွေဆေးရုံကြီး အနေဖြင့် အထူးကု ဆရာဝန်ကြီးများအပါအဝင် ဆရာဝန် ၇၄ ဦး၊ သူနာပြု ၁၈၀ ကျော်ဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး သင်္ကြန်ကာလအတွင်း မတော်တဆထိခိုက်မှုများ ရှိလာပါက အရေးပေါ်ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

"ရခိုင်ပြည်နယ်အတွင်းက တခြားမြို့နယ်တွေမှာရှိတဲ့ ဆေးရုံတွေကိုလည်း မတော်တဆထိခိုက်မှုတွေ ဖြစ်လာခဲ့ရင် အချိန်မီကုသမှုတွေ ဆောင်ရွက်ပေးနိုင်ဖို့ ဆေးဝါးနဲ့ လူနာတင်ယာဉ်တွေကို အဆင်သင့်အနေအထားဆောင်ရွက်ဖို့ မှာကြားထားပြီးဖြစ်ပါတယ်"၎င်းက ဆက်လက်ပြောကြားသည်။

ရခိုင်ပြည်နယ်တွင် စစ်တွေခုတင် ၅၀၀ ဆံ့ ဆေးရုံကြီး၊ ကျောက်ဖြူခုတင် ၂၀၀ ဆံ့ဆေးရုံ၊ မြို့နယ်ဆေးရုံ ၁၅ ရုံ နှင့် တိုက်နယ်ဆေးရုံ ၅၃ ရုံတွင် အထူးကုဆရာဝန်၊ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးမှူး၊ အမျိုးသမီးကျန်းမာရေး ဆရာမ၊ ကျန်းမာရေးကြီးကြပ်၊ သားဖွားဆရာမ အပါအဝင် ကျန်းမာရေးဝန်ထမ်းပေါင်း ၃၀၀၀ ကျော်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်**
**ဓာတ်ပုံ- နိုင်လင်း**



ဒေါက်တာကြည်လွင်
ပြည်နယ်ပြည်သူ့ကျန်းမာရေး
ဦးစီးဌာနမှူး

# သင်္ကြန်ကာလ ယာဉ်မောင်းသူများလိုက်နာရန် အသိပေးဆိုင်းဘုတ်စိုက်ထူ

**သာယာဝတီ ဧပြီ ၁၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ရန်ကုန်-ပြည်လမ်းဘေးလူစည်ကားရာ နေရာဖြစ်သော သာယာဝတီကားဂိတ်အနီးရှိ ခရိုင်ပြည်သူ့စာကြည့်တိုက်ရှေ့တွင် ဧပြီ ၇ ရက်က သင်္ကြန်ကာလအတွင်းမှုခင်းများ မဖြစ်ပွားစေရေး ရှောင်ကြဉ်ရမည့် အချက်များ၊ အသိပေးနှိုးဆော်ချက်များ၊ သင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်အချက်များ ပါဝင်သည့်သတိပေးဆိုင်းဘုတ်စိုက်ထူပွဲကျင်းပသည်။

သာယာဝတီမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး လမ်းသွားလမ်းလာပြည်သူများ၊ ခရီးသွားမော်တော်ယာဉ်များ၊ မော်တော်ယာဉ်စီးနင်းသူပြည်သူများအား ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးသည်။

အလားတူ သုံးဆယ်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ အမှတ် ၁၄ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သုံးဆယ်မြို့ ရန်ကုန်-ပြည်ကားလမ်း သုံးဆယ်ကားဂိတ်နှင့် လူစည်ကားရာ ဈေးအတွင်းတွင် မဟာသင်္ကြန်ကာလအတွင်း ဘေးကင်းပျော်ရွှင်စွာ ကျင်းပနိုင်ရေးအတွက် အသိပညာပေးနှိုးဆော်ချက်များ၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန့်ဇော်(သာယာဝတီ)**

# မလှိုင်မြို့၌ ဆိတ်သားဈေး ထက်ဝက်ခန့်မြင့်တက်နေ၍ စားသုံးသူများ အခက်ကြုံ

**မလှိုင် ဧပြီ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ဆိတ်သားဈေးများ ထက်ဝက်ခန့် မြင့်တက်နေ၍ စားသုံးသူ ဒေသခံပြည်သူများ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

မလှိုင်မြို့နယ်တွင် မြို့မစည်ပင်သာယာဈေးကြီးတစ်ခုသာရှိ၍ ဥပုသ်နေ့တစ်ရက်သာ အပြင်ဈေးခင်းလေ့ရှိကာ ငါးရက်တစ်ကြိမ် ဈေးနေ့အဖြစ်ကျင်းပ၍ မလှိုင်မြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများအားကိုးအားထားပြုရာ တစ်ခုတည်းသော ဈေးကြီးဖြစ်သည်။

၂၀၁၈ မဟာသင်္ကြန်ကာလ နီးစပ်လာပြီး မလှိုင်မြို့မစည်ပင်သာယာဈေးအတွင်း မလှိုင်မြို့ ဒေသခံပြည်သူများ ဈေးဝယ်လာရောက်ကြ၍ ဈေးပတ်ဝန်းကျင်နှင့် ဈေးအတွင်း ပြည့်နှက်နေအောင် အရောင်းအဝယ် ကောင်းမွန်လျက်ရှိသော်လည်း ဆိတ်သားဈေးမှာ သတ်မှတ်နှုန်းထားထက် တစ်ဆမြင့်တက်နေကြောင်း မလှိုင်မြို့ ဈေးကွက်အတွင်းမှ သိရသည်။

"ကျွန်မ အခုလောလောဆယ်အနေနဲ့ ဆိတ်သား တစ်ပိဿာကို ငွေကျပ် ၂၂၀၀၀ ပေးရပါတယ်၊ လွန်ခဲ့တဲ့လကတစ်ပိဿာကို ငွေကျပ် ၁၂၀၀၀ ပေးရတာကနေ အရင် လေးငါးဆယ်ရက်ခန့်က ငွေကျပ် ၁၆၀၀၀ ပေးဝယ်ရတယ်၊ ယနေ့ဈေးက တစ်ပိဿာ ငွေကျပ် ၂၂၀၀၀ ဆိုတော့ မဖြစ်သင့်တဲ့ အနေအထားပါ၊ ကျွန်မလည်း မေးမိတယ်၊ သင်္ကြန်ကာလမို့ ဈေးတက်တာလားဆိုတော့ မဟုတ်ပါဘူး၊ လိုင်စင်ဈေးကြောင့်ပါလို့ ပြောတယ်၊ ဆိတ်သားဈေးတွေ အဆမတန်မြင့်တက်လာတော့ ကျွန်မတို့ပြည်သူတွေ ဘယ်လိုလုပ်ကြမလဲ "ဟု ဈေးဝယ်နေသူ အိမ်ရှင်မတစ်ဦးက ပြောကြားသည်။

ယခုလက်ရှိအချိန်တွင် အမဲသားမှာ တစ်ပိဿာ ငွေကျပ် ၁၂၀၀၀၊ ဝက်သား တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀၊ ကြက်သား(မြန်မာကြက်) တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀၊ မွေးမြူရေးအသားတိုးကြက် (CP ကြက်)မှာ တစ်ပိဿာ ငွေကျပ် ၆၀၀၀ ခန့်ရှိနေပြီး သတ်မှတ်ဈေးနှုန်းများထက် ပိုသော်လည်း ရောင်းချနေမြဲ ဈေးနှုန်းများသာဖြစ်ပြီး ဆိတ်သားဈေးမှာမူ ရောင်းချနေမြဲဈေးနှုန်းထက် ပိုမိုမြင့်တက်လျက်ရှိပြီး သတ်မှတ်ဈေးနှုန်းထက်မူ တစ်ဆမြင့်တက်လျက်ရှိကြောင်း စားသုံးသူများထံမှ သိရသည်။

ယနေ့ လက်ရှိ မလှိုင်မြို့မစည်ပင်သာယာဈေးအတွင်း စည်ပင်သာယာဈေး၏ ဈေးနှုန်းသတ်မှတ်ချက်မှာ ဆိတ်သား အသားထုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ သတ်မှတ်ထားပြီး ဆိတ်ရိုးမှာ တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ သတ်မှတ်ထားကြောင်း စည်ပင်သာယာဈေးနှုန်း သတ်မှတ်ချက်များအရ သိရသည်။ ယနေ့တွင် အသားထုတ် တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ ရောင်းချလျက် ရှိနေပြီး ဆိတ်ရိုးတစ်ပိဿာမှာငွေကျပ် ၈၀၀၀ သာရောင်းချလျက်ရှိနေခြင်းကြောင့် အသားဈေးများအား အမြန်ဆုံးထိန်းချုပ်ပေးရန် ဒေသခံစားသုံးသူပြည်သူများ မျှော်လင့်နေကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**







# လယ်မြေများ အဆင့်မြှင့်တင် ပြုပြင်ခြင်း ချေးငွေပေးအပ်

**ကျောင်းကုန်း ဧပြီ ၁၂**

ကျောင်းကုန်းမြို့နယ် အမှတ်-၃ ရပ်ကွက်တွင် တိုးတက်အောင်-၂ လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် အသင်းသားပိုင် လယ်မြေများ အဆင့်မြှင့်တင် ပြုပြင်ခြင်းနှင့်ချေးငွေပေးအပ်ပွဲကို ဧပြီ ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦးက ချေးငွေကိစ္စများ ရှင်းလင်းပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ စောအင်ဒရူးပန်းက ပံ့ပိုးချေးငွေကျပ် ၁၂၆ သိန်း ပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးသန်းလွင်က လက်ခံယူသည်။

ယင်းချေးငွေများဖြင့် အသင်းသားများဖြစ်သော ဦးထွန်းကြိုင် ၁၀ ဧက၊ ဦးမောင်မောင်စိုး ကိုးဧက၊ ဦးစိုးမြင့် ရှစ်ဧက၊ ဦးခင်မောင်ဝင်း ရှစ်ဧကနှင့် ဦးလှရှင် ခုနစ်ဧကတို့၏ လယ်မြေများအား အဆင့်မြှင့်တင် ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်သို့ ရီးရဲမက်ဒရစ်တို့ ရှစ်နှစ်ဆက်တိုက် တက်ရောက်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၁၂ ရက် နံနက်ပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်နှင့် ဆီဗီလာပွဲတွင် ဂိုးမရှိသရေကျခဲ့ပြီး စပိန်မြေတွင် ယှဉ်ပြိုင်ခဲ့သည့် ရီးရဲမက်ဒရစ်နှင့် ဂျူဗင်တပ်စ်ပွဲတွင် ဂျူဗင်တပ်အသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ်ကြောင့် ကွာတားဖိုင်နယ်မှ နှုတ်ဆက်ထွက်ခွာခဲ့ရသည်။

ရီးရဲနှင့် ဂျူဗင်တပ်စ်ပွဲသည် ပထမအကျော့ အီတလီမြေတွင် ယှဉ်ပြိုင်ခဲ့စဉ်က ရီးရဲအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အဝေးကွင်းတွင် အနိုင်ရရှိထားခဲ့ပြီး ယခုပွဲတွင်ပွဲစပြီး ၂ မိနစ်တွင် ခီဒီယာ၏ ဖန်တီးမှုမှတစ်ဆင့် မန်ဇူကစ်က ခေါင်းတိုက်သွင်းယူ ခဲ့ရာ ဂျူဗင်တပ်စ်တို့ အဖွင့်ဂိုးရရှိခဲ့သည်။ ပွဲချိန် ၃၇ မိနစ်တွင် ဂျူဗင်တပ်စ်အတွက် ဒုတိယဂိုးကို မန်ဇူကစ်က ထပ်မံခေါင်းတိုက် သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် ရီးရဲနည်းပြ ဇီဒန်းသည် လူစားပြောင်းလဲမှု ပြုလုပ်ခဲ့သော်လည်း ဂျူဗင်တပ်စ်ကစားကွက် ကို မထိန်းချုပ်နိုင်သေးဘဲ ပွဲချိန် ၆၁ မိနစ်တွင် ရီးရဲလ်ဂိုးသမား နားဗက်စ်ပေ့ါဆမှုကြောင့် လက်မှလွတ်ထွက်လာသော ဘောလုံးကို ဂျူဗင်တပ်စ် ကွင်းလယ်ကစားသမား မတ်တူဒီက အနီးကပ်သွင်းယူခဲ့သည်။ ပွဲချိန်မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပိုတွင် ကွင်းလယ်ဒိုင်မှ ရီးရဲအသင်းကို ပယ်နယ်တီကန်ခွင့်ပေးခဲ့ပြီး ယင်းပယ်နယ်တီကို တိုက်စစ်မှူး စီရော်နယ်ဒိုက သွင်းယူခဲ့သည်။ စီရော်နယ်ဒိုသည် ယင်းပယ်နယ်တီသွင်းဂိုးကြောင့် ချန်ပီယံလိဂ် ၁၁ ပွဲဆက် ဂိုးသွင်းစံချိန်တင်နိုင်ခဲ့သည်။ ယနေ့ပွဲတွင် ရီးရဲအသင်းသည် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် လေးဂိုး- သုံးဂိုးဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက် သွားသည်။ ဘိုင်ယန်မြူးနစ်နှင့် ဆီဗီလာပွဲတွင် ဂိုးမရှိသရေကျခဲ့ပြီး နှစ်ကျော့ပေါင်း ရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့်ဘိုင်ယန်မြူးနစ်အသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲစဉ်သို့ ရီးရဲမက်ဒရစ်၊ ဘိုင်ယန်မြူးနစ်၊ လီဗာပူးနှင့် ရိုးမားအသင်းတို့တက်ရောက်ခဲ့ပြီး အကြိုဗိုလ်လုပွဲစဉ် မဲနှိုက်ရွေးချယ်မှု ကို ဧပြီ ၁၃ ရက် ညနေပိုင်းတွင် ရွေးချယ်သွားမည်ဖြစ်သည်။

**သီဟ**

# မောင်တောမြို့နယ် ငါးခူရကျေးရွာအုပ်စု ဟိန္ဒူကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**စစ်တွေ ဧပြီ ၁၂**

မောင်တောခရိုင် မောင်တောမြို့နယ် ငါးခူရကျေးရွာအုပ်စု ဟိန္ဒူကျေးရွာတွင် နေအိမ်၌ ထမင်းချက်ရာမှ ယနေ့မွန်းလွဲပိုင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ **(အောက်ပုံ)**အိမ်ခြေ ၆၅ အိမ် မီးလောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁ နာရီတွင် အဆိုပါကျေးရွာနေ ဇူမွန်ဒူ(အဘ)အီရှီနာ နေအိမ်တွင် ထမင်းချက်ရာမှ နေအိမ်ထရံကို စတင်မီးလောင်ကျွမ်းခဲ့ပြီး အနီးနားနေအိမ်များသို့ မီးကူးစက်လောင်ကျွမ်းရာ အိမ်ခြေ ၆၅ အိမ် မီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုအား ငါးခူရမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ မောင်တောမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၃နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။

ကျေးရွာတွင် အိမ်ခြေ ၈၀ ရှိပြီး အိမ်ထောင်စု ၅၄ စု၊





မီးဘေးသင့်အိမ်ထောင်စုများအား တွေ့ရစဉ်။

လူဦးရေ ၆၅၉ ဦး နေထိုင်လျက်ရှိပြီး မီးလောင်ခဲ့မှုကြောင့် အိမ်ထောင်စု ၄၃ စု၊ လူဦးရေ ၄၁၉ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကာ ယင်းအိမ်ထောင်စုများအား ငါးခူရအခြေခံပညာအထက်တန်းကျောင်းတွင် ယာယီနေရာချထားပေးထားကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ သွားရောက်ခဲ့ကြပြီး မီးဘေးသင့်အိမ်ထောင်စုများအတွက် မီးဖိုချောင်သုံးပစ္စည်းများ၊ ဆန်၊ ဆီ၊ ဆားနှင့် အခြားအသုံးဆောင်ပစ္စည်းများအပြင် ယာယီတဲထိုး နေထိုင်နိုင်ရေးအတွက် မိုးကာစများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြန်လည်နေရာချထားရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမြင့်**

## ကေအိုင်အေအဖွဲ့ပစ်ခတ်သည့် လက်နက်ကြီးကျည်ဆန် လူနေအိမ်ခြံဝင်းအတွင်း ကျရောက်ပေါက်ကွဲ





**နမ္မတီး မေ ၁၂**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့သူဌေးကုန်းကျေးရွာ ရပ်ကွက် ၄ တွင် မေ ၁၂ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ကေအိုင်အေအဖွဲ့မှ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးကျည်ဆန်သည် လူနေအိမ်ခြံဝင်းအတွင်းသို့ ကျရောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက် မွန်းလွဲပိုင်းက နမ္မတီးမြို့၏ အရှေ့ဘက် မောက်ရောင်ကွင်း(ဒေသအခေါ်)ဘက်မှ ကေအိုင်အေအဖွဲ့သည် လက်နက်ကြီးဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ရာ တစ်လုံးမှာ နယ်မြေခံတပ်၏ နောက်ကျောဘက်သို့ ကျရောက်ခဲ့ပြီး ကျန်တစ်လုံးမှာ သူဌေးကုန်းကျေးရွာ ရပ်ကွက် ၄ နေ ဦးစိုးမောင်(၇၀ နှစ်)နှင့် ဦးခိုင်လွင်ဦး(၄၃ နှစ်)တို့၏ နေအိမ်နောက်ခြံစည်းရိုးကြား ဝါးရုံပင်ပေါ်သို့ ကျရောက် ပေါက်ကွဲမှုဖြစ်ခဲ့ခြင်းကြောင့် အနီးရှိ နွားတင်းကုတ်၌ ချည်နှောင်ထားသည့် ခိုင်းနွားနှစ်ကောင် လက်နက်ကြီးကျည်ဆန် ထိမှန်ခဲ့ကာ ခိုင်းနွားတစ်ကောင် သေဆုံးပြီး ကောက်ရိုးသိုလှောင်တဲ မီးလောင်ခဲ့သည်။ **(အပေါ်ပုံ)**

မီးလောင်သည့်နေရာသို့ နမ္မတီးမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ မိုးကောင်းမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီးနှင့် ကျေးရွာနေပြည်သူလူထုများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁၂ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## အိမ်သာကျင်းထဲဆင်း၍ မိလ္လာများ ခပ်ထုတ်စဉ် အောက်ဆီဂျင်ပြတ်ကာ သုံးဦးသေဆုံး

**ရန်ကုန် မေ ၁၂**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် မေ ၁၂ ရက်နံနက် ၁၀ နာရီခန့်က အိမ်သာကျင်းထဲဆင်း၍ မိလ္လာများအားခပ်ထုတ်စဉ် အောက်ဆီဂျင်ပြတ်၍ သတိလစ်ပြီး အမျိုးသားသုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဒဂုံမြို့သစ် ( တောင်ပိုင်း )မြို့နယ် အမှတ် ၂၃ ရပ်ကွက် မန္တလေးလမ်းရှိ ပိုင်ရှင် ဦးစိုးဝင်း၊ အိမ်ငှား ဦးဇော်မျိုးထွန်း၏ သုံးခန်းတွဲအိမ်သာ၏ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အနက် ၅ ပေရှိ အိမ်သာကျင်းထဲမှ မိလ္လာများအား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ် ၂၃ ရပ်ကွက်တွင် နေထိုင်သူများဖြစ်ကြသည့် ဦးပိန် ( ခ )တင်သန်း (၃၈ နှစ် )၊ ဦးသိန်းနိုင် (၄၅ နှစ် ) နှင့်ဦးချစ်ကို (၂၅ နှစ်)တို့ ဆင်းပြီးခပ်ထုတ်စဉ် အောက်ဆီဂျင်ပြတ်ပြီး သတိလစ်သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်ရပ်သို့ မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသန်းထိုက်အောင် ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်လေးဦးတို့ သွားရောက်ဆယ်ယူရာ နံနက်၁၁ နာရီခွဲခန့်တွင် အဆိုပါ အမျိုးသားသုံးဦးအား ဆယ်ယူရရှိသည်။ သေဆုံးသွားသည့် အမျိုးသားသုံးဦးအား ရွှေသန်လျင်နာရေးကူညီမှုအသင်း (ဒဂုံ)မှ နိဗ္ဗာန်ယာဉ်သုံးစီးဖြင့် သဃ်န်းကျွန်းမြို့နယ်စံပြဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူရ**

## ခရီးသည်တင်မှန်လုံယာဉ် ချောက်အတွင်းထိုးကျ၊ ငါးဦးသေဆုံး



**ငဖဲ မေ ၁၂**

ငဖဲမြို့နယ် စပ်စီကျေးရွာအနီး မင်းဘူး-အမ်း ကားလမ်း(နတ်ရေကန်တောင်ရှောင်ကွင်းလမ်းအပိုင်) မိုင်တိုင်အမှတ် ၄၄/၄ နှင့် ၄၄/၅ အကြား စပ်စီကျေးရွာနှင့် မြေလတ်ကျေးရွာအကြားတွင် မေ ၁၁ ရက် ညနေ ၅နာရီခွဲခန့်က ယာဉ်တိမ်းမှောက်၍ ငါးဦးသေဆုံးသွားကြောင်း သိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်းသတင်းအရ ဂုတ်ကြီးရဲစခန်းမှ ရဲအုပ်ကျော်မျိုးနှင့်အဖွဲ့သည် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ကျောက်ဖြူ -အမ်း-မင်းဘူး ပြေးဆွဲသည့် ထွန်း မှန်လုံခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်မောင်း ကျော်ဝင်းခိုင် (၃၅ နှစ်) ရွှေတပင်ကွက်သစ်ရပ် မင်းဘူးမြို့နေသူ မောင်းနှင်သည့် ယာဉ်အမှတ် 9I /-----ဟွန်ဒိုင်း မီနီဘတ်စ်ယာဉ်သည် ဘုရားဖူးခရီးသည် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း လူ ၂၈ ဦး အား တင်ဆောင်၍ အမ်းမြို့နယ်မှ ငဖဲမြို့နယ် ပဒါန်းကျေးရွာဘက်သို့ မင်းဘူး-အမ်းကားလမ်းအတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက် ကုန်းအဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ ကားလမ်း၏ ယာဘက်အနက် ပေ ၂၅၀ ခန့်ရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါသူများအနက်မှ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၁၃ ဦး ထိခိုက်ဒဏ်ရာရရှိပြီး အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ အခင်းဖြစ်နေရာတွင် ရရှိဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ကျော်ဝင်းခိုင်အား ငဖဲမြို့နယ်ရဲစခန်းတွင် အမှုဖွင့်စစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါယာဉ်အား ဘုရားဖူးများစုပြီး အော်ဒါခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း အသက်ရှင်ကျန်ရစ်သူများထံမှ သိရပြီး အခင်းဖြစ်ရပ်သို့ ကယ်ဆယ်ရေးလုပ်ငန်းများကို ဂုတ်ကြီးကျေးရွာမှ သွားရောက်ကူညီကာဂုတ်ကြီးရဲတပ်ဖွဲ့၊ ပဒါန်းရဲတပ်ဖွဲ့များအပြင် ငဖဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သော ကယ်ဆယ်ရေးအဖွဲ့များကလည်း လာရောက်ကူညီခဲ့ကြကြောင်းသိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## သီပေါမြို့၌ အသံမိုင်းတစ်လုံး ပေါက်ကွဲ

**နေပြည်တော် မေ ၁၂**

ရှမ်းပြည်နယ် သီပေါမြို့ အိုရီယမ်တယ်တိုးဂိတ်အရှေ့တောင်ဘက် တောင်ယာခင်းအစပ်၌ မေ ၁၁ ရက် နံနက် ၄ နာရီ ၄၅ မိနစ်က အသံမိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်း သိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုသတင်းအရ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ သီပေါမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့စု(သီပေါ) မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ မြေကြီးများဖွာနေပြီး လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

အဆိုပါပေါက်ကွဲမှုသည် SSPP/SSA အဖွဲ့မှ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် သွားလာနေသော ကုန်တင်ယာဉ်အချို့ထံ ဆက်ကြေးကောက်ခံ လှုပ်ရှားသွားလာခြင်းများအား တပ်မတော်မှ လိုက်လံရှင်းလင်းလျက်ရှိသဖြင့် အိုရီယမ်တယ် တိုးဂိတ်၌ ပိတ်ဆို့ရှာဖွေစစ်ဆေးရေး တာဝန်ထမ်းဆောင်နေသည့် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် အခြားဌာနဆိုင်ရာများအား ခြောက်လှန့်ခြင်းဖြစ်နိုင်သည်ဟု သုံးသပ်ရရှိကြောင်း သိရသည်။

**ကိုရဲ**

## အမ်းမြို့၌ တရားမဝင် ဝင်ရောက်လာသူတစ်ဦးနှင့် ပို့ဆောင်ပေးသူနှစ်ဦးအား အရေးယူ

**နေပြည်တော် မေ ၁၂**

ရခိုင်ပြည်နယ် အမ်းမြို့ပဲပဒုံစစ်ဆေးရေးဂိတ်၌ အမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ် ဒုတိယလဝကမှူး ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မေ ၁၁ ရက် ညနေ ၃ နာရီခွဲက စစ်တွေဘက်မှ ရန်ကုန်ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်တစ်စီးအား စစ်ဆေးရာ တရားမဝင် ဝင်ရောက်လာသူတစ်ဦးနှင့် အခကြေးငွေရယူပို့ဆောင်ပေးသူနှစ်ဦး ဖမ်းဆီးရမိခဲ့သည်။

မေ ၁၁ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ၃၆ ရပ်ကွက်နေ ဦးစိုးလှိုင်(၄၈ နှစ်) မောင်းနှင်လာသည့် 4N/-----ရိုးမ မန္တလာ ခရီးသည်တင်ယာဉ်အား ပူးပေါင်းအဖွဲ့များ ရပ်တန့်စစ်ဆေးစဉ် ခုံအမှတ် ၂၈ တွင် လိုက်ပါလာသူ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ခေါင်းတုတ်ကျေးရွာနေ မမီမီး(ခ) အူမူဒူစုန် (၁၅နှစ်)အား တွေ့ရှိ၍ စစ်ဆေးရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ဒလမြို့ ကမာကသွယ် ရပ်ကွက်နေ အောင်မင်းဦး (ခ) နော်မန် (၂၁ နှစ်)နှင့် စက်မြေရပ်ကွက်နေ ညီညီလွင်(၃၁နှစ်)တို့နှစ်ဦးက ခေါ်ဆောင်လာကြောင်း သိရသည်။

**ခေါ်ဆောင်လာစဉ် ဖမ်းဆီးခံရ**

၎င်းတို့အား စစ်ဆေးရာ ညီညီလွင်နှင့် အောင်မင်းဦး(ခ)နော်မန်တို့သည် မေ ၈ ရက် နံနက် ၈ နာရီက ဒလမြို့နယ်မှ အောင်သစ္စာခရီးသည်တင်ယာဉ်ဖြင့် ထွက်ခွာလာကာ ကျောက်တော်မြို့နယ် ခေါင်းတုတ်ကျေးရွာသို့ ရောက်ရှိပြီး မမီမီး(ခ)အူမူဒူစုန်အား ရန်ကုန်မြို့သို့ ပို့ဆောင်ခ ငွေကျပ် သိန်း ၂၀ ဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ စရန်ငွေကျပ် လေးသိန်း လက်ခံရယူပြီးဖြစ်ကြောင်း၊ ကျန်ငွေကျပ် ၁၆ သိန်းအား ရန်ကုန်ရောက်ပါက ပေးချေမည်ဖြစ်ကြောင်း သဘောတူ၍ ၎င်း၏အဒေါ်ဖြစ်သူ၏အိမ်မှ ခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ရိုးမ မန္တလာ ခရီးသည်တင်ယာဉ်ဖြင့် ခေါ်ဆောင်လာစဉ် ဖမ်းဆီးခံရကြောင်း သိရှိရသဖြင့် အောင်မင်းဦး(ခ)နော်မန်နှင့် ညီညီလွင်တို့ကို အမ်းမြို့မရဲစခန်းက အမှုဖွင့်ထားပြီး မမီမီး(ခ)အမူဒူစုန်အား မြို့နယ်ဒုတိယလဝကမှူးထံ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**ကိုရဲ**

## ငဖဲမြို့တွင် တရားမဝင် ဝင်ရောက်လာသူ တစ်ဦးဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာနေ ခင်မောင်ဆွေ(၂၈နှစ်)သည် သစ်ဆိမ့်ပင်ကျေးရွာအနီး တရားမဝင် ဝင်ရောက်လာသူတစ်ဦး ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် နံနက် ၈ နာရီခွဲက သစ်ဆိမ့်ပင်ကျေးရွာတောင်ဘက်တောအတွင်း၌ မျောက်ငိုသီးရှာရန် ရောက်ရှိစဉ် မွတ်စလင်အမျိုးသားတစ်ဦးမှာ တောထဲ၌ လျှောက်သွားနေသည်ကိုတွေ့ရှိ၍ သစ်ဆိမ့်ပင်ကျေးရွာသို့ ခေါ်ဆောင်ခဲ့ကြောင်း သတင်းအရ ငဖဲမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် အင်ဘာရီကျေးရွာနေ အာပူကော်စီတီ(ခ) မောင်မောင်သိန်း(၁၅နှစ်) ဖြစ်ကြောင်း သိရှိရ၍ ငဖဲမြို့မရဲစခန်းသို့ ခေါ်ဆောင်စစ်ဆေးပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## မင်းလှမြို့နယ်၌ တရားမဝင် ဝင်ရောက်လာသူ ၁၁ ဦး ဖမ်းဆီးရမိ

**မင်းလှ မေ ၁၂**

မင်းလှမြို့နယ်အတွင်း မြန်မာ့ရိုးရာသင်္ကြန်ပွဲအား ကျင်းပနေစဉ်အတွင်း တရားမဝင်ခိုးဝင်လာသူများ၊ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်လာနိုင်ကြောင်း သတင်းများထွက်ပေါ်နေသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ထင်အောင်လင်း၏ ကြီးကြပ်မှုဖြင့် ဒေသတွင်းနေရာလေးခု၌ ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်နေစဉ် ခိုးဝင်လာသူ ၁၁ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှ သိရသည်။

မေ ၁၂ရက် နံနက် ၁၀ နာရီခွဲခန့်က စမ်းလယ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်စန်းက ကျေးရွာအနီး ရေကြည်ချောင်းပြင်တွင် ခိုးဝင်လာသူသုံးဦးတွေ့ရှိကြောင်း သတင်းပေးချက်အရ ရဲအုပ်သက်နိုင်ဦးနှင့်တပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ရာ ရေနံမနယ်မြေရဲစခန်းအပိုင် စမ်းလယ်ကျေးရွာအနီး ရေကြည်ချောင်းပြင်တွင် ၎င်းတို့သုံးဦးအား ဖမ်းဆီးနိုင်ခဲ့သည်။ ဖမ်းဆီးရမိသူများ၏ထွက်ဆိုချက်အရ ရေနံမနယ်မြေရဲစခန်း အနောက်တောင်ဘက် မိုင် ၃၀ခန့်အကွာ ရှမ်းတပ်ကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၂၃၅/၄ အနီး တောစပ်တွင် ရခိုင်ပြည်နယ်ဘက်မှ ခိုးဝင်လာသူ ရှစ်ဦး ထပ်မံဖမ်းဆီးရမိသဖြင့် ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

၂၀၁၈ ခုနှစ် မတ်လအတွင်း မင်းလှမြို့နယ်၌ တရားမဝင်ခိုးဝင်သူ ၆၄ ဦး၊ ပို့ဆောင်သူ ကိုးဦးကို ဖမ်းဆီးနိုင်ခဲ့ကာ ယခုရှစ်ကြိမ်မြောက်အဖြစ် ခိုးဝင်လာသူ ၁၁ ဦး ထပ်မံဖမ်းဆီးနိုင်ခဲ့ခြင်းကြောင့် လတ်တလော မင်းလှမြို့နယ်အတွင်း ခိုးဝင်သူ ၇၅ ဦးထိ ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

## တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ဘီယာနှင့်ကုန်စည်များဖမ်းမိ

**နေပြည်တော် မေ ၁၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၁ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၁၈ စီး ၊ သွင်းကုန် ၁၀၂၈ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁ စီး ၊ သွင်းကုန် ၉၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက်က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၂၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၁၁ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ရှောင်ကွင်းလမ်းဖြစ်သည့် ရွှေဖြူရော်ဘာခြံလမ်းနှင့် ခရီးသည်တင်မော်တော်ယာဉ်နှစ်စီးအား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Chang Beer (75)Pkgs ၊ M-150 အချိုရည် (45) Pkgs နှင့် Diablo Beer (15)Pkgs စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၄၂၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ ယူ-၂၁ အသင်း သကြၤန်ကာလတွင် ဆက်လက်လေ့ကျင့်မည်

**ရန်ကုန် ဧပြီ ၁၂**

ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၂၁ အသင်းသည် ပြိုင်ပွဲယှဉ်ပြိုင်ရန် နီးကပ်နေသောကြောင့် သကြၤန်ကာလများ၌ ဆက်တိုက်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် ပဏာမကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး ရက်ပိုင်းအတွင်း အပြီးသတ်လူစာရင်းအား ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ မြန်မာ ယူ-၂၀ အသင်းသည် အပြီးသတ် ၁၈ ဦးအစား ၂၀ ရွေးချယ်ခွင့်ရရန် တောင်းဆိုထားသောကြောင့် အပြီးသတ်လူစာရင်းရွေးချယ်ရန် ကြန့်ကြာနေခြင်းဖြစ်သည်။ သကြၤန်အတက်နေ့ညနေပိုင်းသာ လေ့ကျင့်မှု ခေတ္တရပ်နားမည်ဖြစ်ပြီး ကျန်ရက်များတွင် တစ်ရက်လျှင် နှစ်ကြိမ်နှုန်းဖြင့် လေ့ကျင့်မှုပြုလုပ်မည်ဖြစ်သည်။


မြန်မာ ယူ-၂၁ အသင်း လေ့ကျင့်မှုများပြုလုပ်နေစဉ်။

မြန်မာ ယူ-၂၁ အသင်းသည် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မတ်လမှစ၍ လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ပဏာမကစားသမား ၃၀ ကျော်မှ ၂၅ သို့ လျှော့ချထားခြင်းဖြစ်သည်။ ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားထားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးထားသည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် တီမော၊ မြန်မာ၊ ဘရူနိုင်း၊ ထိုင်း၊ အုပ်စု (ခ) တွင် လာအို၊ စင်ကာပူနှင့် ကမ္ဘောဒီးယား အသင်းတို့ ပါဝင်နေသည်။ ယင်းပြိုင်ပွဲကို ဧပြီ ၂၃ ရက်မှ မေ ၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းစီမှာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းတွင် **နည်းပြချုပ်**အဖြစ် ဦးကြည်လွင်၊ လက်ထောက် **နည်းပြများ**အဖြစ် ဦးကျော်လွင်နှင့် ဦးချစ်နိုင်၊ **ဂိုးနည်းပြ**အဖြစ် ဦးမျိုးကျော်အောင်၊ **ကြံ့ခိုင်ရေးနည်းပြ**အဖြစ် မားကပ်စ်၊ ကစားသမားများအဖြစ် **ဂိုးသမား-**ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ နိုင်လင်းထွန်း (ဟံသာဝတီ)၊ ထွန်းနန္ဒာဦး (မြဝတီ)၊ **နောက်တန်း-**သူရိန်စိုး (ရန်ကုန်)၊ သက်ပိုင်ထွေး (ရှမ်းယူနိုက်တက်)၊ ရဲရင့်အောင်၊ အောင်ဝဏ္ဏစိုး (ရတနာပုံ)၊ သန်းထိုက်ဇင်၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ ဇော်ဝင်းမောင်၊ ဝင်းမိုးကျော်၊ ဟိန်းထက်စည်သူ (မကွေး)၊ ကျော်သူ ထွန်း (ဟံသာဝတီ)၊ **အလယ်တန်း-**ဇွဲသက်ပိုင် (ရှမ်းယူနိုက်တက်)၊ စိုးလွင်လွင်၊ မြတ်ထွန်းသစ်၊ ဇေယျာနိုင် (မကွေး)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ ပြည့်စုံနိုင်၊ မြတ်ကောင်း ခန့် (ရတနာပုံ)၊ ဟိန်းထက်အောင် (ဟံသာ ဝတီ)၊ **ရှေ့တန်း-**ဝင်းနိုင်ထွန်း (ရတနာပုံ)၊ ဇင်မင်းထွန်း၊ ရဲနိုင်ဦး (မကွေး) နှင့် အောင်ကောင်းမာန် (ရွှေဝတီ)တို့ ပါဝင်ကြသည်။

**သတင်း - ညီမြတ်သော်တာ**

**ဓာတ်ပုံ - စိုးညွန့်**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး


## နေပြည်တော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC) ရုံးချုပ်တွင် ဓာတ်လှေကား/စက်လှေကား တပ်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

နေပြည်တော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံးချုပ်တွင် ဓာတ်လှေကား/စက်လှေကားတပ်ဆင်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူထားပါသည်။

တင်ဒါနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက Ei Phyo Thein Gi, Head of Branch (II), National Reconciliation Peace Centre (NRPC), Email; eiphyotheingi.me@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါနှင့် ပတ်သက်၍ http://moi.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နေပြည်တော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်**
**ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)**

## အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ရာထူးနေရာများ ရွေးချယ်တင်မြှောက်ပွဲအား မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးအဖွဲ့၏ ကွပ်ကဲမှုဖြင့် ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းစည်းမျဉ်း စာအုပ်ပါ အမှုဆောင်အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ပုဂ္ဂိုလ်များအနေဖြင့် (၁-၅-၂၀၁၈) ရက်နောက်ဆုံးထား၍ အမှုဆောင်အဆိုပြုလျှောက်လွှာအား လူကိုယ်တိုင် လာရောက်ထုတ်ယူလျှောက်ထားနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်**
**ယာယီဗဟိုအလုပ်အမှုဆောင်ကော်မတီ**

## ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်၊ ဂျပန်နိုင်ငံ၏ (ODA) ချေးငွေဖြင့် ဆောင်ရွက်သော တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့် တောင်ညို ဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော ဒေသထွက်ပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**တင်ဒါထုတ်ယူနိုင်သည့်ရက်** - ၂၀-၄-၂၀၁၈ ရက် (သောကြာနေ့)
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၄-၅-၂၀၁၈ ရက် (သောကြာနေ့)၊ (၁၆း၀၀) နာရီ
တင်ဒါဖွင့်မည့်ရက် - ၉-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)၊ (၁၁း၀၀) နာရီ
**ဆက်သွယ်ရန်တယ်လီဖုန်း** - ၀၅၃-၂၈၅၃၃
**တင်ဒါပေးပို့ရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်။

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် (၂၀-၄-၂၀၁၈)ရက်မှ (၄-၅-၂၀၁၈)ရက်ထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်၊ ဂျပန်နိုင်ငံ၏ (ODA) ချေးငွေဖြင့် ဆောင်ရွက်သော တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့် တောင်ညို ဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော အဆင့်မြင့်ဒီဇယ်ဆီ (ပရီမီယံ)၊ တာယာနှင့်ကျွတ်၊ ဘက်ထရီနှင့် သံချောင်းလုံးများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

**တင်ဒါထုတ်ယူနိုင်သည့်ရက်** - ၂၀-၄-၂၀၁၈ ရက် (သောကြာနေ့)
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၄-၅-၂၀၁၈ ရက် (သောကြာနေ့)၊ (၁၆း၀၀) နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၉-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)၊ (၁၀း၀၀) နာရီ
**ဆက်သွယ်ရန်တယ်လီဖုန်း** - ၀၅၃-၂၈၅၃၃
**တင်ဒါပေးပို့ရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၂)၊ ငွေစာရင်းဌာနစိတ်တွင် (၂၀-၄-၂၀၁၈)ရက်မှ (၄-၅-၂၀၁၈)ရက်ထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7746၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၁၄)ရပ်ကွက်၊ ဥမ္မာဒန္တီ(၁၁)လမ်း၊ အကွက်အမှတ်(၇၆)၊ ဥမ္မာဒန္တီအကွက်၊ ဦးပိုင်အမှတ်(B-၂၂၅)၊ ဧရိယာ(၀.၁၁၅)ဧကရှိ အစိုးရမြေကို ဒေါ်တင်တင်ကြည် အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာသည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်းအထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ ကံသာယာလမ်းဆုံ၊ ခေမာသီလမ်း၊ အမှတ် ၂၄နေ ကျွန်ုပ်၏မိတ်ဆွေ ဦးလွင်ကိုလတ် ၁၂/တမန(နိုင်)၀၀၀၁၈၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ တရားလို ဦးလွင်ကိုလတ်သည် တရားခံ သန့်ဇင်လှိုင်(ခ)မိုးသူလှိုင်(ခ)အရှည်ကြီး(ခ)ကင်းကောင်အား မြောက်ဥက္ကလာပရဲစခန်း၌ (ပ)၃၉၆/၁၈၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၂၀ဖြင့် ၆-၄-၂၀၁၈ရက်တွင် အမှုဖွင့် တရားစွဲဆိုထားပါသည်။

အဆိုပါအမှုနှင့် ပတ်သက်သော အောက်ဖော်ပြပါ မော်တော်ယာဉ်လေးစီးမှာ သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းရမည်ဖြစ်ပါ၍ ရောင်း/ဝယ်ခြင်းမပြုလုပ်ကြပါရန်နှင့် မိမိလက်ဝယ်၌ ရှိနေပါက ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ အကြောင်းကြားပေးပါရန်နှင့် ထိမ်ချန်ထားရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကားအမျိုးအစားများမှာ**

၁။ KLUGER 2.4(9D/9798 2001)အဖြူရောင်
၂။ KLUGER 3.0(5H/1170 2002)အဖြူရောင်
၃။ CIVIC (2I/8298 2009)ခဲရောင်
၄။ DEMIO(5E/4434 2009)အဖြူရောင်

**ဦးလွင်ကိုလတ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၃)**
**ဖုန်း-၀၉-၂၅၄၅၁၄၁၇၁**

## ပြည်နယ်ပညာရေးမှူးရုံး ရခိုင်ပြည်နယ်၊ စစ်တွေမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(Open Tender)ခေါ်ယူခြင်း

ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား/ကျောင်းသူများအတွက် အခမဲ့ထောက်ပံ့ပေးနိုင်ရန် လိုအပ်သော လေ့ကျင့်ခန်းစာအုပ်များအား တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဝယ်ယူလိုပါ၍ နိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

လေ့ကျင့်ခန်းစာအုပ်အရည်အသွေး

(က) စာအုပ်အရွယ်အစား - (၆ဒသမ၂၅×၈ဒသမ၂၅)လက်မ
(ခ) လိုင်းအရေအတွက် - ၂၂-လိုင်း(အနည်းဆုံး)
(ဂ) အဖုံးစက္ကူ - ၁၈၀ gam Duplex Board(Colour)
(ဃ) အတွင်းစက္ကူ - ၆၀ gam indo 1k Woodfree
(င) စာမျက်နှာ - ၈၀ Pages

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁၈-၄-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁-၅-၂၀၁၈ ရက်၊ ညနေ(၄)နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဌာနများတွင် လူကိုယ်တိုင်ဖြစ်စေ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးဝန်ကြီးဌာန** ဖုန်း-(၀၄၃-၂၀၂၂၆၄၉)
**ရခိုင်ပြည်နယ်ပညာရေးမှူးရုံး၊ စစ်တွေမြို့** ဖုန်း-(၀၄၃-၂၀၂၁၀၄၆)

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၈) လိပ်စာတည်ရှိရာ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)(သဃက)၊ မြေကွက်အမှတ်(၁၈/က^၃) ဧရိယာ (၀ဒသမ၂၅၉) ဧကရှိ (ဘီ) မြေအမျိုးအစား မြေကွက်နှင့် သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၂)(သဃက)၊ မြေကွက်အမှတ်(၁၈/ခ^၂)ဧရိယာ (၀ဒသမ ၂၀၂) ဧကရှိ (ဘီ) လ/န-၃(ခ) မြေအမျိုးအစား မြေကွက်များနှင့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်သူ ဦးညီညီထွေးထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားရှိပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါမြေကွက်များနှင့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စအတွက် ကန့်ကွက် အရေးဆိုလိုသူရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အကြောင်းကြား အသိပေးပြီး တရားဝင်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်မေဇင်ဦး - LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၁၄)**
**Myanmar Legal Advisors Group**
**အမှတ် ၃၃၃၊ အခန်း(၃)၊ ပထမထပ်(ယာ)**
**ဗိုလ်အောင်ကျော်လမ်း(အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၁-၈၃၉၂၈၅၁၊ ၀၁-၈၃၉၂၇၃၅**

## လူပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဘုမ္မာ(၄)လမ်းနေ ဦးမျိုးနိုင်-ဒေါ်လှလှဌေးတို့၏ သမီးဖြစ်သူ မသိမ့်သန္တာအောင် အသက်(၁၉)နှစ်သည် ၈-၄-၂၀၁၈ ရက်တွင် အလုပ်သွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် လက်ခံထားသူအား တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးမျိုးနိုင်-ဒေါ်လှလှဌေး**
**ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၀၀၂၃၅၄၊ ၀၉-၄၂၁၇၄၃၄၉၅**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/7746Hyundai Poster II, P/U(4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြစန္ဒာလင်း ၁၂/လသယ(နိုင်)၀၇၃၃၆၃က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၆၇၃၂၉ Honda Wave NF 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူရ ၉/ဝတန(နိုင်)၀၂၀၉၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

# သပိတ်မှောက်ကျောင်းသားများကို ပြန်လွှတ်ပေးရန် ဒါကာကျောင်းသားခေါင်းဆောင်များ တောင်းဆို

**ဒါကာ မေ ၁၂**

အစိုးရ၏ အလုပ်သမားရေးရာမူဝါဒကို သဘောမကျသည့် ဘင်္ဂလားဒေ့ရှ် တက္ကသိုလ်ကျောင်းသားများသည် မေ ၁၁ ရက်က နိုင်ငံတစ်ဝန်းဆန္ဒပြမှုများ ပြုလုပ်ခဲ့ရာ လူဦးရေ ၁၅ သန်းခန့်နေထိုင်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဆိုးရွားစွာဖြစ်ပွားခဲ့ပြီး ဒါကာတက္ကသိုလ်တွင်လည်း ဆန္ဒပြကျောင်းသားများ စုဝေးခဲ့သောကြောင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့က လူအုပ်ဖြိုခွဲရေးလုပ်ဆောင်ခဲ့ရာ ဒဏ်ရာရရှိသူများ အများအပြားဖြစ်ပွားခဲ့သည်။

မေ ၁၂ ရက်တွင် အဆိုပါ ဆန္ဒပြကျောင်းသားခေါင်းဆောင်များက ဖမ်းဆီးထားသော သပိတ်မှောက်ကျောင်းသားများကို ပြန်လည်လွှတ်ပေးရန် တောင်းဆိုခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သတ်မှတ်လူနည်းစုအတွက်သာ အလုပ်အကိုင်ရရှိရေး အစိုးရ၏မူဝါဒကို ဖျက်သိမ်းရန် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက လွှတ်တော်သို့ မေ ၁၁ ရက်က တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟာဆီနာက ကန့်သတ်ပမာဏသာ အစိုးရအလုပ်ရရှိရေးမူဝါဒသည် မရှိတော့ကြောင်း ကောလာဟလဖြန့်ရန် အင်တာနက်ကို လွဲမှားစွာအသုံးပြုခြင်းများ၊ မြို့တွင်းလမ်းများနှင့် အဝေးပြေးလမ်းများ ပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြောင်း ပြောခဲ့သည်။

သပိတ်မှောက်ကျောင်းသားခေါင်းဆောင်များက ဒါကာတက္ကသိုလ်၌ သတင်းထောက်များကို ပြောကြားရာတွင် ဝန်ကြီးချုပ်မိန့်ခွန်းကို ဂုဏ်ပြုချင်သောကြောင့် ဆန္ဒပြမှုများကို ရွှေ့ဆိုင်းရန် ဆုံးဖြတ်လိုက်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါမူဝါဒအား ဖျက်သိမ်းကြောင်း မြန်နိုင်သမျှ မြန်မြန် တရားဝင်ထုတ်ပြန်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း၊ ထို့အပြင် ဖမ်းဆီးထားသော ကျောင်းသားများကိုလည်း ပြန်လည်လွှတ်ပေးရန် အစိုးရကို တောင်းဆိုထားကြောင်း ၎င်းက ပြောခဲ့သည်။

**အေအက်ဖ်ပီ**



# ဂူတာကို တိုက်ခိုက်နေသော သူပုန်များ လက်နက်ချပြီး ခေါင်းဆောင်ဖြစ်သူ ထွက်ပြေး

**ဒမတ်စကတ် မေ ၁၂**

ဆီးရီးယားနိုင်ငံအရှေ့ပိုင်း ဂူတာကို တိုက်ခိုက်နေသော သူပုန်လက်ကျန်များ လက်နက်ချခဲ့ပြီး ၎င်းတို့၏ ခေါင်းဆောင်ဖြစ်သူသည် မြောက်ပိုင်းသို့ ထွက်ပြေးသွားခဲ့ကြောင်း စစ်ပွဲစောင့်ကြည့်သူတစ်ဦးက မေ ၁၂ ရက်တွင် ပြောခဲ့သည်။

Jaish al-Islam တိုက်ခိုက်ရေးသမားများသည် ၎င်းတို့၏ လက်နက်များကို ဒူမာရှိ ရုရှားတပ်ဖွဲ့ဝင်များထံ မေ ၁၁ ရက်က လက်နက်လွှဲအပ်ခဲ့ကြောင်း ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။

Issam Buwaydani ဦးဆောင်သည့် Jaish al-Islam တိုက်ခိုက်ရေးသမားခေါင်းဆောင်ပိုင်းများသည် ဒူမာမှ ထွက်ခွာခဲ့ကြပြီး ဆီးရီးယားနိုင်ငံမြောက်ပိုင်းသို့ ရောက်ရှိလာကြကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားစောင့်ကြည့်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။



ဒူမာအတွက် သဘောတူညီမှုတစ်ရပ်ကို လွန်ခဲ့သော ရက်သတ္တပတ်က ကြေညာခဲ့ပြီးနောက် သူပုန်များအနေဖြင့် ဒူမာမှ ရေးကြီးသုတ်ပျာ ထွက်ခွာခဲ့ကြခြင်း ဖြစ်သည်။

သဘောတူညီချက်အရ ဒူမာရှိ Jaish al-Islam တိုက်ခိုက်ရေးသမားထောင်ပေါင်းများစွာနှင့် အရပ်သားများသည် အတိုက်အခံထိန်းချုပ်သည့် ဆီးရီးယားနိုင်ငံ အလက်ပိုပြည်နယ်သို့ ဘတ်စ်ကားများဖြင့် ထွက်ခွာခွင့်ပြုကြောင်း ပါရှိခဲ့သည်။

မေ ၁၂ ရက်တွင် အဆိုပါ ရွှေ့ပြောင်းမှုများ ပိုမိုလုပ်ဆောင်ရန် ရှိ မရှိ ဆိုသည်ကို ယခုအချိန်အထိ ရှင်းရှင်းလင်းလင်း မသိရသေးပေ။

သဘောတူစာချုပ်အရ ရုရှားတပ်ဖွဲ့ဝင်များသည် မြို့တော် ဒူမာတွင် မေ ၁၂ ရက်က စောင့်ကြပ်လျက်ရှိကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# ယီမင်ရှိ ဟူသီသူပုန်များက ရီယာ့ဒ်ကို ဒုံးကျည်ဖြင့် တိုက်ခိုက်ကြောင်း ပြောကြား

**ဆာနား မေ ၁၂**

ရီယာ့ဒ်ရှိ ဆော်ဒီကာကွယ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်နာ့ဂျ်ရန်ဒေသ အာရမ်ကို ရေနံကုမ္ပဏီကို ယီမင်ရှိ ရှီးယိုက်ဟူသီသူပုန်များက တိုက်ချင်းပစ်ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ဗုဒ္ဓဟူးနေ့က ဖော်ပြခဲ့သည်ဟု သိရသည်။

ဒုံးကျည်တပ်ဖွဲ့များဖြစ်သည့် ယီမင်နိုင်ငံသား ဟူသီတပ်ဖွဲ့နှင့် အခြားသော တပ်ဖွဲ့များက မြို့တော်ရီယာ့ဒ်ရှိ ဆော်ဒီကာကွယ်ရေးတပ်ဖွဲ့ ဌာနချုပ်များဆီသို့ Burkan-H2 တာဝေးပစ် တိုက်ချင်းပစ်ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း ဟူသီတို့ထိန်းချုပ်ထားသည့် ဆာဘာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အခြားတိုက်ချင်းပစ်ဒုံးကျည်အချို့ဆော်ဒီရေနံကုမ္ပဏီ အာရမ်ကိုနှင့် ဌာနချုပ်များဆီသို့ ပစ်ခတ်ခဲ့သည်ဟု ဟူသီတို့က ဖော်ပြထားသည်။ ပစ်ခတ်လိုက်သည့် ဒုံးကျည်များသည် ဆော်ဒီနယ်စပ် ဂျီဇန်ပြည်နယ်အတွင်းရှိ ဘုရင်အဗ္ဗဒူလာ၏မြို့ကို ပစ်မှတ်ထားခဲ့သည်ဟု ဆိုသည်။

ဆော်ဒီလေကြောင်း ကာကွယ်ရေးတပ်ဖွဲ့များသည် ရီယာ့ဒ်မြို့ တောင်ပိုင်း ဂျီဇန်ပြည်နယ်နှင့် နာ့ဂျ်ရန်တို့ကို ဖြတ်ကျော်လာသည့် ဒုံးကျည်အချို့တို့ကို ဖျက်ဆီးခဲ့သည်ဟု ဆော်ဒီနိုင်ငံပိုင် အယ်လ်အာရေဗျရုပ်သံချန်လ်နယ်က ဖော်ပြထားသည်။

သို့သော်လည်း ဆော်ဒီကုမ္ပဏီက ၎င်း၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများမှာ ပုံမှန်အတိုင်း ဘေးကင်းစွာ လည်ပတ်နေခဲ့ကြောင်း တွစ်တာပေါ်တွင်ရေးသားဖော်ပြခဲ့သည်။ ဆော်ဒီလေကြောင်း ကာကွယ်ရေးတပ်ဖွဲ့သည် အက်ဘဟာမြို့နှင့် ဂျီဇန်ပြည်နယ်ကို ဖြတ်ကျော် လာသည့် ဒရုန်းယာဉ်များကို ပစ်ချခဲ့သည်ဟု ဆော်ဒီနိုင်ငံပိုင် အယ်လ်အာရေဗျရုပ်သံက သတင်း ဖော်ပြခဲ့သည်။

**ဆင်ဟွာ**

# စစ်ဘက်နည်းပညာများ ထိုင်ဝမ်သို့ ရောင်းချရန် ထရန့်ခွင့်ပြု

**ဝါရှင်တန် မေ ၁၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့သည် စစ်ဘက်ဆိုင်ရာနည်းပညာများကို ထိုင်ဝမ်သို့ ရောင်းချရန် အမေရိကန်ကုမ္ပဏီများကို ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။ ယင်းခွင့်ပြုချက်အပေါ် တရုတ်နိုင်ငံက ဝေဖန်ခဲ့ပြီး ထိုသို့ ပြုမူလိုက်ခြင်းက တရုတ်တစ်နိုင်ငံတည်း စည်းမျဉ်းကို ချိုးဖောက်ခြင်းဖြစ်ကြောင်း အငြင်းပွားခဲ့သည်။

ထိုင်ဝမ်သမ္မတ ဆိုင်အင်ဝမ်သည် ဟောင်းနွမ်းနေပြီဖြစ်သည့် ရေငုပ်သင်္ဘောလေးစင်းကို အစားထိုးရန် လာမည့် ၂၀၂၄ ခုနှစ်တွင် ရေငုပ်သင်္ဘောများကို တည်ဆောက်မည့် အစီအစဉ်တစ်ရပ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ တရုတ်နိုင်ငံ၏ စစ်ရေးဆိုင်ရာ ချဲ့ထွင်လာမှုကို ရင်ဆိုင်သည့်အနေဖြင့် ထိုင်ဝမ်၏ ကာကွယ်ရေးစွမ်းရည်ကို အင်အားဖြည့်တင်းသွားရန် လိုအပ်ကြောင်း သမ္မတဆိုင်အင်ဝမ်က ပြောကြားခဲ့သည်။

သို့သော် ထိုင်ဝမ်သည် ရေငုပ်သင်္ဘောများ တည်ဆောက်ရန်အတွက် လိုအပ်သည့် အင်ဂျင်နှင့် လက်နက်စနစ်များကို မည်သို့ အဆင့်မြှင့်တင်ရမည်ကို သိရှိရန်အတွက် ပြည်ပနည်းပညာများကို လိုအပ်ကြောင်း သိရသည်။

ထရန့်သည် ထိုင်ဝမ်နှင့်အတူ လုပ်ငန်းဆောင်ရွက်ရန်အတွက် အမေရိကန်ကုမ္ပဏီများအား ရေငုပ်သင်္ဘောနည်းပညာလိုင်စင်ခွင့်ပြုမိန့်များကို ပေးအပ်ခဲ့သည်။ ထိုင်ဝမ်အနေဖြင့် မည်မျှအတိုင်းအတာအထိ ပူးပေါင်းဆောင်ရွက်ခွင့်ရရှိနိုင်မည်နှင့် ပတ်သက်၍ ရှင်းရှင်းလင်းလင်း မသိရှိရသေးပေ။ နည်းပညာရောင်းချမှုများသည် အမေရိကန်ပြည်တွင်း စစ်ဆေးစမ်းသပ်မှုများ လိုအပ်မည်ဖြစ်သည်။

သို့သော် ထိုင်ဝမ်နိုင်ငံခြားရေးဝန်ကြီးဌာန အကြီးအကဲ ဂျိုးဆက်ဖ်ဝူက ယင်းဆောင်ရွက်မှုကို အရေးကြီးသော ခြေလှမ်းတစ်ရပ်အနေဖြင့် ကြွေးကြော်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# နိုင်ငံတကာ သတင်းတိုထွာ

## ရုရှားနိုင်ငံ အရှေ့စွန်းပိုင်း၌ ရဟတ်ယာဉ်ပျက်ကျခဲ့ရာ လူခြောက်ဦးသေဆုံး

**မော်စကို မေ ၁၂**

ရုရှားနိုင်ငံ အရှေ့စွန်းပိုင်းမြို့တစ်မြို့၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ကြောင်း မေ ၁၁ ရက်တွင် စုံစမ်းစစ်ဆေးသူများက ပြောခဲ့သည်။

ဖေ့စ်တော့ခ် လေကြောင်းလိုင်းပိုင် Mi-8 ရဟတ်ယာဉ်သည် Khabar-ovsk မြို့တော်၏ လမ်းတစ်ခုပေါ်သို့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲက ပျက်ကျခဲ့ကြောင်း၊အဆိုပါရဟတ်ယာဉ် ပျက်ကျမှုသည် ပြင်းထန်သောဖြစ်ရပ်တစ်ခုဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေးကော်မတီက ထုတ်ပြန်ကြေညာချက်တွင် ပြောခဲ့သည်။

အဆိုပါရဟတ်ယာဉ်တွင် စုစုပေါင်း လူခြောက်ဦး ပါရှိခဲ့ကြောင်း ပြည်နယ်အရေးပေါ်ဌာနက ပြောခဲ့သည်။ ခရီးသည်တင် လေယာဉ်များနှင့် ကုန်တင်လေယာဉ်များကို ဝန်ဆောင်မှု ပေးနေသော ဖေ့စ်တော့ခ်လေကြောင်းလိုင်းက ပျက်ကျမှုဖြစ်ပွားခဲ့သည့်ရဟတ်ယာဉ်သည် လေ့ကျင့်ပျံသန်းမှုပြုလုပ်သည့် ရဟတ်ယာဉ်ဖြစ်ပြီး မြေပြင်မှ သုံးကီလိုမီတာခန့်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။

ရဟတ်ယာဉ်ပျက်ကျမှု အများစုသည် ရာသီဥတုအခြေအနေဆိုးရွားခြင်း၊ နည်းပညာချွတ်ယွင်းမှုဖြစ်ခြင်းနှင့် လေယာဉ်မောင်း၏ အမှားတို့ကြောင့်ဖြစ်ကြောင်း စုံစမ်းစစ်ဆေးသူများက ပြောသည်။

**အေအက်ဖ်ပီ**

## တောင်ကိုရီးယားတွင် သမ္မတလောင်းတစ်ဦးကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုဖြင့် တရားစွဲဆိုခဲ့

**ဆိုးလ် မေ ၁၂**

ကိုရီးယားသမ္မတလောင်းအဖြစ် ဝင်ရောက် ယှဉ်ပြိုင်ရွေးချယ်ခံခဲ့သူတစ်ဦးကို ၎င်း၏လက်ထောက်အမျိုးသမီးအား လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုအကြိမ်ကြိမ်ပြုလုပ်ခဲ့သည်ဆိုကာ မေ ၁၁ ရက်က စွဲချက်တင်ခဲ့သည်။

၂၀၂၂ နှစ်တွင် လက်ရှိ သမ္မတ မွန်ဂျယ်အင်း သမ္မတသက်တမ်းပြီးဆုံးပြီးနောက် သမ္မတဖြစ်လာနိုင်သူ Ahn Hee-jung သည် အာဏာကို အလွဲသုံးစားပြုကာ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ခဲ့ခြင်းကြောင့် တရားစွဲခဲ့ကြောင်း ဆိုးလ်အနောက်ပိုင်း ပြည်နယ် အစိုးရရှေ့နေရုံးမှ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်တစ်ဦးက ပြောခဲ့သည်။

Ahn Hee-jung အား ပထမဆုံး အကြိမ်ကြားနာစစ်ဆေးမှုကို ရှေ့လတွင် ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ Ahn Hee-jung ၏ လက်ထောက်အမျိုးသမီးက ရုပ်မြင် မေးမြန်းခန်းတစ်ခုတွင် Ahn Hee-jung သည် သူမအား လွန်ခဲ့သည့် ဇွန်လ အလုပ်စတင်ခန့်အပ်ကတည်းက လိင်ပိုင်းဆိုင်ရာ မဖွယ်မရာလေးကြိမ် ကျူးလွန်ခဲ့ကြောင်း ပြောကြားခဲ့ပြီးနောက် အစိုးရရှေ့နေများက Ahn Hee-jung အား စတင်အမှုဖွင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# အကြမ်းဖက်နှိမ်နင်းရေးတွေ လုပ်ဆောင်နေတဲ့ နိုင်ငံဖြစ်သွားပြန်တဲ့ ကာတာ

**ခြူးစန္ဒီနွေး**

လွန်ခဲ့တဲ့ နှစ်ကုန်ပိုင်းကဆိုရင် ပါရှန်းပင်လယ်ကွေ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ကာတာနိုင်ငံကို အမေရိကန်ကအကြမ်းဖက်သမားတွေကို ထောက်ပံ့ပေးတဲ့ နိုင်ငံအဖြစ် ရှုတ်ချခဲ့ပါတယ်။ ဒါ့အပြင် ကာတာနိုင်ငံရဲ့ ပြိုင်ဘက်နိုင်ငံတွေကိုလည်း ထောက်ခံအားပေးခဲ့ပါတယ်။

### အကြမ်းဖက်သမားတွေကို တိုက်ဖျက်နေတဲ့တိုင်းပြည်

ဒါပေမယ့် အခုချိန်မှာတော့ အခြေအနေက တစ်မျိုးပြောင်းသွားပြန်ပါပြီ။ ကာတာစော်ဘွား Tamim bin Hamad AL - Thani ကို အိမ်ဖြူတော် ဖိတ်ခေါ်ခဲ့ပါတယ်။ ပြီးတော့ ကာတာနိုင်ငံကိုလည်း အကြမ်းဖက်သမားတွေကို တိုက်ဖျက်နေတဲ့တိုင်းပြည်အဖြစ် အသိအမှတ်ပြုနေပြန်ပါပြီ။

ထရန့်ရဲ့ နိုင်ငံခြားရေးမူဝါဒကတော့ လိုက်မမီအောင်အပြောင်းအလဲမြန်ဆန်လွန်းပါတယ်။ အခုလိုကာတာစော်ဘွားအနေနဲ့ ချစ်ကြည်ရေးခရီးသွားရောက်ခြင်းဟာ အမေရိကန်သမ္မတထရန့်ရဲ့မှတ်သားဖွယ် အပြောင်းအလဲတစ်ခုပါပဲ။



အမေရိကန်သမ္မတ ထရန့်နှင့် ကာတာစော်ဘွားတို့ မေ ၁၀ ရက်က အိမ်ဖြူတော်၌ တွေ့ဆုံကြစဉ်။

### ပုံရိပ်ဆိုးကို ချေဖျက်နိုင်

အစပိုင်းတုန်းကတော့ သူဟာ ကာတာနိုင်ငံကို အရှေ့အလယ်ပိုင်း တိုင်းပြည်တစ်ခုရဲ့ ပြဿနာတိုင်းပြည်အဖြစ် သတ်မှတ်ထားတာပဲဖြစ်တယ်။ ဒါပေမယ့်လည်း ကာတာနိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှု၊ ဝါဒဖြန့် ကောင်းမွန်မှုတို့ကြောင့် အမေရိကန်က သူ့ကို သတ်မှတ်ထားတဲ့ ပုံရိပ်ဆိုးကို ချေဖျက်ပစ်လိုက်နိုင်ပါတယ်။

အခုဆိုရင် အမေရိကန်ဟာ ကာတာအပေါ် အမြင်ပြောင်းသွားပါပြီ။ ကာတာကိုသူနဲ့အတူ အကြမ်းဖက်သမားတွေကို တိုက်ဖျက်နေတဲ့ တိုင်းပြည်အဖြစ် အသိအမှတ်ပြုလိုက်ပါပြီ။

### ငွေကြေးထောက်ပံ့မှု မပြုကြတော့

အကြမ်းဖက်သမားတွေအပေါ် ထောက်ပံ့နေတဲ့ ငွေကြေးစီးဆင်းမှုဟာလည်း ရပ်တန့်သွားပြီ ဖြစ်တယ်လို့ အမေရိကန်သမ္မတ ထရန့်က ပြောပါတယ်။ အကြမ်းဖက်သမားတွေရဲ့ရန်ပုံငွေကို စောင့်ကြည့်တဲ့နေရာမှာ ရန်ပုံငွေစီးဆင်းမှုတွေ ရပ်တန့်သွားတာကို သေချာလေ့လာတွေ့ရှိခဲ့တယ်လို့ ဆိုပါတယ်။

ဒါကြောင့်လည်း ကာတာစော်ဘွားကို အမေရိကန်ကိုလာရောက်ဖို့ ဖိတ်ခေါ်ခဲ့တာပဲဖြစ်တယ်လို့ ထရန့်က ဆိုပါတယ်။ ယူအေအီး၊ ဆော်ဒီအာရေဗျနဲ့ ကာတာနိုင်ငံတို့ဟာ အကြမ်းဖက်သမားတွေကို ငွေကြေးထောက်ပံ့မှု မပြုကြတော့ပါဘူး။ အကြမ်းဖက်သမားတွေကို ငွေကြေးထောက်ပံ့နေတဲ့ တိုင်းပြည်တွေ ရှိနေပါသေးတယ်။

ဒါတွေကိုရပ်တန့်ဖို့ လုပ်ဆောင်ရဦးမှာပါလို့ ထရန့်က ပြောပါတယ်။ ကာတာနိုင်ငံရဲ့ လုပ်ဆောင်မှုတွေကိုတော့ တကယ်ပဲ ချီးမွမ်းပါတယ်လို့လည်း ပြောခဲ့ပါတယ်။ ကာတာစော်ဘွားကတော့ သူ့နိုင်ငံဟာ အကြမ်းဖက်သမားတွေကို ထောက်ပံ့ပေးတာ မဟုတ်ဘဲ တိုက်ဖျက်နေတဲ့ တိုင်းပြည်သာဖြစ်တယ်လို့ ပြောလိုက်ပါတယ်။

### အစွမ်းကုန် ကြိုးစားနေ

ကျွန်တော်တို့ တိုင်းပြည်ဟာ အကြမ်းဖက်သမားတွေကို ထောက်ပံ့နေတဲ့ မည်သူကိုမဆို သည်းခံနေမှာ မဟုတ်ပါဘူး။ တိုက်ဖျက်သွားမှာသာ ဖြစ်တယ်လို့ သမ္မတထရန့်ကို ကာတာစော်ဘွားက နှစ်ဦးသားတွေ့ဆုံစဉ်မှာ ပြောကြားခဲ့ပါတယ်။

အရှေ့အလယ်ပိုင်းဒေသမှာ အကြမ်းဖက်သမားတွေကို နှိမ်နင်းရေးမှာလည်း အမေရိကန်နိုင်ငံနဲ့အတူ လက်တွဲဆောင်ရွက်သွားမှာပါလို့လည်း ပြောခဲ့ပါသေးတယ်။ ကာတာဟာ အရှေ့အလယ်ပိုင်းဒေသမှာ အပယ်ခံနိုင်ငံလိုဖြစ်နေရာကနေ ရုန်းထွက်နိုင်အောင် အစွမ်းကုန်ကြိုးစားနေတာကို တွေ့ရမှာပါ။

### ကြိုးပမ်းအားထုတ်မှုရဲ့ ရလဒ်

သူ့ကို အိမ်နီးချင်းနိုင်ငံတွေက သံတမန်ဆက်သွယ်ရေး ဖြတ်တောက်ထားတဲ့အတွက် ကာတာနိုင်ငံဟာ ခက်ခဲတဲ့ အခြေအနေတွေကို ရင်ဆိုင်နေရပါတယ်။ အဲဒီအချိန်မှာ အမေရိကန်လို နိုင်ငံမျိုးက ကာတာကို အကြမ်းဖက်သမားတွေကိုထောက်ပံ့ပေးနေတဲ့ နိုင်ငံအဖြစ်ကနေ အကြမ်းဖက်သမားတွေကို နှိမ်နင်းနေတဲ့ နိုင်ငံအဖြစ် အသိအမှတ်ပြုပေးလိုက်တော့ ကာတာနိုင်ငံအတွက် အသက်ရှူချောင်သွားမှာကတော့ အမှန်ပါပဲ။ ဒါကတော့ ကာတာနိုင်ငံရဲ့မနားမနေ ကြိုးပမ်းအားထုတ်မှုရဲ့ ရလဒ်လို့လည်း ဆိုရမှာပါ။

ဒေသတွင်းပြိုင်ဘက်နိုင်ငံတွေ ဖြစ်ကြတဲ့ ဆော်ဒီနဲ့ ယူအေအီးကတော့ ကာတာကို သပိတ်မှောက်ထားဆဲပါ။ အီရန်နဲ့ ပိုပြီးရင်းနှီးကျွမ်းဝင်တယ်ဆိုတဲ့ စွပ်စွဲချက်ရယ်၊ အကြမ်းဖက်သမားတွေကို တိတ်တဆိတ် ငွေကြေးထောက်ပံ့နေတယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ ကာတာကို အဆက်အသွယ်မလုပ်တော့ဘဲ ပစ်ပယ်ထားခဲ့ကြပါတယ်။

> “ဒါပေမယ့်လည်း ကာတာနိုင်ငံရဲ့ ကြိုးပမ်းအားထုတ်မှု၊ ဝါဒဖြန့် ကောင်းမွန်မှုတို့ကြောင့် အမေရိကန်က သူ့ကို သတ်မှတ်ထားတဲ့ ပုံရိပ်ဆိုးကို ချေဖျက်ပစ်လိုက်နိုင်ပါတယ်၊ အခုဆိုရင် အမေရိကန်ဟာ ကာတာအပေါ် အမြင်ပြောင်းသွားပါပြီ၊ ကာတာကို သူနဲ့အတူ အကြမ်းဖက်သမားတွေကို တိုက်ဖျက်နေတဲ့ တိုင်းပြည်အဖြစ် အသိအမှတ်ပြုလိုက်ပါပြီ”

ကာတာနိုင်ငံကတော့ အကြမ်းဖက်သမားတွေအတွက် လည်ပတ်နေတဲ့ ငွေကြေးလည်ပတ်မှုကို ဖြတ်တောက်ပစ်ဖို့ ကြိုးပမ်းနေတယ်လို့ ဆိုပါတယ်။ ကာတာကို အိမ်နီးချင်းနိုင်ငံတွေက အဆက်အသွယ်ဖြတ်လိုက်ကြတဲ့အခါ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက ကာတာနိုင်ငံရဲ့ ဒုက္ခကို စာနာခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တေလာဆန်ကိုလည်း သမ္မတထရန့်က ရာထူးကနေ ဖယ်ရှားဖို့ စီစဉ်ထားပါတယ်။

### ကတိပေးခဲ့

သမ္မတထရန့်ဟာ ကာတာစော်ဘွားနဲ့ တွေ့ဆုံခဲ့တာ အခုတစ်ကြိမ်ဟာ ပထမဦးဆုံးအကြိမ် မဟုတ်ပါဘူး။ ကာတာဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ ပဋိပက္ခတွေ ဖြစ်ပွားနေစဉ် စက်တင်ဘာလအတွင်းကလည်း ကုလသမဂ္ဂမှာ သမ္မတထရန့်နဲ့ နှစ်ဦးသား တွေ့ဆုံခဲ့ကြပါသေးတယ်။

အဲဒီလို တွေ့ဆုံစဉ်မှာတော့ ကာတာနိုင်ငံအနေနဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေး ပြန်လည်အဆင်ပြေစေဖို့အတွက် အကူအညီပေးသွားဖို့လည်း သမ္မတထရန့်က ကတိပေးခဲ့ပါတယ်။

### သဘောတူလက်မှတ်ထိုးထား

တကယ်တမ်းကျတော့ ကာတာနိုင်ငံဟာ အမေရိကန်နဲ့စိမ်းတဲ့ နိုင်ငံတစ်နိုင်ငံတော့ မဟုတ်ပါဘူး။ အမေရိကန်တပ်ဖွဲ့တွေအတွက် ကြီးမားတဲ့ အခြေစိုက်စခန်းလည်း ကာတာမြေပေါ်မှာ ရှိပါတယ်။ အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း တစ်သောင်းခန့်ဟာ အဲဒီအခြေစိုက်စခန်းမှာ တာဝန်ထမ်းဆောင်နေကြပါတယ်။ ဒါ့အပြင် ကာတာနဲ့ အမေရိကန် နှစ်နိုင်ငံတို့ဟာ အကြမ်းဖက်သမားတွေရဲ့ သတင်းတွေကို အချင်းချင်းဖလှယ်ပေးဖို့အတွက်လည်း သဘောတူလက်မှတ်ထိုးထားကြပါသေးတယ်။

ဒါတွေကိုကြည့်ရင် အမေရိကန်နဲ့ ကာတာတို့ရဲ့ ဆက်ဆံရေးဟာ သာမန်မဟုတ်ဘူးဆိုတာ သိနိုင်ပါတယ်။ အခုတစ်ခေါက် သမ္မတထရန့်နဲ့ ကာတာစော်ဘွားတို့ တွေ့ဆုံမှုမှာတော့ ကာတာကို မိတ်ဆွေကောင်းအဖြစ် ထရန့်က ရည်ညွှန်းခဲ့ပါတယ်။ ကာတာစော်ဘွားဟာ သူ့တိုင်းပြည်အတွင်းမှာတော့ နာမည်ကျော်တဲ့ လူတစ်ယောက်ပဲ ဖြစ်တယ်။ သူ့ကို လူကြိုက်လည်း များကြသလို သူ့တိုင်းပြည်က လူတွေကလည်း သူ့ကို ချစ်ကြပါတယ်။

အခုအချိန်မှာ အမေရိကန်ဟာ အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်နေတာပဲ ဖြစ်တယ်လို့ ထရန့်က ဆိုပါတယ်။ အရှေ့အလယ်ပိုင်းဒေသမှာ တိုက်ပွဲတွေ ရပ်စဲမှသာ ငြိမ်းချမ်းရေးကို ဦးတည်နိုင်မှာဖြစ်တယ်။ ဒါကြောင့်မို့လည်း ကာတာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေ ပဋိပက္ခချုပ်ငြိမ်းဖို့ကို အမေရိကန်က လိုလားနေတာပဲ ဖြစ်တယ်။

ဒါကြောင့်မို့လည်း အမေရိကန်ဟာ ကာတာကို အကြမ်းဖက်သမားတွေကို ထောက်ပံ့ပေးနေတဲ့ တိုင်းပြည်အဖြစ်ကနေ ဆွဲထုတ်ပေးဖို့ ကြိုးပမ်းတာလားလို့လည်း တွေးတောစရာရှိပါတယ်။ အထီးကျန်ဖြစ်နေတဲ့ ကာတာကို အီရန်နဲ့ပိုပြီး နီးစပ်လာမှာကိုလည်း အမေရိကန်က တကယ်မလိုလားပါဘူး။

ဆော်ဒီအပါအဝင် အာရပ်ကမ္ဘာက နိုင်ငံတွေက ကာတာကို သပိတ်မှောက်ထားဆဲဖြစ်ပေမယ့် အမေရိကန်ကတော့ ကာတာကို အကြမ်းဖက်သမားတွေကို တိုက်ဖျက်နေတဲ့ နိုင်ငံအဖြစ်အသိအမှတ်ပြုပေးလိုက်ပါပြီ။

အဲဒီနောက်မှာတော့ ဘယ်လိုမျိုး ရလဒ်တွေ ဆက်ဖြစ်မလဲဆိုတာကိုတော့ စိတ်ဝင်စားဖွယ် ဆက်လက်စောင့်ကြည့်ရမှာပါ။ ။

**ကိုးကား - နယူးယောက်တိုင်းမ်**

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၁၆)

# ပြည်ချစ်တရားစီရင်ရေး

ဦးဟန်ညွန့် (ဥပဒေ)



## ပြည်ချစ်တရားစီရင်ရေး

သစ္စာဘက်သား
တရား၊ ဥပဒေ
ရဲ၊ ရှေ့နေနှင့်
သက်သေမကျန်
ဆက်စပ်မှန်သမျှ
ဝိုင်းရံကြိုးပမ်း
ပြည့်ဝန်ထမ်းလျှင်
လမ်းဖြောင့်မှန်ကန်
ဆုံးဖြတ်သံတို့
ပြည့်ယံတစ်ခွင်
သံသာလွင်၍
ကြည်ရွှင်လမ်းဖြာ
ထွန်းပေါ်လာမည်
ပြည်ရွာချစ်သော တရားစီရင်ရေး။

မောင်တင်ဌေး(တရားရေး)

**တရားရေးဂျာနယ်**

တရားရေးဂျာနယ်(အတွဲ-၃)အမှတ်(၇)ဖေဖော်ဝါရီလ (၂၀၁၈)စာ-၅၉မှ ကဗျာဆရာမောင်တင်ဌေး (တရားရေး)၏ ပြည်ချစ် တရားစီရင်ရေးကဗျာကောက်နုတ်ချက် ဖြစ်ပါသည်။ နှစ်စဉ်ထုတ်ဝေနေကျတရားရေးဂျာနယ်ကို အားပေးဖတ်ရှုနေကျ ဖြစ်ပါသည်။ ဤဂျာနယ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးနိုင်က လက်ဆောင်ပေးပို့၍ ဖတ်ရှုရသဖြင့် အားရဝမ်းသာစာပေ စေတနာဖြစ်ပါသည်။

**လှုပ်ရှားမှုသတင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လှုပ်ရှားမှုသတင်း မှတ်တမ်းလွှာကို သတင်းစာများတွင် ဖတ်ရခြင်းထက် ဤဂျာနယ်တွင်ပို၍ ပြည့်ပြည့်စုံစုံဖတ်ရပါသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဘာလုပ်နေသလဲ။ တရားသူကြီးချုပ်နှင့် တရားသူကြီးများ (ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်)တရားရေးခရီးများ၊ ပြည်ပညှိနှိုင်းတွေ့ဆုံမှု၊ တရားစီရင်ရေးစွမ်းဆောင်ရည် မြင့်မားရေးဆောင်ရွက်ချက်များတွေ့မြင်ဖတ်ရှုရပါသည်။ တရားရေးဂျာနယ်၏ ကျေးဇူးပါ။

**တရားသူကြီးကဗျာဆရာ**

တရားသူကြီးက အမှုစစ်တတ်ရုံမျှမကသေး။ ကဗျာရေးတတ်ပါသေးသည်။ ဒီမှာဖတ်ကြည့်ပါ။ မေထွန်းထွန်းအေး (တရားရေး)၏ ဒက္ခိဏခရိုင်တရားရုံး ရုံးသစ်ဖွင့်ပွဲ၊ သစ်ပင်စိုက်ပွဲတော်၊ နှုတ်ဆက်ပွဲ၊ သစ္စာတည်စေ ကဗျာလေးပုဒ်နှင့် မောင်တင်ဌေး (တရားရေး)၏ ပြည်ချစ်တရားစီရင်ရေး ကဗျာလေးတွေပါ။ ရိုးရိုးရှင်းရှင်းအတွေးရှင်းသော ကဗျာလေးတွေမို့ ရင်ဝယ်ခံစားမိသည်ပါ။ မျက်လုံးထဲ စွဲမိသည်ပါ။

**ဆောင်းပါးများ**

တင်နွယ်စိုး၏ အာဆီယံတရားသူကြီးချုပ်များ ကောင်စီ၏ အာဆီယံဒေသအတွင်း တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တရား(ထီးတန်း)၏ ဂျပန်နိုင်ငံ၏ မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် စီရင်ပြစ်ဒဏ်အကြောင်းမှန်၊ ခင်မေရီ (ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး)၏စီရင်ချက်ကောင်းကောင်းရေးရအောင်၊ ဒေါ်အေးအေးမွန်၏ တရားဥပဒေစိုးမိုးရေး(Rule of Law) နှင့် လွတ်လပ်စွာတရားစီရင်ရေး (Judicial Independence)၊ ဂျူနီယာတုတ်ကလေး၏ တရားစီရင်ရေးကို ဝေဖန်သူနည်းလာအောင် ဘယ်ကစပြီးပြုပြင် ရမလဲနှင့် စီရင်ချက်နှင့် တရားရေးပုံရိပ်၊ သွယ်နှင်းအိဖေ (တရားရေး)၏ ဒီကရီအတည်ပြု (ဇာရီပြု)ရာတွင် တွေ့ကြုံရသောအခက်အခဲများအား ဝေမျှခံစားခြင်း၊ ဦးဇော်ဇော်(တရားလွှတ်တော်ရှေ့နေ)၏ သက်သေခံဥပဒေပုဒ်မ ၁၅၅ပါ ပြဋ္ဌာန်းချက်များသည် လောင်းကစားမှုပါ အရပ်သားသက်သေနှစ်ဦးအပေါ်သက်ရောက်မှုမရှိနိုင်ခြင်းလော၊ ဂျူနီယာ တုတ်ကလေး၏ တရားရေးပုံရိပ်၊ Dr. အိအိခင်(တရားရေး)၏ မြန်မာနိုင်ငံ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (၂၀၁၆)နှင့် Global Arbitration Review Awards ဆောင်းပါးများပါဝင်ပါသည်။ ဗဟုသုတစုံလင်လှပါသည်။

**တရားစီရင်ရေးဆိုင်ရာ**

ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး နည်းဥပဒေများ၊ ၂၀၁၆ ခုနှစ် တရားမအထူးအယူခံမှု အမှတ်(၁၀) ၂၀၁၆ခုနှစ် တရားမအထူးအယူခံမှုအမှတ် (၁၅)၊ ၂၀၁၆ခုနှစ် တရားမအထူးအယူခံမှုအမှတ် (၁၆)၊ ၂၀၁၆ခုနှစ် တရားမအထူးအယူခံမှုအမှတ် (၂၆)တို့ကိုဖော်ပြသည်။

**English Section**

Allison Ross ရေးသားသောGAR hands out awards in Shanghai ဆောင်းပါးကိုဖော်ပြသည်။

**တရားသူကြီးစာရေးဆရာ**

ဆရာဝန်စာရေးဆရာ၊ စစ်ဗိုလ်စာရေးဆရာ၊ ရှေ့နေစာရေးဆရာ၊ ဥပဒေအရာရှိစာရေးဆရာ၊ သင်္ဘောသားစာရေးဆရာ၊ အင်ဂျင်နီယာ စာရေးဆရာစသည်၊ စသည်ရှိပါသည်။

တရားသူကြီးစာရေးဆရာများလည်း ရှိပါသည်။ နိုင်ငံတော်သမ္မတ (တရားသူကြီးချုပ်) ဒေါက်တာ မောင်မောင်၊ တရားသူကြီး ဒေါက်တာ တင်အောင်အေးတို့အား ပဓာနထား၍ များစွာသော တရားသူကြီး (လူငယ်၊ လူရွယ်၊ လူကြီးများ) အပါအဝင်စာရေးကြပါသည်။ တရားရေးအတွေ့အကြုံများ စုံလင်လှပါသည်။ ရေး၍မကုန်၊ ပညာယူ၍မကုန်၊ အကျိုးများလှပါသည်။

ကြုံတိုင်းကြုံတိုင်းအခါမလပ် ကျွန်တော်ရေးမိ၊ ပြောမိသည်မှာ တရားသူကြီးများ စာရေးသင့်ပါကြောင်းဟူသည့် စေတနာဖြစ်ပါသည်။ ယခုလည်းကြည့်ပါ။

**စီရင်ချက်ကောင်းကောင်းရေးရအောင်**

သက်ပြည့်အငြိမ်းစားယူသွားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးစိုးညွန့်သည် တရားရေးဌာနတွင် လုပ်သက် ၄၇ နှစ်ခန့်တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ တရားသူကြီးချုပ် ဆရာဦးအောင်တိုးက တရားရေးလုပ်သက်အများဆုံးဖြစ်ပြီး ဦးစိုးညွန့်မှာ ဒုတိယလုပ်သက်အများဆုံးဖြစ်ကြောင်း၊ ဦးစိုးညွန့်အနေနှင့် တရားရေးကိစ္စဘက်စုံ ဦးဆောင်ဦးရွက်ပြုခဲ့ကြောင်း၊ တရားမညွှန်ကြားရေးမှူးအဖြစ် ထမ်းဆောင်ခဲ့စဉ် ဆောင်းပါးလေးပုဒ်ရေးခဲ့ကြောင်း၊ တရားရေးဂျာနယ် အတွဲ(၁) အမှတ်(၁)တွင် ရေးခဲ့၍ နောင်လာနောက်သားမျိုးဆက်သစ် များ ပြန်လည်ဖတ်ရှုလေ့လာဖို့ ခွင့်ပြုချက်အရ **စီရင်ချက် ကောင်းကောင်းရေးရအောင် (စိုးညွန့်၊ ညွှန်ကြားရေးမှူး)**ဆောင်းပါးအား ပြန်လည်ထည့်သွင်း ဖော်ပြအပ်ပါကြောင်း (စာ-၆၇)တွင် ခင်မေရီက ရေးသားတင်ဆက်ထားပါသည်။

**စီရင်ချက်ကောင်း**

စီရင်ချက်ကောင်းတစ်ခုဖြစ်ဖို့ ဆရာဦးစိုးညွန့် ကရေးခဲ့သည်မှာ-

(၁) အမှန်တရားကို ထုတ်ဖော်တင်ပြနိုင်ခြင်း
(၂) ဖတ်ရှုသူတိုင်းနားလည်ခြင်း
(၃) အရေးအသားရှင်းလင်းပြေပြစ်ခြင်း
(၄) ဖောင်းပွမှုမရှိ ကျစ်လျစ်သိပ်သည်းခြင်း
(၅) သုံးသပ်တင်ပြပုံကောင်းခြင်း
(၆) အထောက်အထားအကိုးအကား ခိုင်မာခြင်း
(၇) ချမှတ်သည့် ရုံးအဆင့်အတန်းနှင့် ကိုက်ညီခြင်း

တို့ဖြစ်ကြောင်းတွေ့မြင် ဖတ်ရှုရပါသည်။ လွန်စွာတန်ဖိုးများလှပေသည်။

**ပညာပေးဆောင်းပါးများရေးကြပါ**

ယခုလိုပညာပေးဆောင်းပါးများ များများရေးကြစေလိုပါသည်။ တရားသူကြီးများကိုယ်တိုင်ရေးလျှင် ပို၍ သဘာဝကျ၊ ပို၍ မှန်ကန်၊ ပို၍ထိရောက်လှပါသည်။ ကိုယ်တိုင်မရေးနိုင်လျှင်လည်း တစ်ပါးသူကိုအားပေးပါ။

တရားစီရင်ရေးဆိုင်ရာမှုများတွင်လည်း **"ဥပဒေကို ပြည်သူများကနားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသောအလေ့အကျင့် ပျိုးထောင်ပေးရေး"**မူတစ်ရပ် ချမှတ်ထားပါသည်။ အများအသိပါ။

ထိုမူဝါဒနှင့်အညီ ဆောင်းပါးများရေး၍ ပညာပေးနေခြင်းကို မလိုလားသူ(တစ်ဦးက) သတင်းစာဆောင်းပါး စာမျက်နှာများ ဖြုန်းတီးရာရောက်သလိုလို ပြစ်တင်ဝေဖန်ရေးသားကြောင်းကြား၍ အံ့သြ ဝမ်းနည်းမိရပါသည်။ ကိုယ်တိုင်မရေး၊ ကိုယ်တိုင်ပညာမပေး၊ ကိုယ်တိုင်မဝေဖန်၊ ကိုယ်တိုင်မပျိုးထောင်၊ ကိုယ်တိုင်စေတနာနှင့် အကြံမပြုနိုင်ပါဘဲ (အကူအညီမပေးချင်နေပါ၊ မနှောင့်ယှက်ပါနှင့်) ဟုသာ မေတ္တာရပ်ခံလိုပါသည်။ တရားရေးအတွေ့အကြုံရှိသူများက ပြည်သူအများအတွက် ဥပဒေတရားရေးဗဟုသုတများဝေငှ၊ ဖြန့်ဝေပေးခြင်းမှာ စေတနာပညာဒါနဖြစ်ပါသည်။ စာရေးသူအချင်းချင်းအမြင်ဖလှယ် နိုင်ပါသည်။ လွတ်လပ်စွာ သဘောထား ကွဲပြားနိုင်ပါသည်။ အဓိကပန်းတိုင်မှာ မောင်တင်ဌေး (တရားရေး)၏ ကဗျာအတိုင်း ပြည်ချစ်တရားစီရင်ရေးဖြစ်ဖို့ပါပဲ။

**ဆက်လက်ဖွေရှာ**

တရားရေးဂျာနယ်မှာ ဖတ်စရာ(အခြား)များ များစွာကျန်ပါသေးသည်။ ယနေ့ချိန်ခါတွင် ပွင့်လင်းမြင်သာစွာ ပို၍၊ ပို၍ဥပဒေပညာပေး ဆောင်းပါးများ၊ ဖတ်ဖွယ်မှတ်ဖွယ်များ နည်းလမ်းစုံဖြင့် ဆက်လက်ရှာဖွေ ဖတ်ရှုလေ့လာကြစေလိုပါသည်။ ပညာပေးကြ စေလိုပါသည်။

**စေတနာ**

ပြည်ရွာချစ်သော တရားစီရင်ရေးကို တစ်ဦးတစ်ယောက်ကောင်းနှင့် လုပ်၍မရ။ စေတနာမမှန်ဘဲငါစွဲ၊ ငါဝါဒ သီးခြားဘဝနှင့်လည်း ကြွေးကြော်နေ၍ မဖြစ်နိုင်ဟု တရားရေးဂျာနယ်မှ ဗဟုသုတရယူလျက်တွေးမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။




> "တရားစီရင်ရေးဆိုင်ရာမူများတွင်လည်း "ဥပဒေကို ပြည်သူများက နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးရေးနှင့် ပြည်သူများက ဥပဒေကို လိုက်နာသောအလေ့အကျင့် ပျိုးထောင်ပေးရေး" မူတစ်ရပ်ချမှတ်ထား"

# ဦးပိန်တံတားသို့ခရီးသွားဧည့်သည်များ လာရောက်မှု များပြား

**အမရပူရ မေ ၁၂**

သက္ကရာဇ် ၁၂၁၁ က တည်ဆောက်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ဦးပိန်တံတားကြီးသည် ယနေ့အချိန်တွင် နှစ်သက်တမ်းပေါင်း ၁၆၀ ကျော်ရှိပြီ ဖြစ်သည့် တံတားကြီးလည်း ဖြစ်သည်။ ယခုအခါ တံတားကြီး၏ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ဝင်လာမစဲတသဲသဲဖြစ်လျက်ရှိသည်။

" ဒီရက်တွေက ပြည်ပခရီးသွားဧည့်သည်များ တဖွဲဖွဲလာရောက်နေကြတယ်၊ ပြည်တွင်းက ဘုရားဖူးတွေလာရောက် လည်ပတ်တာများတယ်၊ သင်္ကြန်ပွဲတော်ကာလဆိုရင်တော့ ခရီးသွားတွေများလို့ တံတားကြီးကျိုးကျမှာ တောင်စိုးရိမ်ရတယ်" ဟု ဒေသခံ ဓာတ်ပုံဆရာတစ်ဦးက ပြောသည်။

ဦးပိန်တံတားအနီး မယ်ဇယ်တန်းတစ်လျှောက်တွင်လည်း တပေါင်းနွေ၏ အပူဒဏ်ကို အန်တုကာ အပန်းဖြေနေကြသည့် ဘုရားဖူးခရီးသွားပြည်တွင်းဧည့်သည်များကိုလည်း တွေ့မြင်ရသည်။ မတ် ၁၀ ရက်တွင် ရှေးဟောင်းသမိုင်းဝင် ဦးပိန်တံတားကြီးကို လာရောက်ကြသော နိုင်ငံများမှာ ပြင်သစ်နိုင်ငံသား ၁၅ ဦး၊ ဂျာမနီနိုင်ငံသား ၁၈ ဦး၊ အီတလီနိုင်ငံသား ၃၀ ၊ နယ်သာလန် နိုင်ငံသားခြောက်ဦး၊ အမေရိကန်နိုင်ငံသား ၁၇ ဦး၊ စပိန်နိုင်ငံသား ၃၅ ဦး၊ ထိုင်းလူမျိုး ၅၀၊ တရုတ်နိုင်ငံသား ၂၂ ဦး၊ ဂျပန်နိုင်ငံသား ငါးဦး လာရောက်ကြကြောင်း သိရသည်။

**မောင်မောင်စိုး**



# ဗန်းမောက်မြို့ ဇလုံတောင်တော်ပေါ်မှ နှစ်ပေါင်း ၁၀၃ နှစ်သက်တမ်းရှိ ကြေးခေါင်းလောင်း

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်ရှိ သလွန်တောင်(ဇလုံတောင်)တော်ပေါ်ရှိ ကြေးခေါင်းလောင်းသည် နှစ်ပေါင်း ၁၀၃ နှစ်သက်တမ်းရှိပြီဖြစ်ကြောင်း သိရသည်။

သလွန်တောင်(ဇလုံတောင်)တော်၏ အမည်သတင်းမှာ ထူးခြားအံ့ဖွယ်ရာ ဂုဏ်ထူးဝိသေသများကြောင့် အထက်မြန်မာနိုင်ငံ၌သာမက မြန်မာတစ်နိုင်ငံလုံးတွင် ကျော်စောထင်ရှားပျံ့နှံ့လျက်ရှိသည်။ သလွန်တောင် (ဇလုံတောင်) တော်သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်တွင်တည်ရှိပြီး ဗန်းမောက်မြို့မှမြောက်ဘက် ၁၃ မိုင်ခန့်အကွာ တောအတွင်း ပင်လယ်ရေမျက်နှာပြင်အမြင့်ပေ ၃၀၉၀ မြင့်သောတောင်ပေါ်တွင် တည်ရှိသည်။

မြေပုံညွှန်းမှာ အက်(စ်)ဂျီ ၄၅၁ ၃၄၉ ဖြစ်သည်။ အတောင်အားဖြင့် ၄၄၄ တောင်အမြင့်ရှိသည်။ ဤတောင်တော်တွင်ပွင့်တော်မူလတ္တံ့သော ငါးဆူမြောက် အရိမေတ္တေယျ ဘုရားပွင့်မည့် မြတ်ဗုဒ္ဓ၏ သလွန်တောင်ဟုခေါ်ခဲ့ပြီး နောင်တွင် ဒေသခံများက ဇလုံမှောက်ထားသည်နှင့်တူ၍ လည်းကောင်း၊ ဦးသာအေးက "အောင်ကျော်အေးအောင် ဇလုံတောင်"ဟု သာသနာပြု မော်ကွန်းတင်ခဲ့၍ လည်းကောင်း ဇလုံတောင်ဟု ခေါ်ခဲ့ကြသည်။ လွန်ခဲ့သောနှစ် ၉၀ ကျော်က မြေပုံညွှန်းတွင်လည်း သလွန်တောင်ဟု ဖော်ပြထားသည်။

ထိုတောင်တော်ပေါ်၌ သက္ကရာဇ် ၄၉၂ ခုနှစ်တွင် အရှင်ဓမ္မဒသီ အမည်ရှိသော အရှင်အရဟံရဟန္တာအရှင်မြတ်နှင့် တပည့်အရှင်အာစာရမထေရ်မြတ်နှစ်ပါးသည် ဂေါဒေါပလ္လင် သလွန်တောင်သို့ ကြွရောက်တော်မူလာပြီး တောင်တော်ပေါ်၌ ဣစ္ဆာသရ ချမ်းသာကြီးအောင်တော်မူ အောင်ဆုယူစေတီတော်များကို ဦးစွာပထမ တည်ထားကိုးကွယ်ခဲ့သည်။ ဤကျောက်တောင်ကြီးပေါ်တွင် ဘုရားတည်ခဲ့သည်မှာ သက္ကရာဇ် ၄၉၂ ခုနှစ်ကဖြစ်သည့်အတွက် နှစ်ပေါင်း ၉၀၀ ကျော်ကြာခဲ့ပြီဖြစ်သည်။

ထိုမှ ဝိဇ္ဇာမဟိဒ္ဓိအရှင်ဟု မြန်ပြည်တစ်ခွင်ပေါ်လွင်ထင်ရှားသော ဦးသာအေးသည် သက္ကရာဇ် ၁၂၁၁ ခုနှစ်တွင် ဂေါဒေါပလ္လင်သလွန်တောင်တော်သို့ကြွရောက်တော်မူလာပြီး ရဟန္တာအရှင်နှစ်ပါးတည်ထား၍ ပျက်စီးယိုယွင်းနေသော အောင်တော်မူ အောင်ဆုယူစေတီတော်မြတ်များကို မွမ်းမံပြုပြင်ကိုးကွယ်၍ "အောင်ကျော်အေးအောင် ဇလုံတောင်"ဟု သာသနာပြု မော်ကွန်းတင်ခဲ့သည်။

ထိုမှ သက္ကရာဇ် ၁၂၇၆ ခုနှစ်တွင်စက်တောကိုးဌာနဂိုဏ်းဝင် ကန်ရွာကျောင်းဆရာတော်နှင့်တိုက်သူကြီးဦးရွှေသီး ဝေးနီးမြို့ရွာဒါယကာတို့က ကြေးချိန် ၂၅ ပိဿာရှိ ကြေးခေါင်းလောင်းသွန်းလုပ်ပြီး သလွန်တောင် (ဇလုံတောင်)တော်ကျောက်တောင်ကြီးပေါ်၌ ထူးခြားစွာပေါက်ရောက်နေသည့် တရုတ်စံကားပင်ကြီး၌ ချိတ်ဆွဲလှူဒါန်းခဲ့ကြသည်။

သလွန်တောင် (ဇလုံတောင်) တော်ကျောက်တောင်ကြီးပေါ်ရှိ တရုတ်စံကားပင်ကြီး၌ ကြေးခေါင်းလောင်းချိတ်ဆွဲလှူဒါန်းခဲ့သည်မှာ သက္ကရာဇ် ၁၂၇၆ ခုနှစ်ကဖြစ်သည့်အတွက် ယခုအခါ ကြေးခေါင်းလောင်းသည် နှစ်ပေါင်း ၁၀၃ နှစ်သက်တမ်းရှိခဲ့ပြီဖြစ်ရာ သလွန်တောင်(ဇလုံတောင်)တော်သို့ ဘုရားဖူးလာပြည်သူများအနေဖြင့် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

"ဇလုံတောင်ဘုရားဖူးလမ်းက ကျောက်ချောလမ်း ကတ္တရာလမ်းဖြစ်လာရင် ပုပ္ပားတောင်တို့၊ ကျိုက်ထီးရိုးဘုရားတို့လို နာမည်ကြီးဘုရားတစ်ဆူ ဖြစ်လာမယ်လို့ ယုံကြည်မိပါတယ်၊ သလွန်တောင်(ဇလုံတောင်)တော်ဆီ ဘုရားဖူး လာရောက်လေ့လာရင်း လမ်းတိုးတက်ကောင်းမွန်ဖို့၊ ဇရပ်တန်ဆောင်း၊ ရေမီးတွေ ပိုမိုပြည့်စုံဖို့ ပါဝင်လှူဒါန်းကြစေလိုပါတယ်"ဟု ဘုရားဖူးလာသူတစ်ဦးက ပြောသည်။

**ကိုမင်း(အင်းတော်)**



# မိုးမိတ်မြို့နယ်ရှိ နမ့်မိတ်ချောင်းတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မိုးမိတ် မေ ၁၂**



ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် မန္တလေး - မိုးမိတ် - မဘိမ်း မြို့နယ်သို့သွား လမ်းမပေါ်တွင် တည်ရှိသော နမ့်မိတ်ချောင်းတံတားဖွင့်ပွဲကို မေ ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းက အမှာစကား ပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးမောင်မောင်ညွန့်က တံတားတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားသည်။

အဆိုပါတံတားကို ပြည်နယ်လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းတံတားသည် မူလက သစ်သားတံတားဖြစ်ပြီး ခံနိုင်ဝန် နည်းပါးသည့်အတွက် ကုန်တင်ယာဉ်များ ဖြတ်သန်းရာတွင် တန်ချိန်တွက်ချက် သတ်မှတ်ချက်များရှိပြီး အများပြည်သူများ ဖြတ်သန်းသွားလာရာတွင်လည်း အန္တရာယ်ရှိခြင်း၊ တစ်လမ်းမောင်းသာ ဖြစ်သည့်အတွက် တစ်ဖက်ကမ်းကူးသည့်အခါ အချိန်ပေးစောင့်ဆိုင်းရခြင်း၊ မိုးရွာလျှင်ဆိုင်ကယ်များ၊ ကားများလမ်းချော်ပြီး မကြာခဏ တိမ်းမှောက်ခြင်းတို့ဖြစ်ပွားခဲ့ရာ ယခုကဲ့သို့ တံတားသစ်ကြီး တည်ဆောက်ခဲ့သဖြင့် ပြည်သူများ အဆင်ပြေစွာ ကူးလူးသွားနိုင်ပြီဖြစ်သည်။

နမ့်မိတ်ချောင်း တံတားသည် အရှည် ပေ ၃၆၀၊ အကျယ် ၁၂ ပေ၊ သံကူကွန်ကရစ်တံတားဖြစ်ပြီး ပတ်ဝန်းကျင်ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးသာမက ပညာရေး၊ ကျန်းမာရေး၊ ကျေးရွာများ၏ စိုက်ပျိုးသီးနှံများ၊ သယ်ယူပို့ဆောင်ရေးစသည့် စီးပွားရေးကဏ္ဍများတွင် အဆင်ပြေလာတော့မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြန်လည်စွန့်လွှတ်သည့်မြေများအား မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်

**ကန့်ဘလူ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြေမွန်မျိုးသန့်ခြံမှ ပြန်လည် စွန့်လွှတ်သည့်မြေများအား မူလပိုင်ရှင်တောင်သူများထံသို့ ယာယီလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၃) ပေးအပ်ပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တေဇခန်းမ၌ မေ ၁၀ ရက်က ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းအောင်၊ ခရိုင်



လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်တို့က အမှာစကားပြောကြားပြီး ခရိုင်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအတွင်းရေးမှူး ဦးသူရိန်ထွန်းက မြေမွန်မျိုးသန့်ခြံမှ ပြန်လည်စွန့်လွှတ်သည့်မြေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မူလပိုင်ရှင်တောင်သူများအတွက် ယာယီလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၃)များကို တာဝန်ရှိသူများက တောင်သူကိုယ်စားလှယ်များထံ ပေးအပ်ရာ မြေမွန်ကျေးရွာမှ တောင်သူတစ်ဦးအတွက် ၆ ဒသမ ၅၅ ဧက၊ ဘူးကုန်းကျေးရွာမှ တောင်သူငါးဦးအတွက် ၁၆ ဒသမ ၉၆ ဧက၊ ဇာတီကျေးရွာမှ တောင်သူတစ်ဦးအတွက် ၂၂ ဒသမ ၅၀ ဧက၊ သလဲဦးကျေးရွာမှ တောင်သူတစ်ဦးအတွက် ၁၇ ဒသမ ၃၈ ဧက၊ချောင်းကန်ကျေးရွာမှ တောင်သူနှစ်ဦးအတွက် ၁၁ ဒသမ ၅၈ ဧက၊ စကျင်ကျေးရွာမှ တောင်သူတစ်ဦးအတွက် ၁၃ ဒသမ ၃၂ ဧက တို့ကို တောင်သူများ လက်ဝယ်အရောက် ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ခရိုင်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီအနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို အလေးထားပြီး မြေသိမ်းဆည်းခံရမှုများကို ပြန်လည်စိစစ်၍ ဒေသခံတောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ကိုင်နိုင်ရန်အတွက် ပြန်လည်စွန့်လွှတ်မြေများကို မူလပိုင်ရှင်တောင်သူများထံ ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သတင်းကြေညာချက်

**နေပြည်တော် မေ ၁၂**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Woodside Energy (Myanmar) Pte.,Ltd. သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ AD-1 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra - Deepwater Drillship "DHIRUBHAI DEEPWATER KG 2 "ဖြင့် တွင်းတည်နေရာများဖြစ်သော Aung Siddhi-1 Pilot Hole တွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၂၇ ဒသမ ၇၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ် ၀၀ ဒသမ ၉၃၄ စက္ကန့်နှင့် Aung Siddhi-1 တွင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀ မိနစ် ၂၈ ဒသမ ၅၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ် ၀၀ ဒသမ ၉၃၀ စက္ကန့်တို့တွင် ၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့မှ ၂၀၁၈ ခုနှစ် ဇွန်လ ၂၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ AD-1 တွင် တွင်းတူးဖော်ရေးလုပ်ငန်းများကို Ultra-Deepwater Drillship " DHIRUBHAI DEEPWATER KG 2 "ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတွင်းတူးဖော်မည့် တည်နေရာဧရိယာမှ ၅၀၀ မီတာပတ်လည်အတွင်းအား ရေကြောင်း သတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**မြန်မာ့အလင်း**



နေပြည်တော် တပ်ကုန်းမြို့ လမ်းလျှောက်သင်္ကြန်ကျင်းပမည့် အထက(၁)ရှေ့ လမ်းဆုံ၌ မေ ၁၀ ရက်က မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဒော်မျိုးဝင်းက သင်္ကြန်ကာလအတွင်း မှုခင်းမဖြစ်ပွားစေရေးအတွက် မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေး၊ သင်္ကြန်ကာလ ပျော်ပွဲရွှင်ပွဲများတွင် ခိုက်ရန်မဖြစ်ပွားစေရေး၊ မော်တော်ဆိုင်ကယ်များ အိတ်ဇောဖြုတ်စီးနင်းခြင်းမပြုရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရေး အသိပညာပေးဟောပြော၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

တင်ထွန်းတာ(တပ်ကုန်း)

## လိုက်ပဇစ်ခံစစ်မှူး ယူပါမီနာကိုအား ခေါ်ယူရန် ဘာစီလိုနာအသင်း ရည်ရွယ်ထား

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသည် ဂျာမနီကလပ် လိုက်ပဇစ်အသင်း ဗဟိုခံစစ်မှူး ဒါယိုယူပါမီနာကိုအား ပြောင်းရွှေ့ကြေး ပေါင် ၈၇ သန်းအထိ ပေးချေကာ ခေါ်ယူသွားရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

လိုက်ပဇစ်အသင်းတွင် ခြေစွမ်းပြကစားနေသူ ပြင်သစ်ခံစစ်မှူး ယူပါမီ နာကိုအား မန်ယူအသင်းကလည်း ခေါ် ယူရန် စိတ်ဝင်စားမှုရှိနေသည်။

ဘာစီလိုနာအသင်းသည် အသင်း ၏ အဓိက ဗဟိုခံစစ်မှူးတစ်ဦးဖြစ်သူ ဆင်မြူရယ်အမ်တီတီ၏ အနာဂတ်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုရှိနေခြင်းကြောင့် ခံစစ်မှူး ယူပါမီနာကိုအား အမ်တီတီ၏ နေရာတွင် အစားထိုးရန် ရည်မှန်းထားခြင်း ဖြစ်သည်။ ဘာစီလိုနာအသင်းနှင့် ကင်မရွန်းနိုင်ငံဖွား ပြင်သစ်ကစားသမား အမ်တီတီတို့ ချုပ်ဆိုထားသည့် စာချုပ်တွင် အမ်တီတီအား ခေါ်ယူလိုသည့် အသင်းများသည် ပြောင်းရွှေ့ကြေးပေါင် ၅၂ သန်းပေးချေရမည်ဟူသော အချက်ကို ထည့်သွင်းချုပ်ဆိုထားကာ အမ်တီတီအား ခေါ်ယူရန် မန်ယူအသင်းက ဆက်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။ ဘာစီလိုနာအသင်းတွင် ဗဟိုခံစစ်နေရာ၌ ကစားခဲ့သူ အာဂျင်တီးနား ကစားသမား ဂျာဗီးယားမာ ရှေယာနိုသည် ပြီးခဲ့သည့် ဇန်နဝါရီ ဈေးကွက်ကာလအတွင်းတွင် တရုတ်စူပါလိဂ်ကလပ် ဟာဘီချိုင်းနားဖော်ကျွန်း အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် လာမည့်နွေရာသီအတွင်းတွင် ဘာစီလိုနာ အသင်းအနေဖြင့် ခံစစ်မှူး အမ်တီတီအား ထပ်မံဆုံးရှုံးရမည်ဆိုပါက ဗဟိုခံစစ်နေရာအတွက် ကစားသမားရွေးချယ်ခွင့် ပိုမိုနည်းပါးသွားမည် ဖြစ်သည်။



ယခုနှစ်ဘောလုံးရာသီတွင် လိုက်ပဇစ်အသင်းအတွက် စုစုပေါင်း ၂၂ ပွဲ ပါဝင်ကစားခွင့် ရရှိထားသူ ခံစစ်မှူး ယူပါမီနာကိုသည် ဂျာမနီဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ အကောင်းဆုံး ဗဟိုခံစစ်မှူးများအနက်မှ တစ်ဦးအဖြစ် အသိအမှတ်ပြုခြင်းခံထားရသူ ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့် ပထမအကျော့ပွဲအဖြစ် ရိုးမားအသင်းအား အိမ်ကွင်းတွင် လက်ခံကစားခဲ့စဉ်က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့သော်လည်း ဧပြီ ၁၀ ရက်တွင် ဒုတိယ အကျော့ပွဲစဉ်အဖြစ် ရိုးမားအသင်း၏ အိမ်ကွင်းတွင် သွားရောက်ကစားခဲ့သောပွဲ၌ သုံးဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ခြင်းကြောင့် နှစ်ကျော့ပေါင်း လေးဂိုးစီသရေကျခဲ့သော်လည်း အဝေးဂိုးစည်းမျဉ်း အရ ဘာစီလိုနာအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

**ထက်အောင်**

## စာချုပ်သစ်ချုပ်ဆိုရန် မန်ယူအသင်း၏ ကမ်းလှမ်းမှုကို မာတီရယ် ငြင်းဆိုခဲ့

မန်ယူအသင်း လူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်သူ အန်ထော်နီမာတီရယ်သည် မန်ယူအသင်းက စာချုပ်သစ် ချုပ်ဆိုရန် ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ပြီးနောက် လာမည့် နွေရာသီအတွင်း တိုက်စစ်မှူး မာတီရယ်သည် မန်ယူမှ ထွက်ခွာရန် ဆန္ဒရှိနေကြောင်း ပြင်သစ် မီဒီယာများက ရေးသားဖော်ပြမှုများ ပြုလုပ်ခဲ့ကြသည်။

အသက် ၂၂ နှစ်အရွယ်ရှိ ပြင်သစ် တိုက်စစ်မှူး မာတီရယ်နှင့် မန်ယူတို့ ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက် တမ်းမှာ ၂၀၁၉ ခုနှစ် နွေရာသီတွင် ကုန်ဆုံးမည်ဖြစ်သည်။ မန်ယူအသင်းသည် တိုက်စစ်မှူး မာတီရယ်အား ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းမှုကို မာတီရယ်က ပယ်ချခဲ့ခြင်း ဖြစ်ကြောင်း ပြင်သစ်ရေဒီယိုသတင်း ဌာနတစ်ခုဖြစ်သည့် RMC Sport မှ သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။



တိုက်စစ်မှူး မာတီရယ်အား ရီးရဲမက်ဒရစ်၊ စပါး၊ ဂျူဗင်တပ်စ်နှင့် အက်သလက်တီကိုမက်ဒရစ် စသည့် ဥရောပ ကလပ်အသင်းကြီးများက ခေါ်ယူရန် စိတ်ဝင်စားမှုရှိနေသည်ဟုဆိုသည်။ မန်ယူအသင်းသည် တိုက်စစ်မှူး မာတီရယ်အား မိုနာကိုအသင်းမှ ခေါ်ယူခဲ့စဉ်က ပြောင်းရွှေ့ကြေးအဖြစ် ပေါင် ၃၆ သန်း ပေးချေခဲ့ရသော်လည်း လာမည့် နွေရာသီတွင်အတွင်းတွင် မာတီရယ်ကို ရောင်းချမည်ဆိုပါက ပေါင် ၃၆ သန်း ထက် လျော့နည်းသည့် ပမာဏဖြင့် ရောင်းချရဖွယ်ရှိနေသည်။ ပြီးခဲ့သည့် ဘောလုံးရာသီတွင် မန်ယူအသင်း၏တိုက်စစ်၌ အီဘရာဟီမိုဗစ်၊ မားကပ်ရက်ချ်ဖို့ဒ်တို့ရှိနေခြင်းကြောင့် တိုက်စစ်မှူး မာတီရယ်သည် ပုံမှန်ပွဲထွက်ခွင့် ရရှိရန် ရုန်းကန်ခဲ့ရသကဲ့သို့ ယခုနှစ်ရာသီတွင်လည်း မန်ယူသို့ လူကာကူ၊ အလက်ဇီဆန်းချက်ဇ်စသည့် ကစားသမားများ ရောက်ရှိလာခြင်းကြောင့် မာတီရယ်အနေဖြင့် ပွဲ ထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိ ရန် ပိုမိုခက်ခဲနေရသူဖြစ်သည်။ ယခုနှစ် ဘောလုံးရာသီတွင် တိုက်စစ်မှူး မာတီရယ်သည် မန်ယူအသင်းအတွက် စုစုပေါင်း ပွဲ ၄၀ ပါဝင်ကစားထားကာ ၁၁ ဂိုး သွင်းယူပေးထားသူ ဖြစ်သည်။

မန်ယူအသင်း၏ လူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်သူ ရက်ချ်ဖို့ဒ်သည်လည်း မန်ယူအသင်းတွင် ပုံမှန်ကစားခွင့်ရရှိရန် ရုန်းကန်နေရခြင်းကြောင့် လာမည့် ဘောလုံးရာသီတွင် မန်ယူအသင်းမန်နေဂျာ အဖြစ် မော်ရင်ညို ဆက်လက်တာဝန်ယူနေမည်ဆိုပါက လာမည့် နွေရာသီအတွင်း မန်ယူအသင်းကို စွန့်ခွာဖြစ်နိုင်ကြောင်း မကြာသေးမီက သတင်းများလည်း ထွက်ပေါ်လာခဲ့သည်။

**ထက်အောင်**

**မန်ယူသို့ လူကာကူ၊ အလက်ဇီဆန်းချက်ဇ်စသည့် ကစားသမားများ ရောက်ရှိလာခြင်းကြောင့် မာတီရယ်အနေဖြင့် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိရန် ပိုမိုခက်ခဲနေရသူဖြစ်သည်။ ယခုနှစ် ဘောလုံးရာသီတွင် တိုက်စစ်မှူး မာတီရယ်သည် မန်ယူအသင်းအတွက် စုစုပေါင်း ပွဲ ၄၀ ပါဝင်ကစားထားကာ ၁၁ ဂိုး သွင်းယူပေးထားသူဖြစ်သည်။**

ပေါ့ဂ်ဘာဟာ မန်ယူအသင်းကို ၂၀၁၆ ခုနှစ်က ရောက်ခဲ့တယ်။ ရောက်လာစကတည်းက ဖလားငတ်နေတဲ့ မန်ယူအသင်းပရိသတ်တွေအတွက် တော့ကြီးမားတဲ့ မျှော်လင့်ချက်တွေ က သူနဲ့အတူ ရှိနေခဲ့ပါတယ်။ သူဟာ မန်ယူအသင်းနဲ့ပထမဦးဆုံးရာသီမှာလည်း ယူရိုပါလိဂ်အပါအဝင် ဆုဖလား နှစ်လုံးရယူနိုင်ခဲ့တယ်။ ဒါပေမယ့် ဒီရာသီမှာတော့ သူ့ရဲ့ခြေစွမ်းတွေနဲ့ပတ်သက်ပြီး ပြောချင်စရာတွေဖြစ်အောင် ခြေစွမ်းတွေ ကျဆင်းခဲ့တယ်။ အသင်းရဲ့စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ခေါ် ယူထားခဲ့တဲ့ ကစားသမားတစ်ယောက်စီကနေ မျှော်လင့်သလောက် မရတဲ့အခါ ပရိသတ်တွေကြားမှာလည်း ပွက်လောရိုက်ခဲ့တယ်။ အထူးသဖြင့် ပြီးခဲ့တဲ့ ၂ လ၊ ၃ လလောက်က အဆိုးဆုံးလို့ ပြောရမယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ နိုင်ငံတကာပွဲတွေမှာတော့ သူ့ရဲ့ခြေစွမ်းတွေကို ပြင်သစ်အသင်းနဲ့အတူ ပြန်ရခဲ့တယ်။ ဒ့ါအပြင် မန်ချက်စတာ ဒါဘီပွဲမှာတော့ သူဟာအသင်းတွက် ချိုမြိန်လွန်းတဲ့ အနိုင်ကို ရယူနိုင်ဖို့အတွက် နှစ်ဂိုးတောင်သွင်းယူပေးခဲ့တယ်။ ဒါတွေကြောင့်လည်း သူ့အပေါ်ဝေဖန်မှုတွေကတော့ လျော့သွားပြီး ရာသီကုန်မှာ အသင်းကနေ ထွက်ခွာဖို့ ရှိနေတဲ့အသံတွေ တိတ်သွားခဲ့တယ်။ တကယ်တော့လည်း ပေါ့ဂ်ဘာအတွက် မန်ချက်စတာမြေဟာ အခြေတင့်တဲ့နေရာ တစ်ခုဖြစ်တာကြောင့် ထွက်ခွာဖို့တော့ မစဉ်းစားသင့်တဲ့နေရာလည်း ဖြစ်တယ်။ မစဉ်းစားသင့်လောက်အောင်လည်း ကောင်းမွန်တဲ့အချက်တွေရှိနေတယ်။

# သရဲနီနဲ့အတူ ဂန္ထဝင်တွင်မယ့်နေ့ရက်တွေကို ဖြတ်ကျော်သင့်တဲ့ ပေါ့ဂ်ဘာ



### မန်ယူအသင်းရဲ့အနာဂတ်ကပ္ပတိန်

ပေါ့ဂ်ဘာအနေနဲ့ မန်ယူအသင်းမှာ ဆက်နေသင့်တဲ့ အကြောင်းတရားတွေကို ကြည့်မယ်ဆိုရင်တော့ ဒီအချက်ကလည်း အဓိကအချက်တစ်ခုအနေနဲ့ ရှိနေပါတယ်။ ကစားသမားတစ်ဦးအတွက် အသင်းတစ်သင်းမှာ နေရာတစ်နေရာရဖို့အတွက် ကြိုးစားနိုင်ပေမယ့် ကပ္ပတိန်ဖြစ်လာဖို့ဆိုတာ ပွဲထွက်ကစားခွင့် ထက်တောင်ပိုခက်ခဲပါတယ်။ ပေါ့ဂ်ဘာဟာ မန်ယူအသင်းအတွက် ခေါင်းဆောင် ကောင်းတစ်ဦးအနေနဲ့ ဦးဆောင်နိုင်စွမ်းရှိသူ ဖြစ်တယ်ဆိုတာကိုတော့ မန်ယူအသင်းနဲ့အတူ ကစားခဲ့တဲ့ပွဲတွေကို ကြည့်မယ်ဆိုရင်သိသာပါတယ်။ မန်ယူအသင်းဟာ ဒေးဗစ်မိုယေးစ်၊ ဗန်ဟားလ်တို့ရဲ့ လက်ထက်မှာ ကွင်းထဲမှာ ခေါင်းဆောင်နိုင်တဲ့ ကပ္ပတိန်ကောင်း တစ်ယောက် ကင်းမဲ့နေခဲ့တယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ မန်ချက်စတာဒါဘီပွဲစဉ်မှာတော့ ပေါ့ဂ်ဘာဟာ အသင်းကို အနိုင်ရဖို့အတွက် ဦးဆောင်ပြီး ကစားနိုင်ခဲ့တယ်။ သူ့ရဲ့ ခြေစွမ်းကျဆင်းမှုကို ဝေဖန်ကြပေမယ့် သူ့ရဲ့ခြေစွမ်းခြေစ တွေကိုတော့ ဘယ်သူကမှ အထင်မသေးရဲတာတော့ အမှန်လို့ ပြောရမယ်။ ပေါ့ဂ်ဘာအနေနဲ့ မန်ယူအသင်းရဲ့ ကပ္ပတိန်လက်ပတ်ကိုအမြဲတမ်း ပေးပတ်ဖို့ကတော့ အချိန်အတိုင်းအတာ လိုသေးတယ်။ ဒါကြောင့်လည်းသူသာ မန်ယူအသင်းမှာဆက်လက်ရှိနေခဲ့မယ်ဆိုရင် မန်ချက်စတာရဲ့ ဦးဆောင်ပွဲကိုင်ရှင်လက်ပတ်ဟာသူ့ရဲ့ လက်မောင်းပေါ်မှာမလွဲမသွေတွေ့မြင်ရနိုင်တဲ့အရာလို့ ပြောရမယ်။

### ပေါ့ဂ်ဘာနဲ့ မန်ယူအသင်းတို့ရဲ့ အပြန်အလှန်ပတ်သက်မှု

ပြီးခဲ့တဲ့မန်ယူအသင်းရဲ့ မန်ချက်စတာ ဒါဘီနိုင်ပွဲကိုပဲကြည့်။ အဲဒီပွဲဟာ မန်ယူအသင်း ပရိသတ်တွေ အတွက်တော့ မြို့ခံပြိုင်ဘက်ကို အကောင်းဆုံး အလဲထိုးနိုင်ခဲ့တဲ့ပွဲ လို့ ပြောရမယ်။ အနိုင်က ချိုမြိန်လွန်းခဲ့တယ်။ ပွဲပြီးတော့ ပေါ့ဂ်ဘာဟာ မန်ယူ အသင်းပရိသတ်တွေရှိတဲ့ ပွဲကြည့်စင် ဘက်ကို သွားပြီး အောင်ပွဲခံခဲ့တယ်။ ဒ့ါအပြင် ပရိသတ်တွေကို သူနဲ့ ပတ်သက်တဲ့ကောလာဟလတွေကို နားမထောင်ဖို့ကိုလည်း လက်ဟန်ခြေဟန်နဲ့ ပြောခဲ့တယ်။ ဒါကိုကြည့်တာနဲ့ သူ့ရဲ့ရင်ဘက်ထဲမှာက မန်ယူရှိနေတယ်။ ပေါ့ဂ်ဘာနဲ့ပတ်သက်တဲ့ ဆိုးရွားမှုတွေအားလုံးဟာ ဒါဘီပွဲမှာနိုင်ခဲ့တဲ့ တစ်ပွဲတည်းက အရာအားလုံးကိုအကောင်းဆုံးဖြစ်စေခဲ့တယ်။ ဒါဟာနှစ်ပေါင်းများစွာကြာအောင် မန်ယူပရိသတ်တွေနဲ့ မန်ယူအသင်းရဲ့ဒါဘီသမိုင်းမှာ ပေါ့ဂ်ဘာရဲ့အခန်းကဏ္ဍဟာ မေ့ပျောက်လို့မရနိုင်လောက်အောင်ကို အဓိကအဖြစ်ရှိနေမှာလည်း ဖြစ်ပါတယ်။

### ပေါ့ဂ်ဘာကိုဘယ်သူခေါ်နိုင်လဲ

ပေါ့ဂ်ဘာအနေနဲ့ မန်ယူအသင်းက ထွက်မယ်ဆိုရင်ရော။ ဘယ်ကိုသွားမှာလဲ၊ မန်ယူအသင်းထက်သာတဲ့ အသင်းကဘယ်အသင်းရှိမလဲ။ ဘယ်အသင်းကရော ပေါ့ဂ်ဘာလို တန်ကြေးကြီးကစားသမားမျိုးကို ခေါ်ယူဖို့တတ်နိုင်မလဲ။ လက်ရှိဘောလုံးလောကမှာက ပေါ့ဂ်ဘာလို ကစားသမားမျိုးကို ခေါ်ယူနိုင်တဲ့အသင်းက လက်ဆယ် ချောင်းတောင်မပြည့်ဘူး။ တိတိကျကျ ပြောရမယ်ဆိုရင် ရီးရဲ၊ ပီအက်စ်ဂျီ၊ မန်စီးတီးနဲ့ ဘာစီလိုနာတို့ပဲရှိတယ်။ ရီးရဲဆိုရင်လည်း မန်ယူအသင်းဂိုးသမား ဒီဂီယာနဲ့ ချယ်လ်ဆီးတိုက်စစ်မှူး မိုရာတာတို့ကို ခေါ်ယူဖို့ကိုသာ အဓိကအာရုံစိုက်နေတာကြောင့် ပေါ့ဂ်ဘာရဲ့အခန်းကဏ္ဍက အရေးမပါသေးဘူး။ ပီအက်စ်ဂျီအသင်းဆိုရင်လည်း ကွင်းလယ်မှာက ပါရမီရှင်လူငယ်ကစားသမားတွေများ နေတာကြောင့် ခေါ်ယူဖို့က မဖြစ်နိုင်ဘူး။ မန်စီးတီးအသင်းက ခေါ်ယူခဲ့မယ်ဆိုရင်လည်း ပေါ့ဂ်ဘာအနေနဲ့ လက်ရှိအသင်းရဲ့ ပြိုင်ဘက်ကို ထွက်ခွာဖို့က အတော်ကလေး စဉ်းစားရမယ်။ သူ့ရဲ့မန်ယူအသင်းအပေါ်လက်ရှိထားတဲ့ စိတ်နဲ့ဆိုရင်တော့ မဖြစ်နိုင်ဘူး။ ဘာစီလိုနာကတော့ လက်ရှိရာသီတွေရဲ့ အပြောင်းအရွှေ့တွေမှာတော့ နေမာကလွဲလို့ ကျန်တဲ့ ကမ္ဘာ့ထိပ်တန်းကစားသမားမျိုး ခေါ်ယူဖို့ကတော့ မဖြစ်နိုင်တော့ဘူး။ အခုလိုအခြေအနေမျိုးတွေကြောင့် သူ့အနေနဲ့ မန်ယူအသင်းက အကောင်းဆုံးနေရာ တစ်ခုလို့ပြောရမယ်။

ပေါ့ဂ်ဘာရဲ့လက်ရှိ အနေအထားနဲ့ ခြေစွမ်းတွေအရတော့ သူ့အနေနဲ့ မန်ယူအသင်းကို စွန့်ခွာခြင်းထက် မန်ယူအသင်းမှာ ဂန္ထဝင်တွင်မယ့် နေ့ရက်တွေကို ဖြတ်ကျော် သင့်တယ်လို့သာ ပြောလိုက်ချင်ပါတယ်။ ။

● **အောင်က**



ဝေ မိုး ဆက်

# အိမ်ကွင်းမှာ သုံးမှတ်အပြည့်ယူပြီးနိုင်ပွဲဆက်ဦးမယ့် မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် ၃၄ ကိုတော့ သင်္ကြန်ကာလမှာ ကစားကြမှာဖြစ်ပြီး ဝက်စ်ဟမ်းနဲ့စတုတ် တစ်ပွဲသာ နှစ်ဆန်းတစ်ရက်နေ့မှာ ကစားသွားမှာ ဖြစ်ပါတယ်။ ဒီအပတ်ပွဲစဉ်တွေထဲမှာတော့ စပါးနဲ့မန်စီးတီးအသင်းတို့ရဲ့ပွဲစဉ်ကတော့ စိတ်ဝင်စားစွာစောင့်ကြည့်ရဦးမယ့်ပွဲတစ်ပွဲ ဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့အပတ်မှာ မန်ချက်စတာဒါဘီမှာ အမှတ်ပေးဇယားရဲ့ထိပ်ဆုံးမှာရှိနေခဲ့တဲ့ မန်စီးတီးအသင်းကို အနိုင်ယူခဲ့တဲ့ မန်ယူရဲ့ဝက်စ်ဘရွန်းနဲ့ယှဉ်ပြိုင်ရမယ့်ပွဲကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။

## ဆောက်သမ်တန် Vs ချယ်လ်ဆီး

ပကျော့ ချယ်လ်ဆီး ၁ ၀ ဆောက်သမ်

တန်းဆင်းဇုန်မှာရောက်နေတဲ့ ဆောက်သမ်တန်အသင်းအတွက်တော့ ပွဲတိုင်းက အရေးကြီးနေတယ်။ ပွဲတိုင်းက ရမှတ်ရဖို့လိုအပ်တယ်။ ဒါပေမယ့် ခြေစွမ်းပိုင်းက ကျဆင်းနေပြီး ရှုံးပွဲတွေက ဆက်နေတယ်။ ချယ်လ်ဆီးအသင်းအနေနေနဲ့ ဝက်စ်ဟမ်းနဲ့ပွဲကိုသရေကျထားခဲ့တာကြောင့် ဒီပွဲကတော့ သူ့အတွက်အရေးပါတဲ့ ပွဲဖြစ်တယ်။ အဆင့် ၄ နေရာအတွက် အလှမ်းကွာလွန်းပေမယ့် အဆင့် ၅ နေရာမှာဆက် လက်ရှိနေဖို့အတွက် ဒီပွဲကို အားစိုက်ကစားလိမ့်မယ်။ ချယ်လ်ဆီးကပ်နိုင်မယ်။

## ဘန်လေ Vs လက်စတာ

ပကျော့ လက်စတာ ၁ ၀ ဘန်လေ

ဘန်လေအသင်းရဲ့လက်ရှိခြေစွမ်းပိုင်းက ကောင်းနေတယ်။ ဘန်လေအသင်းရဲ့အိမ်ကွင်းခြေက အကောင်းဆုံးမဟုတ်ပေမယ့် လက်ရှိ စုဖွဲ့မှုအရတော့ အိမ်ကွင်းမှာမရှုံးအောင် ဂရုစိုက်ကစားလိမ့်မယ်။ လက်စတာအသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ နယူးကာဆယ်အသင်းကို ရှုံးနိမ့်ထားခဲ့ပေမယ့် တန်းဆင်းဇုန်ကနေ ကောင်းကောင်းကြီးလွတ်နေပြီဖြစ်တာကြောင့် ဖိအားတော့မရှိဘူး။ လက်စတာအနေနဲ့ ရုန်းကန်ရမယ့် အခြေအနေမှာရှိနေတယ်။ဘန်လေကပ်နိုင်မယ်။

## ပဲလေ့စ် Vs ဘရိုက်တန်

ပကျော့ ဘရိုက်တန် ၂ ၁ ပဲလေ့စ်

ပဲလေ့စ်အသင်းရဲ့လက်ရှိအခြေအနေက တန်းဆင်းဇုန်နဲ့ကပ်နေပြီး စိုးရိမ်ရတဲ့အခြေအနေမှာ ရှိနေတယ်။ ဒါကြောင့်လည်း ပဲလေ့စ်အသင်းအနေနဲ့ ဒီပွဲကို အားစိုက်ပြီးကစားလိမ့်မယ်။ ဒီပွဲကိုရှုံးလို့ မဖြစ်တဲ့ အခြေအနေမှာရှိနေတယ်။ ဘရိုက်တန်အသင်းအနေနဲ့ကလည်း ဒီပွဲကိုနိုင်ထားရင် တန်းဆင်းဇုန်ကလွတ်ဖို့ ပိုမိုနီးကပ်သွားနိုင်တာကြောင့် ဒီပွဲဟာသူ့အတွက်လည်း အရေးပါတဲ့ပွဲဖြစ်တာကြောင့်မရှုံးဖို့ အားစိုက်လိမ့်မယ်။ ပဲလေ့စ်အသင်းအနေနဲ့ အိမ်ကွင်းမှာ သရေထက်မပိုနိုင်ဘူး။

## ဟက်ဒါဖီးလ် Vs ဝက်ဖို့ဒ်

ပကျော့ ဝက်ဖို့ဒ် ၁ ၄ ဟက်ဒါဖီးလ်

ဟက်ဒါဖီးလ်အသင်းအတွက်တော့ ဒီပွဲဟာ အရေးကြီးတဲ့ပွဲလို့ ပြောရမယ်။ တန်းဆင်းဇုန်နားကပ်နေတာကြောင့် ပွဲတိုင်းမှာ မရှုံးဖို့ အားစိုက်ကစားလိမ့်မယ်။ နိုင်ပွဲတွေပျောက်နေတဲ့ ဟက်ဒါဖီးလ်အတွက် ဒီပွဲကို အမှတ်ရအောင်ယူလိမ့်မယ်။ ဝက်ဖို့ဒ်အသင်းဟာ ပြီးခဲ့တဲ့ပွဲမှာ ဘန်လေကို ရှုံးထားတာ ကြောင့်ဒီပွဲကိုတော့ မရှုံးဖို့ အားစိုက်လိမ့်မယ်။ ဝက်ဖို့ဒ်အနေနဲ့ ဒီပွဲကိုနိုင်ခဲ့ရင်တော့ တန်းဆင်းဇုန်က လွတ်ပြီးလို့ပြောရမယ်။ ဒါပေမယ့် အဝေးကွင်းမှာသရေထက်ပိုကောင်းတဲ့ အဖြေမရနိုင်ဘူး။

## လီဗာပူး Vs ဘုန်းမောက်

ပကျော့ ဘုန်းမောက် ၀ ၄ လီဗာပူး

လီဗာပူးအသင်းဟာ ထိပ်ဆုံးတန်းလေးသင်းကနေ မလျော့ကျရေးအတွက် ဒီပွဲကိုအနိုင်ကစားလိမ့်မယ်။ လက်ရှိအချိန်မှာလည်း လီဗာပူးရဲ့တိုက်စစ်အားဟာ ဆာလတ်ရဲ့အားနဲ့အတူ အကောင်းဆုံးရှိနေတယ်။ ဘုန်းမောက်အသင်းရဲ့လက်ရှိခြေစွမ်းကအကောင်းဆုံးလို့ပြောလို့ မရဘူး။ ရလဒ်ကောင်းဖို့အတွက် အပြင်းအထန်ရုန်းကန်နေရတယ်။ လီဗာပူးအသင်း အိမ်ကွင်းမှာ နိုင်ပွဲရမယ်။

## စပါး Vs မန်စီးတီး

ပကျော့ မန်စီးတီး ၄ ၁ စပါး

စပါးအသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းက အကောင်းဆုံးရှိနေတယ်လို့ ပြောနိုင်တယ်။ ပထမအကျော့ပွဲမှာ ဂိုးပြတ်ရှုံးခဲ့ရပေမယ့်ဒီအကျော့မှာတော့ မရှုံးအောင် အားစိုက်လိမ့်မယ်။ မန်စီးတီးအသင်းအနေနဲ့ကလည်း မန်ချက်စတာဒါဘီမှာမန်ယူကို ရှုံးနိမ့်ထားရသလို ချန်ပီယံလိဂ်မှာလည်း လီဗာပူးကို ရှုံးနိမ့်ခဲ့ရတာကြောင့် ဒီပွဲကိုတော့ အားစိုက်ကစားလိမ့်မယ်။ စပါးအိမ်ကွင်းမှာ သရေထက်မပိုနိုင်ဘူး။

## မန်ယူ Vs ဝက်စ်ဘရွန်း

ပကျော့ ဝက်စ်ဘရွန်း ၁ ၂ မန်ယူ

မန်ယူအသင်းအတွက်တော့ မန်စီးတီးအသင်းကို လိုက်မမီနိုင်ပေမယ့် အဆင့် ၂ နေရာမှာ ဆက်လက်ရပ်တည်နိုင်ဖို့အတွက် ဒီပွဲကို အနိုင်ကစားလိမ့်မယ်။ မန်ယူအသင်းမှာ ပေါ့ဂ်ဘာရဲ့ ခြေစွမ်းကလည်း ပြန်ကောင်းနေတယ်။ ဝက်စ်ဘရွန်းအသင်းဟာ တန်းဆင်းဇုန် အောက်ဆုံးမှာရှိနေပြီး ဒီပွဲကိုတော့ ရုန်းကန်ရနိုင်တယ်။ မန်ယူအသင်းအိမ်ကွင်းမှာ နိုင်မယ်။

## ဝက်စ်ဟမ်း Vs စတုတ်

ပကျော့ စတုတ် ၀ ၃ ဝက်စ်ဟမ်း

ဝက်စ်ဟမ်းအသင်းအတွက် ဒီပွဲမှာအမှတ် ရယူနိုင်ဖို့ကအရေးကြီးတယ်။ ဒီပွဲမှာသာနိုင်ခဲ့မယ်ဆိုရင် ဝက်စ်ဟမ်းအသင်းအတွက် တန်းဆင်းဇုန် လွတ်မြောက်ဖို့က သိပ်မရှန်းရတော့ဘူး။ ပြီးခဲ့တဲ့ပွဲမှာ ချယ်လ်ဆီးအသင်းကိုသရေကစားထားတယ်။ စတုတ်အသင်းရဲ့လက်ရှိခြေစွမ်းပိုင်းက ဆိုးရွားနေတယ်။ အသင်းရဲ့ဟန်ချက်ကလည်း ပျက်နေတယ်။ အဝေးကွင်းမှာ နိုင်ပွဲရဖို့မလွယ်ဘူး။ ဝက်ဟမ်းအသင်း အိမ်ကွင်းမှာနိုင်မယ်။

## ကာဒယ် Vs အာဆင်နယ်

ပကျော့ အာဆင်နယ် ၁ ၀ ကာဒယ်

နယူးကာဆယ်အသင်းရဲ့လက်ရှိခြေစွမ်းပိုင်းက ကောင်းနေတယ်။ နောက်ဆုံးအိမ်ကွင်း ခုနစ်ပွဲကို အရှုံးမရှိသေးဘူး။ အိမ်ကွင်းမှာရလဒ် ကောင်းအောင်ကြိုးစားလိမ့်မယ်။ အာဆင်နယ် အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းက ဆက်တိုက်ကောင်းနေတယ်။ ဒါပေမယ့်ကြားထဲမှာ ယူရိုပါလိဂ်ပွဲရှိနေတာကြောင့်ကစားသမားတွေအနေနဲ့ ပွဲပန်းမှုတော့ရှိနိုင်တယ်။ အာဆင်နယ်အဝေးကွင်းမှာ သရေလောက်သာရမယ်။

## ဆွမ်ဆီး Vs အဲဗာတန်

ပကျော့ အဲဗာတန် ၃ ၁ ဆွမ်ဆီး

ဆွမ်ဆီးအသင်းဟာ တန်းဆင်းဇုန်ကနေ ခက်ခက်ခဲခဲရုန်းကန်ပြီးတက်ခဲ့ရပေမယ့် လုံးဝလွတ်မြောက်ခြင်းမရှိသေးပါဘူး။ ဒီပွဲပြီးလာမယ့်နှစ်ပွဲဟာ မန်စီးတီး၊ ချယ်လ်ဆီးတို့နဲ့ဖြစ်တာကြောင့် ဒီပွဲဟာ သူတို့အတွက် အမှတ်ရအောင်ယူရမယ့်ပွဲလို့ ပြောရမယ်။ အဲဗာတန်အသင်းကတော့ တန်းဆင်းဇုန်ကနေ လွတ်နေပြီ ဖြစ်တာကြောင့် ဖိအားတော့သိပ်မရှိဘူး။ ဆွမ်ဆီးအသင်းအိမ်ကွင်းမှာနိုင်မယ်။

# တိုက်စစ်မှူး မိုရာတာကို ဂျူဗင်တပ်စ်အသင်း တစ်ကျော့ပြန်ခေါ်ယူဖွယ်ရှိ

ထက်အောင်

အီတလီကလပ် ဂျူဗင်တပ်စ်အသင်းသည် ချယ်လ်ဆီး အသင်း တိုက်စစ်မှူး အယ်ဗာရိုမိုရာတာအား လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလအတွင်းတွင် အသင်းသို့ တစ်ကျော့ပြန်ခေါ်ယူရေးအတွက် ချယ်လ်ဆီးအသင်း တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

စပိန်တိုက်စစ်မှူး မိုရာတာ (၂၅ နှစ်) သည် ၂၀၁၇ ခုနှစ် ဇူလိုင်လ အတွင်းတွင် ရီးရဲမက်ဒရစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ဝန်းကျင်ဖြင့် ပြောင်းရွှေ့လာသူဖြစ်သည်။ တိုက်စစ်မှူး မိုရာတာသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဂျူဗင်တပ်စ်အသင်းတွင် ပါဝင်ကစားခဲ့ကာ ဂျူဗင်တပ်စ်အသင်းအတွက် စုစုပေါင်း ၉၃ ပွဲ ပါဝင်ကစားခဲ့ပြီး ၂၇ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ တိုက်စစ်မှူး မိုရာတာသည် ဂျူဗင်တပ်စ်အသင်းတွင် ကစားခဲ့စဉ်ကာလအတွင်း အသင်းပရိသတ်များ၊ နည်းပြအဖွဲ့ဝင်များနှင့် ကစားဖော်များ၏ ချစ်ခင်နှစ်သက်မှုခံခဲ့ရသည့် ကစားသမားဖြစ်သည်။

ဂျူဗင်တပ်စ်အသင်းသည် လာမည့် နွေရာသီအတွင်းတွင် ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး ကာဗာနီကိုလည်း ဆက်သွယ်လျက်ရှိသည်ဟုဆိုသည်။ သို့သော်လည်း တိုက်စစ်မှူး မိုရာတာသည်သာ ဂျူဗင်တပ်စ်အသင်း ခေါ်ယူလိုသည့် ပထမဦးစားပေးကစားသမားအဖြစ်ရှိနေကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။

တိုက်စစ်မှူး မိုရာတာသည် ချယ်လ်ဆီးသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရကာ ချယ်လ်ဆီး အသင်းအတွက် စုစုပေါင်း ၄၁ ပွဲ ပါဝင်ကစားပြီးချိန်တွင် ၁၄ ဂိုးသာသွင်းယူထားနိုင်သေးသူဖြစ်သည်။ သို့သော်လည်း ချယ်လ်ဆီးအသင်းပိုင်ရှင် အာဘရာမိုဗစ်အနေဖြင့် ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူထားသူ တိုက်စစ်မှူး မိုရာတာအား လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် လက်လွှတ်ဖွယ်မရှိဟု ဘောလုံးရေးရာ ကျွမ်းကျင်သူအချို့က သုံးသပ်ထားသည်။

လာမည့် နွေရာသီအတွင်း ချယ်လ်ဆီးအသင်းမန်နေဂျာ အပြောင်းအလဲ ဖြစ်လာခဲ့ပါက တိုက်စစ်မှူး မိုရာတာ၏ အနာဂတ်သည်လည်း အပြောင်းအလဲဖြစ်ပေါ်လာနိုင်သည်ဟုလည်း ခန့်မှန်းမှုများ ထွက်ပေါ်လျက်ရှိသည်။



တိုက်စစ်မှူး မိုရာတာသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဂျူဗင်တပ်စ်အသင်းတွင် ပါဝင်ကစားခဲ့ကာ ဂျူဗင်တပ်စ် အသင်းအတွက် စုစုပေါင်း ၉၃ ပွဲ ပါဝင်ကစားခဲ့ပြီး ၂၇ ဂိုး သွင်းယူနိုင်ခဲ့သူ ဖြစ်သည်။

# သင်္ကြန်ကာလအတွင်း ရန်ကုန်မြို့ ရေကန်ကြီးများတွင် ရေပြင်ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ထားရှိမည်

**ရန်ကုန် ဧပြီ ၁၂**

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရေကန်ကြီးနှစ်ခုဖြစ်သော အင်းလျားကန်နှင့် ကန်တော်ကြီးတို့တွင် ရေပြင်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ ထားရှိမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး ရေယာဉ်များဖြင့် စောင့်ကြပ်တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့မှ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့အထိ နေ့စဉ်နံနက် ၇ နာရီမှည ၇ နာရီအထိ ရှာဖွေကယ်ဆယ်ရေးရေယာဉ် နှစ်စင်းဖြင့် ရေကန်များတွင် စောင့်ကြပ်တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း၊ အဆိုပါရေယာဉ်များတွင် အရာရှိတစ်ဦးနှင့် အခြားအဆင့်တပ်ဖွဲ့ဝင် လေးဦးစီ ပါဝင်ပြီး ရေယာဉ်နှစ်စင်းစလုံးတွင် ရေအောက်ရှာဖွေရေးကင်မရာ ပါရှိကြောင်း သိရသည်။

သင်္ကြန်ကာလအတွင်း ရေကစားထွက်သူများမှာ အပူဒဏ်သက်သာစေရန် ကန်တော်ကြီးနှင့် အင်းလျားကန်တို့တွင် ရေကန်အတွင်း ရေဆင်းစိမ်လေ့ရှိကြကာ အချို့မှာ အရက်သောက်ထားပြီး ရေထဲဆင်းခြင်းကြောင့် ရေနစ်မှုများ ကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။

ထို့အပြင် ဧပြီ ၁၇ ရက် နှစ်ဆန်း ၁ ရက်နေ့တွင် ရွှေပြည်သာမြို့နယ်ရှိ သာဓုကန်၌လည်း ရှာဖွေကယ်ဆယ်ရေး ရေယာဉ်နှစ်စင်း ထားရှိမည်ဖြစ်ပြီး ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ရာတွင် ငါးလွှတ်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များက စောင့်ကြပ်တာဝန်ထမ်းဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

# တပ်ကုန်းမြို့ မိုးကြိုပဲတီစိမ်း အထူးဇုန်များမှ တောင်သူများအား သွင်းအားစုပစ္စည်းများပေးအပ်

**တပ်ကုန်း ဧပြီ ၁၂**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးဆောင်ရွက်လျက်ရှိသည့် မိုးကြို ပဲတီစိမ်း GAP အထူးဇုန် - ၁ မကျီးကုန်းကျေးရွာ ဧက၅၀၀နှင့် အထူးဇုန် -၂ ရှောက်ကုန်းကျေးရွာဧက ၃၅၀ တို့ တွင်စိုက်ပျိုးနေသည့်တောင်သူများအား သွင်းအားစုပစ္စည်းများပေးအပ်ပွဲကို ဧပြီ ၉ ရက်က အဆိုပါ ကျေးရွာများ၌ ကျင်းပခဲ့သည်။

အဆိုပါ သွင်းအားစုပစ္စည်းများပေးအပ်ပွဲတွင် နေပြည်တော်ကောင်စီဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းကဏ္ဍတာဝန်ခံဦးအေးမောင်စိန်၊ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ ညွှန်ကြားရေးမှူး (စိုက်ပညာ) ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှဝန်ထမ်းများနှင့် တောင်သူများတက်ရောက်ခဲ့ပြီး တောင်သူများအား သွင်းအားစု ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းမြေအသုံးချ၊ မျိုးစေ့၊ သီးနှံကာကွယ်ရေးဌာနခွဲများမှ ကျွမ်းကျင်ပညာရှင်များက ပဲတီစိမ်း GAP စိုက်ပျိုးရေးစနစ် အောင်မြင်စေရန်အတွက် တောင်သူများ လိုက်နာရမည့် နည်းပညာဆိုင်ရာ အချက်အလက်များကို ဆွေးနွေးပြောကြားပြီး တောင်သူများကလည်း သိရှိလိုသည်များ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - မောင်ကျော်ကြီး**



# ချင်းပြည်နယ် အခြေခံပညာစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲ ဖလမ်းမြို့၌ကျင်းပ

**ဖလမ်း ဧပြီ ၁၂**

ချင်းပြည်နယ်၏ ၂၀၁၈ ခုနှစ် အခြေခံပညာစာတတ်မြောက်ရေးလုပ်ငန်းဖွင့်ပွဲကို ဖလမ်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရှလွယ်ခန်းမ၌ ဧပြီ ၁၀ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် အခြေခံပညာစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုဗဟိုကော်မတီ နာယက၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့က အမှာစကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။



ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေရသည့် လူငယ်များနှင့် ကျောင်းနေအရွယ်လွန် သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းအရွယ်များအတွက် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းအစီအစဉ်နှင့် စဉ်ဆက်ပညာရေးလုပ်ငန်း အစီအစဉ်များကို ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် ကယားပြည်နယ် ပြည်နယ်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ ၂၀၁၇ ခုနှစ် မေလတွင် ရခိုင်ပြည်နယ် မြောက်ဦး၊ ကျောက်ဖြူနှင့် သံတွဲခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ ယခုနှစ် ဇန်နဝါရီလတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း ) ကျိုင်းတုံခရိုင်နှင့် မိုင်းဖြတ်ခရိုင်တို့တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ယခု ဧပြီလအတွင်း၌လည်း လူငယ်အားလုံးနှင့် အရွယ်ရောက်ပြီး စာမတတ်သည့် အမျိုးသားရော အမျိုးသမီးပါ အရေး၊ အဖတ်၊ အတွက်များ တတ်မြောက်စေရန် ရည်ရွယ်၍ ဖလမ်းမြို့နယ်နှင့် မင်းတပ်မြို့နယ်တို့တွင် စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ခြင်း ဖြစ်သည်။ ဖလမ်းမြို့နယ်တွင် စာတတ်မြောက်ရေးအတွက် သင်ယူရန် စာရင်းပေးသွင်းသူ ၈၆၁ ဦးအား စာသင်ဝိုင်း ၉၇ ဝိုင်း၊ မင်းတပ်မြို့နယ်တွင် သင်ယူရန်စာရင်းပေးသွင်းသူ ၁၉၆ ဦးအား စာသင်ဝိုင်း ၂၀ ဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်း၊ ဖလမ်းမြို့နယ်အတွင်း စာတတ်မြောက်ရေး သင်ကြားပေးရာတွင် ကလေးတက္ကသိုလ်မှ ကြီးကြပ်နှင့် နည်းပြ တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၂၀၄ ဦး တို့ကလည်းကောင်း၊ မင်းတပ်မြို့နယ်အတွင်း စာတတ်မြောက်ရေး သင်ကြားပေးရာတွင် ပခုက္ကူတက္ကသိုလ်မှ ကြီးကြပ်နှင့် နည်းပြအဖြစ် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၄၂ ဦးတို့ကလည်းကောင်း သင်ကြားပေးမည်ဖြစ်ကြောင်း သင်တန်းကာလမှာ ဧပြီ ၁၀ ရက်မှ စတင်ကာ ရက်ပေါင်း ၄၀ ကြာမြင့်မည်ဖြစ်သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်တွင် စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၈၈ ဒသမ ၅ ရှိပြီး စုစုပေါင်း လူဦးရေ ၂၄၆၅၆ ဦးတွင် ၂၁၄၃ ဦးသည် စာမတတ်သူများဖြစ်သည်။ မင်းတပ်မြို့နယ်တွင် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ ၆၉ ဒသမ ၁ ရာနှုန်းသာ ရှိပြီး စုစုပေါင်း လူဦးရေ ၂၃၆၁၀ ဦးတွင် ၇၂၉၈ ဦးသည် စာမတတ်သူများဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကလေးမြို့၌ မော်တော်ယာဉ်ဂိတ်လိုင်းများအား ဝန်ဆောင်မှုဆိုင်ရာများ အသိပညာပေး

**ကလေး ဧပြီ ၁၂**

မြန်မာ့နှစ်သစ်ကူး မဟာအတာသင်္ကြန်ပွဲတော်ကာလတွင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် ရည်ရွယ်၍ ကလေးမြို့ တပ်ဦးသီတာရပ်ကွက် ကားကြီးဝင်း ပင်မယာဉ်ရပ်နားစခန်းမှ မော်တော်ယာဉ်ဂိတ်လိုင်းများရှိ တာဝန်ရှိသူများနှင့် ခရီးသွားပြည်သူများအား ဝန်ဆောင်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းကို ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်၍ ဧပြီ ၁၀ ရက်က ပြုလုပ်ခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဒေါ်သန်းသန်းဝင်းက သင်္ကြန်ကာလ ရုံးပိတ်ရက်များအတွင်း ခရီးသွားပြည်သူများအနေဖြင့် မော်တော်ယာဉ်စီးနင်းခွင့် ကားလက်မှတ် ဝယ်ယူရာနှင့် ယာဉ်စီးနင်းလိုက်ပါရာတွင် ယာဉ်စီးနင်းခကို သတ်မှတ်နှုန်းထားထက် ပိုမိုတောင်းခံခြင်း၊ မူလဝယ်ယူထားသော ခုံနံပါတ်နှင့် စီးနင်းရာတွင် နေရာလွဲမှားနေခြင်း၊ သတ်မှတ်အရေအတွက်ထက် ခရီးသည်များ ပိုမိုတင်ဆောင်ခြင်း၊ ခရီးစဉ်ကို သတ်မှတ်အချိန်အတိုင်း ထွက်ခွာမှုမရှိခြင်း၊ ခရီးသည်အား သတ်မှတ်နေရာသို့ရောက်အောင် ပို့ဆောင်ပေးမှုမရှိခြင်း၊ အာမခံကတိကဝတ်အတိုင်း ဆောင်ရွက်မပေးခြင်း၊ လက်မှတ်ဝယ်ယူရာတွင် ကြော်ငြာထားသည့်နေ့ရက်၌ အမှန်တကယ် ဝယ်ယူရရှိမှု မရှိခြင်း စသည်တို့ကို ကြုံတွေ့ရပါက မိမိတို့ဌာနသို့ အသိပေးတိုင်ကြားနိုင်ကြောင်း စသည်တို့ကို ခရီးသွားပြည်သူများအား အသိပေးဟောပြောခဲ့သည်။

အဆိုပါ ဝန်ဆောင်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ သက်ဆိုင်ရာဌာနများဖြစ်သော မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီ၊ ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

**ချင်းတွင်းသား**

# မြိတ်မြို့တွင် တရားမဝင် ကာမစိတ်ကြွဆေး ရောင်းချနေသူတစ်ဦးကို ဖမ်းမိ

**မြိတ် ဧပြီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မဟာသင်္ကြန်ကာလအတွင်း တားမြစ်ဆေးဝါးများ၊ ကာမစိတ်ကြွဆေးဝါးများ၊ မှတ်ပုံတင်မဲ့ဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများရောင်းချခြင်း မရှိစေရေးအတွက် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှုကော်မတီနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ဆေးဆိုင်များနှင့် ကွမ်းယာဆိုင်များကို စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၀ ရက်တွင် မြိတ်တောင်နယ်မြေ ထားဝယ်ကမ်း (၁)ရပ်ကွက် အာယုလမ်းရှိ ကွမ်းယာဆိုင်တစ်ဆိုင်တွင် တားမြစ်ထားသော ကာမစိတ်ကြွဆေးများ ဖမ်းဆီးရမိခဲ့ကြောင်း မြိတ်မြို့မရဲတပ်ဖွဲ့စခန်းမှ သိရသည်။

ပူးပေါင်းအဖွဲ့က မြို့ပေါ်ရပ်ကွက်များရှိ ဆေးဆိုင်များနှင့် ကွမ်းယာဆိုင်များတွင် စစ်ဆေးဆောင်ရွက်နေစဉ် အာယုလမ်းရှိ မောင်တင်(ခ)နူအာလာမ်၏ ကွမ်းယာဆိုင်၌ တရားမဝင်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ တန်ဖိုးကျပ် ခုနစ်သောင်းခွဲကျော်ရှိ ကာမစိတ်ကြွဆေးများကိုတွေ့ရှိရ၍ သက်သေများရှေ့တွင် နယ်ထိန်းခေါင်းဆောင်က ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာ မောင်တင်(ခ)နူအာလာမ်အား မြိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



လှိုင်မြို့နယ် အမှတ် - ၃ ရပ်ကွက် ဓမ္မာရုံတွင် ပိတောက်ချောင်းနယ်မြေ စခန်းမှူးရဲအုပ်နေဝင်းက သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးအတွက် သတိပြုရမည့် အချက်များ၊ သက်ငယ်မုဒိမ်းနှင့် ကာမစိတ်ကြွဆေးများ သုံးစွဲမှုမရှိရေးအတွက် ဧပြီ ၁၁ ရက်က ပြည်သူများအား အသိပညာပေးဆွေးနွေးစဉ်။ မီးမီး (လှိုင်)

# မဂွေဇ-ခေါင်လန်ဖူးဒေသက အိပ်မက်လမ်းတစ်သွယ်

မြင့်စိုး(နတလ)



**ကျွန်တော်နှင့် အိပ်မက်တံတားများ**

ငယ်စဉ် ကိုးတန်း၊ ၁၀ တန်း ကျောင်းသားဘဝက 'အိပ်မက်တံတား'ဟုအမည်ရသော ရုပ်ရှင်ကားတစ်ကား ကြည့်ခဲ့ဖူးသည်။ အမှတ်မမှားဘူးဆိုပါလျှင် ဒါရိုက်တာ 'သမန်းကျားကိုမြင့်'ဟု ထင်ပါသည်။ သူကိုယ်တိုင်ပင်လျှင် ဂျပန်စစ်ဗိုလ်ပဲလား၊ ဒါမှမဟုတ် အင်္ဂလိပ်စစ်ဗိုလ်ပဲလားတော့မသိ၊ ဗိုလ်မိုးကောင်းအဖြစ် သရုပ်ဆောင်ခဲ့ပြီး မင်းသားဝင်းလှိုင်တို့က တော်လှန်ရေးရဲဘော်များ ဖြစ်ကြသည်။ သမန်းကျားအုပ်စုတစ်ဖွဲ့လုံးပါဝင်ခဲ့တာကိုလည်း အမှတ်ရမိသည်။ ဇန်တိုဝမ်ချူးဟု လူသိများခဲ့သော ဦးဝမ်ချူးကြီး၏ ထိုဇာတ်ကားထဲက သရုပ်ဆောင်နာမည်ကတော့ ဂေါ်လူဂန်း။ သည်လိုဟာတွေကို မှတ်မိနေသော်ငြားလည်း သူတို့ဇာတ်ကား၏ နာမည်ဖြစ်သော အိပ်မက်တံတားဆိုသည်မှာ ဘာကို ရည်ရွယ်၍ပေးထားသလဲဆိုတာကိုဖြင့် ကျွန်တော် မသိတော့ပြီ။ ဇာတ်လမ်းအရတော့ ထိုတံတားသည် သူတို့အားလုံးအတွက် အလွန် အရေးပါနေခဲ့ပါသည်။

ယခု လက်တွေ့ကျကျ တွေ့မြင်နေရသည့် အိပ်မက်တံတားများကတော့ မြန်မာပြည် အရပ်ရပ်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တာဝန်ယူ ဆောက်လုပ်ပေးနေသော တံတားများ ဖြစ်သည်။ ဒေသခံပြည်သူလူထုအဖို့ နှစ်ပေါင်းများစွာ အိပ်မက်ထဲမှာပဲ တွေ့မြင်နေရသော၊ အိပ်ရာကနိုးပြီး တမ်းတနေရသော တံတားများ ဖြစ်ကြသည်။ ဥပမာပြောရလျှင် ကျွန်တော့်ဇာတိမြေ ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့လေးဆီက ငဝန်မြစ်ကူး(လေးမျက်နှာ)တံတားသည် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကို ဆက်သွယ်ပေးမည့် ချင်းတွင်းမြစ်ကူးတံတား(ခန္တီး)သည်လည်းကောင်း၊ ချင်းတွင်းတံတား(ဟုမ္မလင်း) သည်လည်းကောင်း၊ ထိုမြို့ ထိုရွာ ထိုဒေသမှ တိုင်းရင်းသားအားလုံးအတွက် အိပ်မက်တံတားများ ဖြစ်နေကြပါလိမ့်မည်။ ထိုနည်းတူစွာပင် အခြားအခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှာလည်း တံတားဦးစီး၊ နတလ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့က တည်ဆောက်ပေးနေသည့် အိပ်မက်တံတား ကြီးငယ်များစွာတို့သည် ယခုအခါ လက်တွေ့ကျကျ၊ အရှင်လတ်လတ်ကြီးကို တွေ့ခွင့် မြင်ခွင့်ရအောင် ထည်ထည်ဝါဝါ ပေါ်ပေါက်လာခဲ့ကြပေပြီ။ ဥပမာ သံလွင်တံတား(မော်လမြိုင်)၊ ရောဝတီတံတား(ညောင်တုန်း) စသည် စသည်ဖြင့်။

**အိပ်မက်ထဲက မြို့ကလေးများ**

လွန်ခဲ့သော ၂၀၀၀ ပြည့်နှစ်လောက်ဆီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၊ ရေဖြူ၊ မေတ္တာ၊ တောင်သုံးလုံးဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများကို ရန်ကုန်မြို့သို့ လေ့လာရေးခရီးစဉ် ဖိတ်ကြားခေါ်ယူကာ လှည့်လည်ပြသပေးခဲ့သည်။ သူတို့အဖွဲ့နှင့်ပတ်သက်ပြီး ကျွန်တော် ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးသည်။ ဆောင်းပါးအမည်က 'မေတ္တာအရပ်ဆီမှလာသော' ဟူ၏။ ထိုဆောင်းပါးထဲမှာ သူ့မိဘတွေက သားယောကျ်ားလေးတစ်ယောက် ရလာမလားရယ်လို့ ကလေးတစ်ယောက်ပြီးတစ်ယောက် မွေးရင်း မွေးရင်း မွေးချင်းညီအစ်မ ၁၃ ယောက်အထိ ရှိသွားရသော ကရင်တိုင်းရင်းသူကလေး နော်ဆားရင်းဒါး(ရ်)၏ မိသားစုအကြောင်း၊ အရပ်သုံးပေခွဲကျော်ကျော်သာ မြင့်သည့် ဂစ်တာတီးပြီး သီချင်းဆိုကောင်းသော ကရင်တိုင်းရင်းသားလေး စောအယ်ကလူဝါး၏အကြောင်း၊ အသက် ၇၀ ကျော်မှ ရွှေတိဂုံစေတီတော်ကို ဖူးမြော်ခွင့်ရသဖြင့် အလွန်ပင် ဝမ်းမြောက်ပျော်ရွှင်နေသူ မောတောင်ဒေသဘက်က အဘဦးထွန်းစိန်၏ အကြောင်းများကို ကျွန်တော် ရေးဖြစ်ခဲ့သည်။ သည်အထဲမှာ မေတ္တာရွာသူ ရွာသားအများစု၏ ရင်တွင်းဖြစ် ဆန္ဒတစ်ခုမှာ သူတို့၏ မေတ္တာရွာလေးကို မေတ္တာမြို့အဖြစ် အလွန်ပင် မြင်ချင်တွေ့ချင်နေသော စိတ်ဆန္ဒများ ဖြစ်ကြ၏။ ယနေ့အချိန်မှာတော့ တစ်ချိန်တုန်းက အိပ်မက်မြို့ကလေး မေတ္တာသည် တနင်္သာရီတိုင်းဒေသကြီးထဲက မြို့တစ်မြို့ ဖြစ်ခဲ့ပါပြီ။ အလားတူ နယ်စွန်နယ်ဖျား နယ်စပ်ဒေသအသီးသီးက ရွာကြီးများသည်လည်း မြို့ပြအဆင့်ကို ကူးပြောင်းခဲ့ပြီး မြို့နယ်ဘဝကိုတောင် ရောက်ခဲ့သည့်မြို့တွေက ရောက်ခဲ့ကြပြီ။

> **“မဂွေဇမှ ၁၁ မိုင် ၂ ဖာလုံ အကွာအဝေးရှိ ရှရူထီဘိုတဲလေးအနီးက ဈေးဆိုင်ကလေး၏ ခေါင်းရင်းမှာ အလျားခြောက်ပေ၊ အနံလေးပေခန့်ရှိ ကျောက်တုံးလေးတစ်တုံးကို တွေ့ရပါလိမ့်မည်။ ထိုကျောက်တုံးလေးပေါ်၌ လွန်ခဲ့သော ရှစ်နှစ်၊ ကိုးနှစ်ခန့်က ဝန်ထမ်းအမျိုးသမီးလေးတစ်ဦး သံချောင်းလေးဖြင့်ခြစ်၍ ရေးသားခဲ့သော စာလေးတစ်ကြောင်း ယခုအထိ ရှိနေပါသည်။ သူရေးထားသည်မှာ 'နိုင်ငံတော်က ငါ့ချွေးစက်များကို တွေ့မြင်သိရှိနိုင်ပါစေသား'တဲ့လေ”**

**ပူတာအို၊ ခေါင်လန်ဖူးဒေသက ယခင်လမ်းအခြေအနေ**

ပူတာအိုမှတစ်ဆင့် သွားရသော နောင်မွန်း၊ ပန်နန်းဒင်နှင့် ခေါင်လန်ဖူးဒေသများသည် ရှေးယခင်ကတည်းက လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများ ဖြစ်ခဲ့ကြသည်။ နောင်မွန်းနှင့် ပန်နန်းဒင်ဒေသများအကြောင်း ကျွန်တော် ရေးသားတင်ပြခဲ့ပြီးဖြစ်၍ ခေါင်လန်ဖူးဒေသ၏ လမ်းကြောင်းအခြေအနေကိုသာ ပြောပြချင်ပါသည်။ ပူတာအိုမှ နောင်မွန်းသို့သွားသော ကားလမ်းဘေးတွင် 'မဂွေဇ'ဟုခေါ်သော ရွာဟောင်းလေးတစ်ရွာရှိသည်(ယခုတော့ ထိုရွာလေးသည် ရပ်ဘော့နှင့် နောင်မွန်းမြို့သို့ ပြောင်းရွှေ့သွားကြပြီဖြစ်ကြောင်းသိရ၏)။ အဆိုပါ မဂွေဇရွာလေးကိုရောက်သည်နှင့် ကဆန်ခချောင်းကူး ကြိုးတံတားလေးကိုဖြတ်ကာ ခေါင်လန်ဖူးဘက်သို့ လမ်းလျှောက်ခြင်းလုပ်ငန်း အစပြုရပါတော့မည်။ ပူတာအိုမှ မချမ်းဘောမြို့ကို ဖြတ်ပြီး မဂွေဇအထိက ၆၅ မိုင်၊ မဂွေဇမှ ခေါင်လန်ဖူးအထိက ၆၅ မိုင်ဆိုတော့ကာ စုစုပေါင်း မိုင် ၁၃၀ ကို ၁၈ ရက်ခန့် ခြေကျင်၊ လား၊ မြင်းတို့ဖြင့် သွားလာခဲ့ကြရသည်။ ရိက္ခာတွေ ထမ်းပိုးသယ်ယူခဲ့ရသည်။ မိသားစုတွေစားဖို့ ရိက္ခာဆန်များကို သယ်ယူလာကြ၊ ပါလာတာကို လေး၊ ငါးရက်ခန့် ဝိုင်းစားကြ၊ ပြီးလျှင် နောက်တစ်ခါ ရိက္ခာသွားသယ်ဖို့ ထွက်သွားကြ ဆိုတော့ကာ၊ သူတို့ဘဝသည် စားနပ်ရိက္ခာအတွက် လမ်းလျှောက်ရင်းဘဝကို ရှင်သန်နေထိုင်ကြရသူများ ဖြစ်နေပေတော့သည်။ ထိုအချိန်က ထိုခရီးလမ်းကို ပြေပြေပြစ်ပြစ် သက်သောင့်သက်သာ သွားလာခဲ့ကြရသည်ဆိုပါလျှင် ဒီအကြောင်းတွေကို ကျွန်တော် စာဖွဲ့ဖြစ်မည်မဟုတ်ပါ။ ၂၀၁၀ ပြည့်နှစ်လောက်ရောက်မှ ပူတာအိုမှ နောင်မွန်း၊ ပန်နန်းဒင်ဘက်သို့ ကားလမ်းပေါက်ခဲ့ခြင်းဖြစ်သည်။ ဒါကလည်း တံတားတွေမပြီးသေး၍ မိုးတွင်းမသွားနိုင်ဘဲ နွေရာသီ၌သာ ကားအသွားအလာ ရှိခဲ့သည်။ သည့်အတွက် မိုးတွင်းဆိုလျှင်တော့ ပူတာအို-မဂွေဇလမ်းသည်လည်း ခြေကျင်ခရီးပဲပေါ့။ မဂွေဇ-ခေါင်လန်ဖူးလမ်း ၆၅ မိုင် ၄ ဖာလုံမှာလည်း ၂၀၁၀ ပြည့်နှစ်၌ မဂွေဇမှ ငါ့လုံဒမ်းဘက်သို့ တစ်ကြောင်းထိုးမြေလမ်း ဖောက်ခဲ့သည်။ ထုံးစံအတိုင်း မိုးတွင်းမှာ သွားလာ၍မရခဲ့ပေ။ ခြေကျင်၊ လား၊ မြင်း ခရီးများဖြင့် လျှောက်ရမြဲ လျှောက်လျက်သာ။ မဂွေဇမှ ဆန်းဝမ် ခြောက်မိုင်ခရီးလောက်ကိုသာ ဆိုင်ကယ်စီးနိုင်ခဲ့သည်ဟု ဆို၏။

**ပေ ၈၀၀၀ ကျော်မြင့်သည့် ဆန်းလွတ်ချက်တောင်**

မဂွေဇမှထွက်ပြီးလျှင် လမ်းမှာ တည်းလို့ခိုလို့ ခေတ္တနားနေလို့ ရအောင်အလို့ငှာ ဆန်းဝမ်၊ ရှရူထီ၊ ဒဟတ်၊ ငါ့လုံဒမ်း၊ ဇီဝဒမ်း၊ နဝမ်ကောင်၊ ရီဒမ်း၊ ထလားလော် စသည့်နေရာများ၌ ဘိုတဲလေးတွေ ရှိနေခြင်းကလည်း ခရီးသွားတွေကို ခေတ္တခဏ ချွေးသိပ်မှုပေးနိုင်၍ ကျေးဇူးတင်စရာပင်။ ၂၅ မိုင် ၄ ဖာလုံက ထွက်ပြီဆိုကတည်းက ပေ ၈၀၀၀ ကျော်မြင့်သည့် 'ဆန်းလွတ်ချက်' တောင်ထိပ်သို့ ၃၃ မိုင် ၄ ဖာလုံအထိ ခရီးက အတက်ကြမ်းလှသည်။ တစ်ဖန် ထိုတောင်ထိပ်ကို ရောက်ပြီးသကာလ နဝမ်ကောင်ကိုဖြတ်ပြီး ရီဒမ်းခရီး ၁၃ မိုင် ၄ ဖာလုံသည်ကား မေခမြစ်ရှိရာသို့ အဆင်းခရီး ဖြစ်လို့နေပြန်သည်။ အလျား ပေ ၃၆၀ ရှိ မေခမြစ်ကူး ကြိုးတံတားတစ်စင်းကိုတော့ ၂၀၀၈ ခုနှစ်က တည်ဆောက်ပေးခဲ့သည်။ ယင်းတံတား မေခမြစ်ကိုဖြတ်ကူးပြီး အရှေ့ဘက်ခြမ်းရှိ ခေါင်လန်ဖူးအထိ ၁၈ မိုင် ၄ ဖာလုံခရီး ဖြစ်ပါသည်။

ဆိုတော့ကာ မဂွေဇဘက်ကနေပဲ ဆန်းလွတ်ချက်တောင်ကို တက်သည်ဖြစ်စေ၊ မေခမြစ်မှပြန်၍ တက်သည်ဖြစ်စေ သည်တောင်တက်ခရီးသည် သူတို့ဘဝမှာ လူပင်ပန်း စိတ်ပင်ပန်းအဖြစ်ဆုံး ခရီးဖြစ်မည်ဟု ကျွန်တော် စိတ်မကောင်းစွာ ပြောလိုပါသည်။

**အမှတ်တရရေးခဲ့တဲ့ စာလေးများ**

မဂွေဇမှ ၁၁ မိုင် ၂ ဖာလုံ အကွာအဝေးရှိ ရှရူထီဘိုတဲလေးအနီးက ဈေးဆိုင်ကလေး၏ ခေါင်းရင်းမှာ အလျား ခြောက်ပေ၊ အနံ လေးပေခန့်ရှိ ကျောက်တုံးလေးတစ်တုံးကို တွေ့ရပါလိမ့်မည်။ ထိုကျောက်တုံးလေးပေါ်၌ လွန်ခဲ့သော ရှစ်နှစ်၊ ကိုးနှစ်ခန့်က ဝန်ထမ်းအမျိုးသမီးလေး တစ်ဦး သံချောင်းလေးဖြင့်ခြစ်၍ ရေးသားခဲ့သော စာလေးတစ်ကြောင်း ယခုအထိ ရှိနေပါသည်။ သူရေးထားသည်မှာ 'နိုင်ငံတော်က ငါ့ချွေးစက်များကို တွေ့မြင်သိရှိနိုင်ပါစေသား'တဲ့လေ။ ထိုစာကို သူရေးနေချိန်၌ ချွေးစက်ချွေးပေါက်များ တွဲခိုနေမည့် သူ့မျက်နှာကို ကျွန်တော် မှန်းဆမြင်ယောင်ကြည့်မိသည်။ ခေါင်လန်ဖူးမြို့မှနေ၍ မေခမြစ်ကို ကျော်၊ ဆန်းလွတ်ချက်တောင်ကြီးကိုဖြတ်၊ ထိုမှ ရှရူထီစခန်းအရောက် ဆိုလျှင်ပင် ၅၂ မိုင် ၂ ဖာလုံ ခရီးကို သူနှင်ခဲ့ပြီးပြီ။ ဝန်ထမ်းဘဝဖြင့် ခေါင်လန်ဖူးဒေသအပေါ် ထားရှိခဲ့သော သူ၏ စေတနာ၊ အနစ်နာနှင့် ထက်သန်သော ဇွဲ၊ လုံ့လတို့ကို သူ၏ စာကြောင်းလေးမှတစ်ဆင့် ကျွန်တော် ရှာဖွေတွေ့ရှိခဲ့သည်။

ယခုအခါ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာနက မဂွေဇ-ခေါင်လန်ဖူးကားလမ်း အရှည် ၆၅ မိုင် ၄ ဖာလုံကို တာဝန်ယူ ဖောက်လုပ်လျက်ရှိရာ မိုင်းခွဲဖယ်ရှား ရှင်းလင်းခဲ့ရသော ကျောက်တောင်၊ ကျောက်ကမ်းပါး နံရံများစွာတို့တွင် ယခင်ခရီးသွားတို့၏ အမှတ်တရ ရေးသားထားခဲ့ကြသော စာတန်းလေးတွေ များစွာ တွေ့ရှိခဲ့ကြရသည်ဆို၏။ ထိုကဲ့သို့ အမှတ်တရစာတန်းလေးတွေကို ရေးသားဖို့မေ့လျော့သွားလောက်အောင် ပူတာအိုမှ မဂွေဇ၊ မဂွေဇမှ ခေါင်လန်ဖူးအထိ ကားလမ်းကြီးက ကောင်းမွန်ပြီး အဆင်ပြေပြေ သွားနိုင်ကြပြီ ဆိုပါလျှင်...။ ။



(ဆက်လက်ဖော်ပြပါမည်)

# ပဲခူးရိုးမအတွင်း သစ်ခိုးထုတ်မှုကို ထိရောက်စွာအပြစ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်

**ပဲခူး မေ ၁၂**

ပဲခူးရိုးမအတွင်း တရားမဝင်သစ်ခိုးထုတ်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေမှုများအား ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေးအတွက် အစည်းအဝေးကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မေ ၉ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေနှင့် သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်း တို့က အမှာစကားပြောကြားခဲ့ပြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးက ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင်သစ်ခိုးထုတ်မှုများနှင့်ပတ်သက်၍ တားဆီးကာကွယ်နိုင်ရန် သစ်တောဦးစီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းက သစ်ခိုးထုတ်မှုများနှင့်ပတ်သက်၍ အဓိကအားဖြင့် တရားဝင် သစ်စက်များတွင် တရားမဝင် သစ်ဝယ်ယူမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်၊ ဒေသခံပြည်သူများအား သစ်တောဥပဒေများနှင့်ပတ်သက်၍ အသိပညာပေးရန်၊ သစ်ခုတ်ခြင်း၊ ထင်းခုတ်ခြင်းနှင့် မီးသွေးဖုတ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သည့် ဒေသများတွင် အခြားအလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ တရားမဝင်သစ်ဖမ်းဆီးရေးဂိတ်များ ဖွင့်လှစ်နိုင်ရေးအတွက် အသေးစိတ်စီမံချက်ကို တာဝန်ရှိသူများက ရေးဆွဲတင်ပြပေးရန်နှင့် တရားဥပဒေအရ ထိထိရောက်ရောက် ပြစ်ဒဏ်များချမှတ်ပေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း အကြံပြုဆွေးနွေးသည်။

ပဲခူးရိုးမအတွင်း တရားမဝင်သစ်ခိုးထုတ်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီတွင် ပါဝင်သည့် ဌာနဆိုင်ရာများအနေဖြင့် ယခုလိုဆောင်ရွက်နေခြင်းသည် အနာဂတ် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လုပ်နိုင်သည့်အချိန်အခါတွင် မလုပ်ခဲ့ပါက နောင်တစ်ချိန်ပိုမိုဆိုးရွားသည့် ရာသီဥတုကို ကြုံတွေ့ရမည်ဖြစ်၍ ကော်မတီဝင်များအနေဖြင့် ယခုအချိန်မှစပြီး ကော်မတီ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များတွင် ထိထိရောက်ရောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းလည်း အတွင်းရေးမှူးက ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသည့် တိုင်းဒေသကြီးဥပဒေရုံး၊ တိုင်းဒေသကြီး တရားရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ သစ်ထုတ်လုပ်ငန်းနှင့် တိုင်းရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို အကြံပြုဆွေးနွေး တင်ပြခဲ့ကြသည်။

တရားမဝင်သစ်ခိုးထုတ်မှုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ကာကွယ်တားဆီးရေး ကြီးကြပ်မှုကော်မတီသည် ပဲခူးရိုးမအတွင်းရှိ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ရေရှည်တည်တံ့စေရန်နှင့် သစ်တောထွက်ပစ္စည်းများအား စနစ်တကျထုတ်ယူအသုံးပြုနိုင်ရန်၊ နည်းမျိုးစုံဖြင့် အဖိုးတန်သစ်နှင့် သစ်တောထွက်ပစ္စည်းများ တရားမဝင် ခိုးထုတ်မှုများကို ထိရောက်စွာ ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု တားဆီးကာကွယ်နိုင်ရန်တို့ကို ဆောင်ရွက်မည်ဖြစ်ပြီး ကော်မတီအဖွဲ့တွင် ဥပဒေနှင့် တရားရေးဌာနများ ပါဝင်လာသဖြင့် ထိရောက်သော ပြစ်မှု၊ ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင် သစ်ဖမ်းဆီးနိုင်ခဲ့မှုမှာ ကျွန်း ၂၂၆၆ ဒသမ ၅၂၈ တန်၊ သစ်မာ ၁၆၁၅ ဒသမ ၆၉၉၅ တန်၊ အခြားသစ် ၁၃၃၁ ဒသမ ၃၂၀၇ တန်တို့ဖြစ်ပြီး သစ်များနှင့်အတူ ယာဉ်မျိုးစုံ ၄၅၈ စီးနှင့် တရားခံ ၆၅၂ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မတ်လအတွင်း ပြည်ပသို့သွားရောက်လုပ်ကိုင်သူ ၁၇၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ် ၁၅၀၀၀ ကျော် ခန့်ထားနိုင်ခဲ့

**နေပြည်တော် မေ ၁၂**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူတိုင်း တစ်ဦးချင်း ဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန် ပြည်ပသို့တရားဝင် အလုပ်သမားစေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အလုပ်သမားများအနေဖြင့် ပြည်တွင်းနှင့် ပြည်ပတွင် သင့်တော် ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန်အတွက် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် အွန်လိုင်းအသုံးပြု ဆောင်ရွက်ပေးခြင်းတို့ကိုလည်း လုပ်ဆောင်လျက်ရှိရာ ပြီးခဲ့သည့် မတ်လအတွင်း ပြည်ပသို့ သွားရောက်လုပ်ကိုင်သူ ၁၇၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၅၀၀၀ ကျော်အတွက် အလုပ်သမားများ ရှာဖွေခန့်ထားပေးနိုင်ခဲ့ကြောင်း သိရသည်။

မတ်လအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ခန့်ထားပေးနိုင်ခဲ့မှုအခြေအနေမှာ ပြည်ထောင်စုနယ်မြေတွင် အစိုးရအလုပ် ၅၉ ဦးနှင့် ပုဂ္ဂလိကအလုပ် ၈၁ ဦး စုစုပေါင်း ၁၃၉ ဦးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၁၁၂၀၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၂၃ ဦး၊ ပဲခူးတိုင်းဒေသကြီးတွင် ၅၃၇ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၆၆၀၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၇၀၅ ဦး၊ မကွေးတိုင်းဒေသကြီးတွင် ၃၄၅ ဦး၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၂၅၃ ဦး၊ ကချင်ပြည်နယ်တွင် ၂၁၈ ဦး၊ ကယားပြည်နယ်တွင် လေးဦး၊ ကရင်ပြည်နယ်တွင် ၁၉၀ ဦး၊ မွန်ပြည်နယ်တွင် ၁၅၈ ဦး၊ ရခိုင်ပြည်နယ်တွင် ၉၆ ဦး၊ ရှမ်းပြည်နယ်တွင် ၂၆၈ ဦးတို့ ဖြစ်သည်။ အလုပ်အကိုင်ရှာဖွေပေးနိုင်မှု ၁၅၀၀၃ ဦးအနက် အစိုးရအလုပ်အကိုင်နေရာအတွက် ရှာဖွေပေးနိုင်မှုမှာ ၇၄၃ ဦးရှိပြီး ပုဂ္ဂလိကအလုပ်အတွက် ၁၄၂၀၆ ဦးရှိကြောင်း၊ အလုပ်အကိုင်များ ရှာဖွေပေးရာတွင် မတ်လအတွင်း ချင်းပြည်နယ်မှအပ တိုင်းဒေသကြီးနှင့် ကျန်ပြည်နယ်အားလုံးတွင် အလုပ်နေရာများ ရှာဖွေခန့်ထားပေးနိုင်ခဲ့ပြီး ချင်းပြည်နယ်တွင် ခန့်အပ်နိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

မတ်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့မှု အခြေအနေမှာ မလေးရှားနိုင်ငံသို့ ၁၀၁၀၊ စင်ကာပူနိုင်ငံသို့ ၁၄ ဦး၊ ကိုရီးယားနိုင်ငံသို့ ၇၁၃ ဦး၊ ထိုင်းနိုင်ငံသို့ ၁၅၈၈၀ ဦး၊ ဂျပန်နိုင်ငံသို့ ၁၃၆ ဦး၊ ယူအေအီးသို့ ၅၆ ဦး၊ ဂျော်ဒန်နိုင်ငံသို့ ၃၅ ဦးနှင့် ကာတာနိုင်ငံသို့ ၁၄ ဦး စုစုပေါင်း ၁၇၈၅၉ ဦးဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

# ဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများအား ကယားပြည်နယ်ဝန်ကြီးချုပ် လက်ခံတွေ့ဆုံ

**လွိုင်ကော် မေ ၁၂**

စပါးပေါ်ချိန်တွင် စျေးကွက်ပေါက်စျေးသည် အခြေခံစျေးနှုန်းအထက်တွင် ဖြစ်ပေါ်စေရေးအတွက် ကြိုတင်ဆောင်ရွက်ထားသင့်သည့်လုပ်ငန်းများကို ဖော်ထုတ်ထားရန်နှင့် ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျ ဆောင်ရွက်ထားနိုင်ရန်၊ စျေးကွက်ပေါက်စျေးသည် အခြေခံစျေးနှုန်းအောက်သို့ ရောက်ရှိဖြစ်ပေါ်သော အခြေအနေကို ကြုံတွေ့ရပါက အခြေခံစျေးနှုန်းဖြင့် စပါးဝယ်ယူရေးကို တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ ဆောင်ရွက်ရန်အတွက် စသည်တို့ကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရ တာဝန်ရှိသူများနှင့် မေ ၁၁ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။



ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူများက အခြေခံရည်ညွှန်းစပါးစျေးနှုန်း သတ်မှတ်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကြံပြုချက်များကို ဆွေးနွေးတင်ပြပြီး စပါးအခြောက်ခံစက်များ အရစ်ကျရောင်းချပေးနေသည့် အခြေအနေများ၊ SME ချေးငွေရရှိစေရေးအတွက် ဆောင်ရွက်ပေးနေမှု၊ မြန်မာတစ်နိုင်ငံလုံးရှိ ၃၃ နေရာတွင် Agriculture Service Center (ASC) များ ဆောင်ရွက်ရန် ဖော်ဆောင်နေသည့် အခြေအနေနှင့် ကယားပြည်နယ်အတွင်း လျာထားသည့် နေရာသုံးခုအကြောင်းတို့ကို ဆွေးနွေးတင်ပြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အတွင်း တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းနေမှုအခြေအနေ၊ ပြည်နယ်အဆင့် စပါး၊ ဆန်ဝယ်ယူရေး ကြီးကြပ်မှုလုပ်ငန်းအဖွဲ့ဖွဲ့စည်းထားရှိမှု အခြေအနေ၊ ပြည်နယ်အဆင့်နှင့်လျော်ညီသော ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကိုသာ အကြံပြုဆောင်ရွက်ပေးသွားရန်လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ကယားပြည်နယ်အတွင်းမှ ဒေသခံတောင်သူများအတွက် မျိုးကောင်းမျိုးသန့်များ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် စိုက်ပျိုးရေးသုတေသနက ဖော်ဆောင်ပေးနိုင်ရန်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်မှလည်း ကူညီဖော်ဆောင်နိုင်ရေး၊ ကယားပြည်နယ်အတွင်း မျိုးသန့်များ လုံလောက်စွာထုတ်လုပ်နိုင်ရေးနှင့် တန်းမြင့်ဆန်ထုပ်ပိုးမှုများ ဆောင်ရွက်နိုင်ရေးအတွက် ဘတ်ဂျက်တွင် လျာထားဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပေးမည့်အစီအမံများကို တင်ပြဆောင်ရွက်သွားကြရန် စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# သင်္ကြန်ကာလအတွင်း လှော်ကားသဘာဝဥယျာဉ်ကို ပိတ်ရက်မရှိ ဖွင့်ထားမည်




**နေပြည်တော် မေ ၁၂**

မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက် ရန်ကုန်မြို့ရှိ လှော်ကားသဘာဝဥယျာဉ်ကို ပုံမှန်ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း လှော်ကားသဘာဝဥယျာဉ် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

လှော်ကားသဘာဝဥယျာဉ်အတွင်း ဝင်ကြေးမှာ သင်္ကြန်ကာလတွင်လည်း ယခင်ပုံမှန်စျေးနှုန်းအတိုင်း လူကြီးတစ်ဦး ငွေကျပ် ၁၀၀၀၊ ကလေးတစ်ဦး ငွေကျပ် ၅၀၀ ဖြင့်သာ ဖွင့်လှစ်ထားမည်ဖြစ်ပြီး မိသားစုလိုက် ဆင်စီးခြင်း၊ အပန်းဖြေခြင်းများလည်း ပြုလုပ်နိုင်ကြောင်း သိရသည်။

"မဟာသင်္ကြန်ကာလအတွင်းမှာ စိတ်အပန်းဖြေလိုကြတဲ့ မိသားစုများ၊ ကျောင်းသား ကျောင်းသူများ သဘာဝ အရသာကို ခံစားနိုင်ဖို့ စီစဉ်ထားပါတယ်၊ ဆင်စီးခြင်း၊ အပန်းဖြေဘန်ဂလိုများတွင် မိသားစုလိုက်အနားယူခြင်းတွေအပြင် ဥယျာဉ်အနေဖြင့်လည်း သင်္ကြန်ကာလ စတုဒိသာကျွေးမွေးခြင်းနဲ့ ဇီဝိတဒါန ငါးလွှတ်ပွဲကိုလည်း စီစဉ်ထားပါတယ်"ဟု လှော်ကားသဘာဝဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးဆန်းဝင်းအောင်က ပြောသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ဇော်ဘီ**

## မှုခင်းသတင်းတိုများ

### ကျွန်းလှ၌တရားမဝင်သယ်လာသောနွားထီးအကောင် ၂၀ ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့အဝင် ဘီးခွန်ကောက်ခံရေးဂိတ်တွင် ၁၂ ဘီးကားဖြင့် တရားမဝင်သယ်ဆောင်လာသော နွားထီးအကောင် ၂၀ ကို မေ ၁ ရက်က ဖမ်းဆီးရမိကြောင်း သိရသည်။ ကျွန်းလှမြို့နယ် ရဲတပ်မှူးရဲမှူးဌေးအောင်ကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးအောင်မိုးခိုင်နှင့် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က စောင့်ဆိုင်းရှာဖွေစဉ် ယာဉ်မောင်းဇော်လွင်မောင်းနှင်လာသည့် ၁၂ ဘီးကားပေါ်မှ ငွေကျပ် ၁၃၅ သိန်းတန်ဖိုးရှိ နွားထီးအကောင် ၂၀ ကို ဖမ်းမိခဲ့ခြင်းဖြစ်ပြီး ဇော်လွင်နှင့်အတူ ယာဉ်ပေါ်ပါသူ ဆန်းမောင်နှင့် မောင်မောင် တို့အား အမှုဖွင့်ထားကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

### တိုက်ကြီးတိုးဂိတ်၌ပူးပေါင်းအဖွဲ့က မူးယစ်ဆေးဝါးများ ဖမ်းမိ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့တိုးဂိတ်၌ မူးယစ်ဆေးဝါး သုံးစွဲထားသူတစ်ဦးအား ဆေးပြားများနှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းလတ်နှင့် ရဲတပ်ဖွဲ့ဝင်များက အဆိုပါတိုးဂိတ်၌ ရန်ကုန်မြို့သို့ ယာဉ်ဝင် ယာဉ်ထွက်ကို စစ်ဆေးရှာဖွေစဉ်ထွက် ယာဉ်မောင်း လှကြည် မောင်းနှင်လာသည့် ဆူဇူကီးခဲရောင်ယာဉ်ပေါ်မှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွဆေးပြား ၆၂ ပြား စိတ်ကြွရူးသွပ်ဆေး တစ်ပြားနှင့် မူးယစ်ဆေးဝါးအသုံးပြုသည့် ပစ္စည်းများကို ဖမ်းမိခဲ့၍ ၎င်းအား တိုက်ကြီး မြို့မရဲစခန်း၌ အမှု ဖွင့်ထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

### ကသာမြို့နယ်၌ ဘိန်းဖြူမှုန့် ၂၂၀ ဂရမ် ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဘိန်းဖြူမှုန့်များ လျှို့ဝှက်သယ်ဆောင်လာသည့် ဆိုင်ကယ်တစ်စီးကို မေ ၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြင့်နိုင်ဦးနှင့် ကသာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က သတင်းအရ ကသာမြို့နယ် လမ်းခွကျေးရွာအုပ်စု ပင်းမလွတ်ကျေးရွာအနီး ကသာ-နဘား မီးရထားသံလမ်းကူးတွင် စောင့်ဆိုင်းနေစဉ် ကသာမြို့ဘက်မှ အင်းတော်မြို့ဘက်သို့ ကားလမ်းအတိုင်း အောင်ဇော်မိုး မောင်းနှင်ပြီး သိန်းထွန်း စီးနင်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ လျှို့ဝှက်သယ်ဆောင်လာသည့် ဆပ်ပြာခွက် ၂၂ ခွက်ဖြင့် ထည့်ထားသော ဘိန်းဖြူအလေးချိန် ၂၂၀ ဂရမ်ကို ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပင်လည်ဘူးမြို့နယ် ချင်းကုန်းကျေးရွာနေ အောင်ဇော်မိုးနှင့် သိန်းထွန်းတို့နှစ်ဦးအား ကသာမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

### ဗန်းမောက်မြို့နယ်၌ တမလန်းသစ်ခွားရှေတုံးများ ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံလူးကျေးရွာအနီးတွင် ရပ်ထားသည့် ကားတစ်စီးပေါ်မှ တန်ဖိုးငွေကျပ်၃၄ သိန်းကျော်ရှိ တရားမဝင်တမလန်းသစ် ခွားရှေတုံး အတုံး ၄၀ ကို မေ ၇ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ မံလူးကျေးရွာအနီး တောအတွင်း၌ တရားမဝင် တမလန်းသစ်များ တင်ဆောင်ထားသောယာဉ်တစ်စီး ရပ်ထားကြောင်း တာဝန်သိဒေသခံများ၏ သတင်းပေးမှုကြောင့် ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်မင်း ခေါင်းဆောင်သော သစ်တောဝန်ထမ်းများက သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့်အတူ သွားရောက်ရှာဖွေဖမ်းဆီးရာ အဆိုပါယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ် ခွားရှေတုံး အတုံး ၄၀( အလေးချိန် ၈ ဒသမ ၇၀၂၈ တန်)ကို ဖမ်းမိခဲ့ခြင်းဖြစ်ကာ ဖြစ်စဉ်နှင့်ပတ်သက်၍ အဆိုပါယာဉ်ကို မောင်းနှင်သူ မြင့်အောင်အား ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

### မိုးကောင်းမြို့နယ်၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာတွင် လမ်းလျှောက်လာသူတစ်ဦးအား ရှာဖွေစစ်ဆေးရာမှ ငွေကျပ် ၃၈၆ သိန်းခန့်တန်ဖိုးရှိ ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ မေ ၁၀ ရက်က ဖမ်းမိကြောင်း သိရသည်။ မူးယစ်ဆေးဝါးသတင်းအရ ကချင်ပြည်နယ်မှုခင်းနှိမ်နင်းရေး အကူဌာနစိတ်မှ ရဲအုပ်အောင်ကျော်ဦးနှင့် ပူးပေါင်းအဖွဲ့က စောင့်ဆိုင်းနေစဉ် လမ်းလျှောက်လာသူ ကျော်ဝင်း(၄၇ နှစ်)အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ ဘိန်းဖြူမှုန့်ဆပ်ပြာခွက် ၁၇ ခွက်(အလေးချိန် ၁၇၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ တို့ကို ဖမ်းမိခဲ့ခြင်းဖြစ်၍ ၎င်းအား မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် စည်းကမ်းမဲ့ဆိုင်ကယ်များ၏ ဆူညံအိတ်ဇောပိုက်များကို ဖျက်ဆီး

**ကျောက်ပန်းတောင်း ဧပြီ ၁၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် မဟာသင်္ကြန်ကာလအတွင်း ပြည်သူများ စိတ်အေးချမ်းစွာ ပျော်ရွှင်နိုင်စေရေးနှင့် တရားဘာဝနာပွားများလိုသူများ စိတ်အနှောင့်အယှက်မဖြစ်စေရေးတို့အတွက် စည်းကမ်းမဲ့ အိတ်ဇောဖွင့်မောင်းသည့် ဆိုင်ကယ်များကို ဖမ်းဆီးခြင်းနှင့် အသံကျယ်သော အိတ်ဇောများတပ်ထားသည့် ဆိုင်ကယ်များမှ အိတ်ဇောပိုက်များ ဖျက်ဆီးခြင်းကို ဧပြီ ၁၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုတို့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမှတ်(၉၃) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်သျှန်အောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြန်မာနိုင်ငံ မှုခင်းသတင်းထောက်အဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ကျောက်ပန်းတောင်းမြို့ ဈေးပတ်ဝန်းကျင်ရှိ မော်တော်ဆိုင်ကယ်များအား စစ်ဆေးခြင်း၊ ရန်ကုန်-ပြည်-မန္တလေး လမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာမှ ဆိုင်ကယ်ပြုပြင်သည့်ဆိုင်များတွင် အိတ်ဇောပြောင်းတပ်သည့် ဆိုင်ကယ်များကို ရှာဖွေဖမ်းဆီးခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို မြို့တစ်ပတ် ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်များမှ ဖမ်းဆီးဖြုတ်သိမ်းပြီးဖြစ်သော ပုံမှန်မဟုတ်သည့် ပါဝါပြောင်း၊ ဇောင်းပြောင်းနှင့် အသံကျယ်လောင်စေရန် တမင်လီုးဖြတ်ပြုပြင်ထားသည့် အိတ်ဇောပြောင်းများကို ကျောက်ပန်းတောင်းမြို့ လွတ်လပ်ရေးရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ရှေ့ ကားလမ်းဘေးတွင် လမ်းကြိတ်စက်ဖြင့် ကြိတ်ချေဖျက်ဆီးခဲ့ရာ ဖျက်ဆီးခဲ့သည့် အိတ်ဇောပြောင်းများမှာ စုစုပေါင်း ၂၀၀ ဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မဟာသင်္ကြန်ကာလမတိုင်မီ စည်းကမ်းပျက် မော်တော်ဆိုင်ကယ်များအား ဖမ်းဆီးခြင်းကို ဧပြီ ၁၀ ရက်က စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး စစ်ဆေးဆောင်ရွက်သည့် လမ်းတစ်လျှောက် တွေ့ရှိဖမ်းဆီးမိသည့် ဆိုင်ကယ် ၁၃ စီးရှိကြောင်း၊ ယင်းနေ့ ညဘက်တွင်လည်း ည ၈ နာရီမှစတင်၍ မဟာသင်္ကြန်ကာလအတွင်း စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးခြင်းနှင့်တုတ်၊ ဓား၊ လက်နက်များ စစ်ဆေးဖမ်းဆီးခြင်းများကို အဖွဲ့စုံပါဝင်သော လှည့်ကင်းစနစ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ **နေအောင်(ပြန်/ဆက်)**



# မိုးမိတ်မြို့နယ်တွင် ကျေးရွာချင်းဆက်လမ်း ဖွင့်ပွဲကျင်းပ

**မိုးမိတ် ဧပြီ ၁၂**

ရှမ်းပြည်မြောက်ပိုင်း မိုးမိတ်မြို့နယ်အတွင်းရှိ ရွှေဇာလီ-ညောင်နီ-စင့်ကင် ကျေးလက်ချင်းဆက်လမ်း ဖွင့်ပွဲကို ဧပြီ ၁၀ ရက်က ကျင်းပရာ ပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုဝန်ကြီး ဦးဆွေသိန်းက အမှာစကားပြောကြားခဲ့ပြီး ခရိုင်ကျေးလက်လမ်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်က ကျေးလက်လမ်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါလမ်းမှာ ရွှေဇာလီရွာ-ညောင်နီရွာနှင့် စင်ကင့်ရွာတို့ကို ဆက်သွယ်ပေးထားသော လမ်းဖြစ်ပြီး အရှည် ၁ ဒသမ ၀၄ မိုင်ရှိကာ အိမ်ခြေ ၆၃၀၊ လူဦးရေ ၂၆၄၂ ဦးတို့ မှီတင်းနေထိုင်လျက်ရှိသော အကျိုးပြုကျေးရွာလေးရွာအပြင် ပတ်ဝန်းကျင်ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၏ လူနေမှုကိုလည်း မြှင့်တင်ပေးနိုင်မည့် ကတ္တရာခင်းလမ်းဖြစ်သည်။ လမ်းသစ်ကို ဝန်ကြီးနှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မိုးမိတ်ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# သင်္ကြန်ကာလ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ဖဒို ဧပြီ ၁၂**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုမြို့၌ သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေးနှင့် မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှု ဖြစ်ပွားခြင်းမရှိစေရေး၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုများ လျော့နည်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေးအတွက် အသိပညာပေးဟောပြောပွဲကို ဘိုးပိုက်ဆံအမှတ် (၅) ရပ်ကွက်ရှိ နေ့ကလေးထိန်းကျောင်း၌ ဧပြီ ၁၀ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းက သက်ငယ်မုဒိမ်းမှုမဖြစ်စေရန် ကြိုတင်ကာကွယ်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုများကြောင့် နိုင်ငံတော်အတွက် လူငယ်များ၏လုပ်အားဆုံးရှုံးမှုများ ဖြစ်ပေါ်ပုံနှင့် ရာဇဝတ်မှုများဖြစ်ပွားခြင်းမှ ကာကွယ်ရေး၊ မှုခင်းအမျိုးအစားအလိုက် ပြစ်မှုနှင့် ပြစ်ဒဏ်များ စသည်တို့ကို ဟောပြောခဲ့သည်။ ထို့အပြင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆိုင်ကယ်၊ ကားများ မောင်းနှင်လျှင် သတ်မှတ်စည်းကမ်းနှင့်အညီ မောင်းနှင်လျက် လူ့အသက်တစ်ချောင်းကိုတန်ဖိုးထားကြရန်၊ လောင်းကစားမှုများပပျောက်ရေးတွင် ပြည်သူများလည်း ပါဝင်ပူးပေါင်းလုပ်ဆောင်ကြရန်တို့ကို ဗီဒီယိုပရိုဂျက်တာများဖြင့် အသေးစိတ် ရှင်းလင်းပြသဟောပြောခဲ့သည်။

ဖဒိုမြို့အုပ်ချုပ်ရေးမှူး ဦးသိန်းထိုက်အောင်ကလည်း မြို့ပေါ်တွင် ပတ်ဝန်းကျင်ဆူညံစေသည့် အသံချဲ့စက်၊ ဆောင်းဘောက်များဖွင့်သည့်အခါ အုပ်ချုပ်ရေးအဖွဲ့များထံ ကြိုတင်ခွင့်တောင်းခံပြီး ခွင့်ပြုချက်ရယူပြီးမှ ဖွင့်ကြရန် ဆွေးနွေးဟောပြောခဲ့ပြီး ဖဒိုမီးသတ်တာဝန်ခံ ဦးထွန်းထွန်းကလည်း မီးဘေးကြိုတင်ကာကွယ်နည်း၊ မီးသတ်ဆေးဘူးသုံးစွဲနည်းများကို ဟောပြောဆွေးနွေးခဲ့သည်။ ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **သိန်းအေး(ဖဒို)**



# ဖျာပုံမှ မန္တလေးသို့ တိုက်ရိုက်ကားခရီးစဉ်ပြေးဆွဲမှုကြောင့် ဘုရားဖူးနှင့် သင်္ကြန်ပွဲတော်ဆင်နွှဲရန် သွားရောက်သူများပြား

**ဖျာပုံ ဧပြီ ၁၂**

မဟာသင်္ကြန်ပွဲတော် မတိုင်မီရက်များအတွင်း ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့မှ ဈေးသူ ဈေးသားများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများသည် မန္တလေးမြို့တွင်ရှိသည့် သမိုင်းဝင်တန်ခိုးကြီးဘုရားများ ဖူးမြော်ရန်နှင့် မဟာသင်္ကြန်ပွဲတော်ဆင်နွှဲရာတွင် အထင်ကရရှိလှသည့် မန္တလေး မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်တွင် ပါဝင်ဆင်နွှဲနိုင်ရန်အတွက် သွားရောက်လည်ပတ်သူများပြားလျက်ရှိကြောင်း သိရသည်။



ဖျာပုံနှင့် မန္တလေး မိုင် ၄၀၀ ကျော်ကားလမ်းခရီးမှာ ယခင်က နှစ်ညအိပ်ခန့် သွားလာခဲ့ရသော်လည်း ယခုနှစ် မတ်လဆန်းမှစပြီး ရာဇာအောင်မော်တော်ယာဉ်လိုင်း စတင်ပြေးဆွဲပြီးနောက် ဖျာပုံမှ ညနေထွက်လျှင် နောက်နေ့မနက်စောစော မန္တလေးမြို့သို့ ရောက်နိုင်သည့် တစ်ညခရီးဖြင့် သွားလာနိုင်ပြီဖြစ်ရာ ထိုသို့ အချိန်တိုအတွင်း သွားလာနိုင်သောကြောင့် ဖျာပုံမှ မန္တလေးသို့ သွားရောက်လည်ပတ်သူ ပိုမိုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း မန္တလေးသို့သွားရောက်သူများနေ၍ ဖျာပုံ-မန္တလေး တိုက်ရိုက်ပြေးဆွဲသည့် ရာဇာအောင်မော်တော်ယာဉ် လက်မှတ်များကို ဧပြီ ၁၀ ရက်အထိ ကြိုတင်ဝယ်ယူမှုများ ရှိထားပြီးဖြစ်ကာ ရန်ကုန်မြို့မှတစ်ဆင့် မန္တလေးသို့ သွားရောက်နေသူများလည်း ရှိနေပြီဖြစ်ကြောင်း ရာဇာအောင်ယာဉ်လိုင်းတာဝန်ခံ ဦးမြင့်ဆွေ၏ ပြောကြားချက်အရ သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ပုလောမြို့နယ်အသင်းအား ပြည်သူများကြိုဆို

**ပုလော ဧပြီ ၁၂**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးစီးကျင်းပခဲ့သည့် အသက် ၂၄ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆု ဆွတ်ခူးရရှိခဲ့သော ပုလောမြို့နယ်အမျိုးသားဘော်လီဘောအသင်းမှ အားကစားသမားများအား ပုလောမြို့နယ် ပုလောတံတားထိပ်၌ ဒေသခံပြည်သူများ ဧပြီ ၁၀ ရက်က စည်ကားသိုက်မြိုက်စွာ ကြိုဆိုခဲ့ကြသည်။

ဘော်လီဘောပြိုင်ပွဲကို ထားဝယ်မြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး မြို့နယ် ၁၀ ခု ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက် ပုလောမြို့နယ်အသင်းက ပထမဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကာ ထားဝယ်မြို့မှ ပြန်လည်ရောက်ရှိလာသော အားကစားသမားများအား ပုလောမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ အားကစားဝါသနာရှင်များနှင့် ဒေသခံပြည်သူများက စည်ကားသိုက်မြိုက်စွာ ကြိုဆိုခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ပုလောမြို့နယ်က ပြိုင်ပွဲတွင် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် များစွာဝမ်းမြောက်ပီတိ ဖြစ်ရပြီး နောက်နောင်တွင် မြို့၏ဂုဏ်ကို ပိုမိုဆောင်ရွက်နိုင်သော အားကစားသမားများ ဖြစ်စေလိုကြောင်း၊ ပုလောမြို့နယ် စည်ပင်သာယာရေး ကော်မတီအနေဖြင့် အားကစားသမားများအား လိုအပ်သည့် ထောက်ပံ့မှုများကို ပေးနိုင်ရန်လည်း ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ကြိုဆိုဂုဏ်ပြုပွဲတွင် ပုလောမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်စိုးက ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးဆိုင်ရာ စောင့်ကြည့်ရေးကော်မတီနှင့် လူထုတွေ့ဆုံပွဲ ကျင်းပ

**ပုလော မေ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ ပြည်သူများ အနေဖြင့် တိုင်းဒေသကြီး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) အဖွဲ့အကြောင်း ပိုမို သိရှိနားလည်စေရန် ရည်ရွယ်၍ ပုလောမြို့ ကဒဲကျေးရွာအုပ်စု ပဝတ်ဖျားကျေးရွာ ခရစ်ယာန်အသင်းတော်ခန်းမ၌ ကော်မတီ နှင့် ဒေသခံလူထု တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၀ ရက်က ကျင်းပ ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်လင်းအောင်က မြန်မာနိုင်ငံတွင် တိုင်းရင်းသားအချင်း ချင်း ပဋိပက္ခဖြစ်ခဲ့ကြပြီး ငြိမ်းချမ်းမှုမရရှိခဲ့ကြောင်း၊ သမ္မတ ဦးသိန်းစိန် လက်ထက်တွင် ငြိမ်းချမ်းရေးလက်မှတ်များ စတင် ရေးထိုးခဲ့သောကြောင့် ငြိမ်းချမ်းရေး အသီးအပွင့်များကို စတင် ခံစားနေရပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဥက္ကဋ္ဌ-၁ ဖဒိုဘီးလယ်က ကော်မတီဖြစ်ပေါ်လာပုံနှင့် စာချုပ်ပါ အချက်အလက်များကို ရှင်းလင်းခဲ့ပြီး KNU မြိတ်-ထားဝယ်ခရိုင်ဥက္ကဋ္ဌ စောဆာပိတုက ဒေသတည်ငြိမ်အေးချမ်းမှ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် တိုင်းရင်းသား အားလုံး ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကော်မတီအဖွဲ့ဝင် စရောဝင်းက လည်း ယခင်က မငြိမ်းချမ်း၍ စိုးရိမ်ကြောင့်ကြခဲ့ရကြောင်း၊ ယခုအခါ NCA လက်မှတ်ရေးထိုးပြီး၍ ငြိမ်းချမ်းစွာနေထိုင်နိုင် ပြီဖြစ်ကြောင်း ပြောကြားပြီး ဒုတိယဗိုလ်မှူးကြီးအောင်မျိုးထွန်းက စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများက သိလိုသည်များကို မေးမြန်း ကြကာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် အမှတ်(၁၃) စစ် မြေပြင်ဆေးတပ်ရင်း နယ်လှည့်ဆေးကုသရေးအဖွဲ့တို့က ပဝတ် ဖျားကျေးရွာ မူလွန်ကျောင်း၌ အခြေပြု၍ ဒေသခံပြည်သူများ အား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး ခဲ့ကာ ဒေသခံပြည်သူ ၁၅၀ ကျော်အား စစ်ဆေးကုသပေးနိုင် ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရန် ငှက်မနားကိရိယာများတပ်ဆင်



**မြင်းခြံ မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်း စေပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ အဆင်ပြေစေရေးအတွက် ဓာတ်အား လိုင်းများတစ်လျှောက်တွင် ငှက်မနားကိရိယာများ တပ်ဆင်ခြင်းကို မြို့နယ်လျှပ်စစ် မန်နေဂျာ၏ ကြီးကြပ်မှုဖြင့် မေ ၁၀ ရက်က ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

အဆိုပါ ငှက်မနားကိရိယာများကို ၃၃/၁၁ ကေဗွီ ဓာတ်အားလိုင်းများတွင် တပ်ဆင်ခြင်းဖြစ်ပြီး ထိုငှက်မနားကိရိယာတွင် ဆုံလည်နှင့် ဒလက်လေးခု ပါဝင်ကာ ဒလက်များတွင် မှန်ချပ်လေးများပါသဖြင့် လာရောက်နားသော ငှက်များသည် မှန်ချပ် မှ ရောင်ပြန်ကြောင့် မျက်စိစူးကာ မနားတော့ခြင်းဖြစ်ကြောင်း သိရသည်။ မြင်းခြံ မြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဓာတ်အာလိုင်းများတွင် ငှက်မနားကိရိယာများ တပ်ဆင်ခြင်းကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်လွင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင် နီယာ ဦးစိုးဝင်းတို့က ကြီးကြပ်၍ ဝန်ထမ်းများက လိုက်လံတပ်ဆင်ခဲ့ကြောင်း သိရှိရ သည်။

ထိုငှက်မနားကိရိယာ တပ်ဆင်ခြင်းဖြင့် ဓာတ်ကြိုးပေါ်တွင် ငှက်နားခြင်းကြောင့် ဓာတ်ကြိုးပြတ်၍ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို လျော့နည်းစေပြီး လျှပ်စစ် ဓာတ်အားသုံးစွဲသူများ စိတ်ချမ်းသာ အဆင်ပြေစေနိုင်ရန် တပ်ဆင်ခြင်းဖြစ်ကြောင်း၊ ထိုငှက်မနားကိရိယာများကို ဌာန၏ ရန်ပုံငွေမှ ကျခံသုံးစွဲပြီး တပ်ဆင်ပေးခြင်းဖြစ် ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာက ရှင်းလင်းပြောကြားခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# နွေရာသီ ပန်းချီနှင့် ကြက်ခြေနီသင်တန်းများ ဖွင့်လှစ်မည်

**သုံးခွ မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်ကြက်ခြေနီအသင်းက စီစဉ်၍ နွေရာသီအခြေခံ ပန်းချီသင်တန်းနှင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းများကို သုံးခွမြို့ ၁ ရပ်ကွက်ရှိ မြို့နယ်ကြက်ခြေနီအသင်း သူနာပြုတပ်ဖွဲ့ရုံးခန်းတွင် မေ ၁၈ ရက်မှစ၍ အခမဲ့ ဖွင့်လှစ် သွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော ကျောင်းသား ကျောင်းသူ လူငယ်များ အနေဖြင့် စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

နွေရာသီ အခြေခံပန်းချီသင်တန်းကို မေ ၁၈ ရက်မှ မေ ၈ ရက်အထိ ဖွင့်လှစ်မည်ဖြစ် ပြီး ရှေးဦးပြုစုခြင်း အခြေခံသင်တန်းကို မေ ၁ ရက်မှ မေ ၅ ရက်အထိ သင်ကြားပေး မည်ဖြစ်ကြောင်း၊ သင်တန်းများသို့ အသက် ၁၀ နှစ်နှင့်အထက် မည်သူမဆိုတက်ရောက် နိုင်ကာ တက်ရောက်လိုသူများသည် မေ ၁၅ ရက် နောက်ဆုံးထား၍ မြို့နယ်ကြက်ခြေနီ အသင်း၌ လျှောက်လွှာများ သွားရောက်ထုတ်ယူပြီး စာရင်းပေးသွင်းနိုင်ကြောင်း၊ သင်တန်းများနှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းလိုပါက မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဦးဝင်းနိုင် ဖုန်း-၀၉-၄၂၁၁၀၉၇၀၀ နှင့် တပ်ခွဲမှူး ဦးမျိုးနိုင် ဖုန်း-၀၉-၉၇၆၅၉၀၀၂၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသင်းရုံးတာဝန်ရှိသူထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အငှားယာဉ်ပေါ်မေ့ကျန်ခဲ့သော အိုင်ဖုန်းကို ပြန်လည်ပေးအပ်

**ရန်ကုန် မေ ၁၂**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက်နေ အမျိုးသမီး အငှားယာဉ်မောင်း ဒေါ်စုမွန်ကျော်(ခ)ကျော်နှင်းဆီ မောင်းနှင်သည့် GG-1902 ဖီဒါ အငှားယာဉ်တွင် ခရီးသည်တစ်ဦး မေ့ကျန်ရစ်သည့် အိုင်ဖုန်းတစ်လုံးကို ယာဉ် မောင်းက ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရီးသည် မေ့ကျန်ခဲ့သည့်ဖုန်းကို တွေ့ရှိပြီးနောက် ယာဉ်မောင်း ဒေါ်စုမွန်ကျော်က အလုံမြို့နယ် စောရန်ပိုင်(တောင်) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ မေ ၉ ရက် ည ၈ နာရီခန့်တွင် သွားရောက်အပ်နှံခဲ့ကာ ထိုဖုန်းပိုင်ရှင်ထံသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်နှင့် အလုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနိုင်အောင်မိုးတို့၏ ရှေ့တွင် ပြန်လည် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖုန်းပိုင်ရှင်မှာ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေ ရပ်ကွက်နေ မဇာဇာစိုးဖြစ်ကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# ကိုယ်အင်္ဂါမသန်စွမ်းသူများ အသက်မွေးကျောင်းသင်တန်းတက်ခွင့် လျှောက်ထားနိုင်

**ရန်ကုန် မေ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်း ဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်)တွင် အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါ မသန်စွမ်းသူများအတွက် (၂၀၁၈-၂၀၁၉)ခုနှစ်၏ ပထမအပတ်စဉ်အဖြစ် တစ်နှစ်သင်တန်းဖြစ်သော အီလက်ထရွန်နစ်သင်တန်းနှင့် သုံးလသင်တန်းများဖြစ်ကြသော စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက် သင်တန်း၊ ဓာတ်ပုံ သင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို မေ ၁၄ ရက်၌ ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းများကို တက်ရောက်လိုသူများသည် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီး သင်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၇၉၇၀၂၁၊ ၀၉-၄၂၁၀၀၃၅၆၀ နှင့် ၀၉-၉၇၆၀၁၇၉၆၄ သို့ ဆက်သွယ်စုံစမ်း နိုင်ကြောင်း သိရသည်။

သင်တန်းတက်ရောက်ခွင့် ရသူများအား သင်တန်းတက်ရောက်နေစဉ် ကာလ အတွင်း သင်ထောက်ကူပစ္စည်းများ အခမဲ့ထုတ်ပေးမည့်အပြင် အဆောင်နေစားစရိတ် ငြိမ်းဖြစ်ပြီး လစဉ်ထောက်ပံ့ကြေးနှင့် နယ်မှလာရောက်သော သင်တန်းသားများ အတွက် အိမ်ပြန်ခရီးစရိတ်လည်း ထုတ်ပေးမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီးကုန်းမြို့တွင် သင်္ကြန်ကာလ မှုခင်းကျဆင်းရေးပညာပေး

**ဇီးကုန်း မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့တွင် မကြာမီရောက်ရှိတော့မည့် သင်္ကြန်ကာလတွင် ပြည်သူများ စိတ်အေးချမ်းသာစွာရေကစားနိုင်ရန် မှုခင်းများမဖြစ်ပွားစေရေးအတွက် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ရမ်းကားမှုများနှင့် စိတ်ကြွရူးသွပ်ဆေးဝါးနှင့် တရားမဝင်သယ်ဆောင်ရောင်းချမှုများ တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ် ပွားရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရန် အသိပညာပေးခြင်းတို့ကို မတ် ၁၈ ရက်မှ မေ ၄ ရက်အထိ မြို့ပေါ်နှင့် ကျေးလက်ဒေသများ၌ နေရာခွဲ၍ ပြုလုပ်ခဲ့ ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ထွန်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့မရဲစခန်း မှူး၊ ဒုရဲမှူးဝင်းနိုင်၊ ရဲအုပ်ဝေလွင်နှင့် ရဲတပ်ဖွဲ့ဝင် ၂၀ တို့သည် မီးကောက်ပင်ကျေးရွာ အုပ်စု ဒိုးနွယ်ကျေးရွာ မူလတန်းကျောင်း၌လည်းကောင်း၊ ဇီးကုန်းမြို့ သံပရာကုန်းလမ်း ဆုံ၊ သပြေစိန်ရွာလမ်းဆုံ၊ တာပွန်လမ်းဆုံ၊ မြို့မဈေးထိပ်နှင့် ရန်ကုန်-ပြည်လမ်း၊ မီးပွိုင့် နေရာတို့တွင် မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဟောပြော ခြင်း၊ ညအချိန်အရေးကြီးသည့်နေရာများ၌ အင်အားခွဲ၍ ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# သင်္ကြန်ကာလအတွင်း ကာမစိတ်ကြွဆေးနှင့် မူးယစ်ဆေးများရောင်းချခြင်းမရှိရန် ဆေးဆိုင်များကိုစစ်ဆေး




**ငါးသိုင်းချောင်း မေ ၁၂**

သင်္ကြန်ပွဲတော်ကာလများအတွင်း ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ရှိ အိမ်သုံးဆေးအရောင်းဆိုင်များ၌ ကာမစိတ်ကြွဆေးနှင့် မူးယစ်ဆေးများ ဖြန့်ဖြူးရောင်း ချမှုမရှိစေရေးအတွက် ရေကြည်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်အောင်၊ ငါးသိုင်းချောင်းနယ်မြေရဲတပ်ဖွဲ့စခန်းမှူးရဲအုပ်ကျော်စိန်လှိုင်နှင့် ရဲတပ်ဖွဲ့ ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ ငါးသိုင်းချောင်းမြို့ပြည်သူ့ဆေးရုံ၊ မြို့နယ် အုပ်ချုပ်ရေးမှူးရုံးနှင့် ဌာနဆိုင်ရာများ ပါဝင်သော ပူးပေါင်းအဖွဲ့ မေ ၁၀ ရက်က လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့တွင်းရှိ အိမ်သုံးဆေးအရောင်းဆိုင်များတွင် ကာမစိတ်ကြွဆေးများနှင့် မူးယစ် ဆေးဝါးများ စစ်ဆေးခြင်းနှင့်အတူ သက်တမ်းလွန်နှင့် လိုင်စင်မဲ့ဆေးဝါးများ၊ စပ်ဆေး များ ရောင်းချခြင်းမပြုရန်နှင့် ဆေးဝါးရောင်းချခွင့်လိုင်စင်များ စနစ်တကျရှိ မရှိကို လည်း စစ်ဆေးခဲ့ပြီး ဆေးဆိုင်ပိုင်ရှင်များအနေဖြင့်လည်း တားမြစ်ထားသည့် ဆေးဝါး များ မရောင်းချခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြရန် အသိပညာ ပေးမှုများ လှည့်လည်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# စည်ကုန်း-ညောင်ဝိုင်း ချောင်းကူးတံတားသစ်ဖွင့်

**ဟင်္သာတ မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံ ငွေနှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၁၄၆ သိန်းဖြင့် စုပေါင်းဆောက်လုပ်ခဲ့သည့် စည် ကုန်း-ညောင်ဝိုင်း တံတားသစ်ဖွင့်ပွဲကို မေ ၁၁ ရက်က ကျင်းပခဲ့ရာ အမျိုးသားလွှတ် တော်ကိုယ်စားလှယ်ဦးထိန်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန်းနိုင်တို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ သည်။ အဆိုပါတံတားသစ်မှာ အရှည် ၃၀ ပေ၊ အမြင့် ၁၅ ပေနှင့် အကျယ် ၁၁ ပေ ရှိ သံကူကွန်ကရစ် တံတားသစ်ဖြစ်ပြီး ပြီးခဲ့သည့် မိုးတွင်းကာလက ကျောင်းသား ကျောင်းသူ၊ ရဟန်းရှင်လူ ပြည်သူများမှာ ဝါးလုံးတံတားဖြင့် တံတားသစ်နေရာတွင် ဖြတ်သန်းသွားလာခဲ့ရပြီးနောက် ယခု တံတားသစ်ဖွင့်လှစ်နိုင်ခဲ့မှုကြောင့် ဒေသခံ ပြည်သူများအနေဖြင့် လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# တာချီလိတ်မဟာသင်္ကြန်ကို ယိမ်းပြိုင်ပွဲ၊ သင်္ကြန်မယ်ရွေးပွဲများဖြင့် စည်ကားစွာကျင်းပမည်

**တာချီလိတ် မေ ၁၂**

တာချီလိတ်မြို့တွင် ယခုနှစ် မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင် ရေးအတွက် ဌာနဆိုင်ရာများ၊ တပ်နယ်၊ ရပ်ကွက်များနှင့် လူမှုရေးအသင်းအဖွဲ့များက မဏ္ဍပ်များဆောက်လုပ်ကာ ယိမ်းပြိုင်ပွဲများ၊ သင်္ကြန်မယ် ရွေးချယ်ပြိုင်ပွဲ အစီအစဉ် များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တာချီလိတ်မြို့တွင် ဗဟိုမဏ္ဍပ်အပါအဝင် မဏ္ဍပ် ၁၀ ခုတည်ဆောက်ထားပြီး ဗဟိုမဏ္ဍပ်၌ သင်္ကြန်ယိမ်းအဖွဲ့ ၁၉ ဖွဲ့က ညစဉ်ယှဉ်ပြိုင်ကာ သင်္ကြန်နှင့်လိုက်ဖက်သည့် သင်္ကြန်အလှမယ်အဖြစ် ပြိုင်ပွဲဝင်အသင်းများမှ ယှဉ်ပြိုင်သူတစ်ဦးကို ရွေးချယ်မည် ဖြစ်ကြောင်း၊ သင်္ကြန်အကြိုနေ့ ညဘက်မှစတင်၍ ယိမ်းအဖွဲ့များက ညစဉ်ယှဉ်ပြိုင်မည် ဖြစ်ပြီး ပထမဆုရယိမ်းအဖွဲ့အား ငွေကျပ်ငါးသိန်း၊ ဒုတိယဆုရ ယိမ်းအဖွဲ့အား ငွေကျပ် လေးသိန်း၊ တတိယဆုရ ယိမ်းအဖွဲ့အား ငွေကျပ် သုံးသိန်းနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့တိုင်း အား ငွေကျပ်တစ်သိန်းစီကို သီးခြားချီးမြှင့်မည်ဖြစ်ကြောင်း၊ သင်္ကြန်မယ်ဆုရရှိသူအား ငွေကျပ် သုံးသိန်း ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တာချီလိတ်မဟာသင်္ကြန် ဗဟိုမဏ္ဍပ်တွင် သင်္ကြန်မယ်ရွေးချယ်မှု အစီ အစဉ်မှာ ယခုနှစ်သည် လေးကြိမ်မြောက်ရွေးချယ်ခြင်းဖြစ်ပြီး ကပြမှုကောင်းမွန်ခြင်း၊ သင်္ကြန်နှင့်လိုက်ဖက်သည့် ဝတ်စားဆင်ယင်မှု၊ ကိုယ်ခန္ဓာအချိုးကျမှု၊ မျက်နှာအမူအရာ ကောင်းမွန်မှု စသည့်အချက်များအပေါ်အခြေခံကာ ရွေးချယ်မည်ဖြစ်ကြောင်း သိရ သည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ပြင်ပလူနာဝန်ဆောင်မှုကို အဆင့်မြှင့်တင်ပြောင်းလဲခြင်း ဆောင်ရွက်မည်

**မြိတ် မေ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ လူမှုဖူလုံရေး စီမံကိန်း၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအနက် ပြင်ပလူနာ ဝန်ဆောင်မှုကို ပုဂ္ဂလိကနှင့် ပူးပေါင်း၍ Provider- Purchaser Split စနစ်ဖြင့် အဆင့်မြှင့်တင် ပြောင်းလဲခြင်းလုပ်ငန်းစဉ် ရှင်းလင်းပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

**ရှင်းလင်းဆွေးနွေး**

အခမ်းအနားတွင် လူမှုဖူလုံရေးရုံးချုပ် (နေပြည်တော်)မှ ဒုတိယညွှန်ကြားရေး မှူးချုပ် ဦးတင်ကိုကိုက လူမှုဖူလုံရေးစီမံကိန်း စတင်ပေါ်ပေါက်လာပုံ၊ ကျန်းမာရေး စောင့်ရှောက်မှုစနစ် အဆင့်မြှင့်တင်ပြောင်းလဲရန် လိုအပ်လာပုံနှင့်ပတ်သက်၍ ရှင်းလင်း ဆွေးနွေးခဲ့ပြီး လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် (နေပြည်တော်) ဆေးဌာနမှ ဒုတိယညွှန်ကြား ရေးမှူး ဒေါက်တာ လတ်လတ်ဝေက လူမှုဖူလုံရေးစီမံကိန်း၏ လက်ရှိအကောင်အထည် ဖော်ဆောင်ရွက်နေမှုများနှင့် စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျန်းမာ ရေးစောင့်ရှောက်မှုစနစ်တွင် ပြင်ပလူနာဝန်ဆောင်မှုအား ပုဂ္ဂလိကနှင့် ပူးပေါင်း၍ Provider- Purchaser Split စနစ်သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်အား ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ အဓိကရည်ရွယ်ချက်ကတော့ အာမခံအလုပ်သမားတွေကို ပိုပြီးတော့ ကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးချင်တယ်၊ စောင့်ရှောက် မှုပေးတဲ့နေရာမှာလည်း ကျွန်တော်တို့ရဲ့ လက်ရှိ လူမှုဖူလုံရေးဆေးရုံ/ဆေးခန်း တွေမှာ ဝန်ဆောင်မှုတွေ အကောင်းဆုံးပေးနေပေမယ့် ဆေးဘက်ဆိုင်ရာဝန်ထမ်း တွေရရှိဖို့ အခက်အခဲရှိနေတဲ့အတွက် ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုပေးဖို့ အခက် အခဲရှိနေပါတယ်၊ အဓိကကတော့ အာမခံအလုပ်သမားတွေအနေနဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို အလွယ်တကူရရှိစေချင်တဲ့အတွက် Provider- Purchaser Split စနစ်ကို မြို့ကြီးသုံးမြို့ဖြစ်တဲ့ မြစ်ကြီးနားမြို့ တောင်ကြီးမြို့နှင့် မြိတ်မြို့တို့မှာ Pilot စနစ်နဲ့ မေလမှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။

**တိုးချဲ့ဆောင်ရွက်**

"စာချုပ်ချုပ်မယ့် ပုဂ္ဂလိကဆေးရုံတွေမှာ မှတ်ပုံတင်ထားပေးတဲ့ အခမဲ့အလုပ် သမားတွေအနေနဲ့ ပြင်ပလူနာဝန်ဆောင်မှုကို ရယူနိုင်မှာဖြစ်ပါတယ်၊ လက်ရှိကတော့ ပြင်ပလူနာစနစ်ကိုသာ ပုဂ္ဂလိကနှင့်ပူးပေါင်းပြီး စတင်စမ်းသပ် အကောင်အထည် ဖော်မှာဖြစ်ပါတယ်၊ ဒုတိယအဆင့်အနေနဲ့ ဆေးရုံတက်ကုသခြင်းကို တိုးချဲ့ဆောင်ရွက် ပေးသွားမှာ ဖြစ်ပါတယ်" ဟု လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် (နေပြည်တော်) မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ကိုကို က ပြောသည်။

**မြင့်ဦး (မြိတ်)**



## အိမ်မှ ထွက်ပြေးလာသောမိန်းကလေးအား မိဘထံ ပြန်လည်အပ်နှံ

**သဃ်န်းကျွန်း မေ ၁၂**

ရထားရဲတပ်ဖွဲ့ အမှတ် ၁၂ တပ်ခွဲ သင်္ဃန်းကျွန်းရထားရဲစခန်းမှူး ရဲအုပ် ခင်မောင်သိန်း သည် အိမ်မှထွက်ပြေးလာသူ မိန်းကလေး အသက် ရှစ်နှစ်အား သင်္ဃန်းကျွန်းဘူတာ အမှတ် (၁) စကြံပလက်ဖောင်းလက်မှတ်ရုံ၌ မေ ၁၀ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် စစ်ဆေးတွေ့ရှိခဲ့သည်။ ၎င်းကို ညနေ ၄ နာရီ ၄၅ မိနစ်တွင် မိခင်ဖြစ်သူထံ သက်သေ များရှေ့တွင် လွှဲပြောင်းအပ်နှံပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

## စလင်း ကုသိနာရာမရွှေပြည်အေးဘုရားပွဲ စည်ကားစွာ ကျင်းပမည်

**စလင်း မေ ၁၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ နှစ်စဉ်ကျင်းပသော ကုသိနာရာမရွှေပြည်အေး ဘုရားပွဲတော်ကြီး အောင်မြင်စွာ ပြုလုပ်ကျင်းပနိုင်ရန်အတွက် မေ ၈ ရက်က ကုသိနာရာမရွှေပြည်အေးဘုရားကြီး အာရုံခံတန်ဆောင်းတော်ကြီး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နာယကဆရာတော်ကြီးများထံမှ သြဝါဒခံယူကြပြီး ဆက်လက်၍ ရွှေပြည်အေးဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးဟန်ချိုက ဘုရားပွဲတော် အောင်မြင် ဖြစ်မြောက်ရေးအတွက် လုပ်ငန်းအစီအစဉ်များကို လျှောက်ထားသည်။ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က စာရေးဆရာ သိပ္ပံမောင်ဝ၏ ခေတ်စမ်းစာပေထဲတွင် "အညာဘုရားပွဲ" ခေါင်းစဉ်ဖြင့် ရေးသားမှတ်တမ်းရှိပြီး တစ်မြို့နယ်လုံးနှင့် သက်ဆိုင် သော ဗုဒ္ဓပူဇနီယပွဲတော်ကြီးဖြစ်၍ ပွဲတော်စည်ကားသိုက်မြိုက် အေးချမ်းသာယာစွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် လျှောက်ထားသည်။

